unesco

# အွန်လိုင်းအမုန်းစကားကို တန်ပြန်ခြင်း

Iginio Gagliardone • Danit Gal • Thiago Alves • Gabriela Martinez

အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာ ယူနက်စကိုစာအုပ်တွဲ

# အွန်လိုင်းအမုန်းစကားကို တန်ပြန်ခြင်း

Iginio Gagliardone • Danit Gal • Thiago Alves • Gabriela Martinez

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မြန်မာစီမံချက်ရုံး (No. 8/C, General Aung San Museum Lane, Bahan Township, Yangon, Myanmar) က ၂၀၂၂ ခုနှစ်တွင် မြန်မာဘာသာဖြင့် ထုတ်ဝေသည်။

© UNESCO 2022

ISBN 978-92-3-000154-4

ဤစာအုပ်ကို Attribution-ShareAlike 3.0 IGO (CC-BY-SA 3.0 IGO) license (http://creativecommons.org/licenses/by-sa/3.0/igo/) တွင် လွတ်လပ်စွာ ရယူနိုင်ပါသည်။ စာအုပ်ပါ အကြောင်းအရာများကို အသုံးပြုမည့်သူများအနေဖြင့် UNESCO Open Access Repository (http://www.unesco.org/open-access/terms-useccbysa-en) ၏ သုံးစွဲရန် စည်းမျဉ်းများကို လိုက်နာရန် တာဝန်ရှိသည်။

Original title: Countering Online Hate Speech ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) (7, place de Fontenoy, 75352 Paris 07 SP, France) က ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည်။

ဤစာအုပ်တွင် ပါဝင်သော ရာထူးအမည်များနှင့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေ၏ တရားဝင်အဆင့် သို့မဟုတ် ၎င်း၏ အာဏာပိုင်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေမဆို၏ နယ်နိမိတ် သတ်မှတ်ခြင်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)၏ ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။

ဤစာအုပ်ပါ ရှုထောင့်အမြင်များ၊ ဖော်ပြထားသည့် အချက်အလက်များနှင့် အကြံဉာဏ်များသည် စာရေးသူများ၏ အချက်အလက်များနှင့် အကြံဉာဏ်များသာ ဖြစ်ကြပါသည်။ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၏ ရပ်တည်ချက်များကို ထပ်ဟပ်ထားခြင်း မဟုတ်သောကြောင့် ယူနက်စကိုနှင့် သက်ဆိုင်ခြင်း မရှိပါ။

မြန်မာဘာသာပြန်သူ – GeekHub MM Co., Ltd.

တည်းဖြတ်သူ – ယူနက်စကို မြန်မာ

ဂရပ်ဖစ်ဒီဇိုင်း – GeekHub MM Co., Ltd. (မြန်မာဘာသာ)

ပုံနှိပ်သူ – ယူနက်စကို

စာစီစာရိုက် – GeekHub MM Co., Ltd. (မြန်မာဘာသာ)

# မာတိကာ


**စကားဦး** ၅

**၁။ အကျဉ်းချုပ်** ၇

**၂။ နိဒါန်း** ၁၀

အမုန်းစကားဆိုင်ရာ အငြင်းပွားမှု ၁၁

အွန်လိုင်းအမုန်းစကားကို ခွဲခြားသိမြင်စေသည့်အချက်များ ၁၃

အွန်လိုင်းအမုန်းစကားကို တုံ့ပြန်ဖြေရှင်းမှုများ – တရားဥပဒေပိုင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များနှင့် တရားဥပဒေပိုင်းဆိုင်ရာမဟုတ်သော စီမံဆောင်ရွက်ချက်များ ၁၅

**၃။ နည်းစနစ်** ၁၈

**၄။ မူဘောင်များ** ၁၉

အမုန်းစကား – အမုန်းစကားကို ရှာဖွေဖော်ထုတ်၍ တန်ပြန်ပေးနိုင်မည့် နိုင်ငံတကာအခြေခံမှုများကို စူးစမ်းလေ့လာခြင်း ၁၉

*အမုန်းစကားနှင့် ICCPR* ၂၀

*အခြားသော နိုင်ငံတကာဥပဒေစာချုပ်များ* ၂၂

*ဒေသတွင်းအမုန်းစကားတုံ့ပြန်ဖြေရှင်းမှုများ* ၂၅

*ထုတ်ဖော်ပြောဆိုမှုများကိုကန့်သတ်သည့် နိုင်ငံတကာပြဋ္ဌာန်းချက်များ အနှစ်ချုပ်* ၂၈

*ထုတ်ဖော်ပြောဆိုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းများနှင့် အမုန်းစကားများ* ၂၉

*အမုန်းစကားကို အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့် ထုတ်ဖော်ပြောဆိုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းများတွင် ဥပဒေကြေပ်မတ်ပုံ* ၃၀

*အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း* ၃၂

နိဂုံး ၃၃

**၅။ လူမှုမီဒီယာပေါ်မှ တုံ့ပြန်ချက်များကို ဆန်းစစ်လေ့လာခြင်း** ၃၄

အမုန်းစကားများကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆွေးနွေးခြင်း ၃၅

အရပ်ဘက်လူမှုအဖွဲ့အစည်းကို စည်းရုံးခြင်း ၃၈

ပုဂ္ဂလိကကုမ္ပဏီများကို တိုက်တွန်းစည်းရုံးခြင်း ၄၀

*ဆောင်ရွက်ရန်နည်းဗျူဟာအမျိုးမျိုး* ၄၀

*ကာလရှည် စည်းရုံးလှုံ့ဆော်ခြင်း* ၄၂

*ကြော်ငြာလုပ်ငန်းများကို ဆန့်ကျင်ခြင်း* ၄၃

*အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရာနှင့် အင်တာနက်ကြားခံလုပ်ငန်းများက တုံ့ပြန်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ* ၄၅

အွန်လိုင်းပေါ်မှ အမုန်းစကားများကို မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဖြင့် တန်ပြန်ခြင်း ၄၆

*နိုင်ငံသားပညာရေးနှင့် ဒစ်ဂျစ်တယ်နိုင်ငံသားဖြစ်မှု* ၄၆

*ပညာရေးကို အမုန်းစကားများ ဆန့်ကျင်ရေးနည်းကိရိယာတစ်ခုအနေဖြင့် အသုံးချခြင်း* ၄၈

*အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန် ဆန်းစစ်ဝေဖန်တတ်သော ကျွမ်းကျင်မှုများ ပျိုးထောင်ပေးခြင်း* ၄၉

*အမုန်းစကားများကိုတုံ့ပြန်ဖြေရှင်းရေးနှင့်စပ်လျဉ်းပြီး မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၏ ပညာရေးပန်းတိုင်များ* ၅၁

*မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် ပညာရေးအစီအစဉ်များကို စစ်ဆေးအကဲဖြတ်ခြင်း* ၅၃

**၆။ နိဂုံးနှင့် အကြံပြုချက်များ** ၅၅

အဓိပ္ပာယ်ဖွင့်ဆိုချက် ၅၅

တရားစီရင်ပိုင်ခွင့် ၅၇

သဘောပေါက်နားလည်နိုင်စွမ်း ၅၈

ကြားဝင်ကူညီမှု ၆၀

**စာရေးသူများနှင့် ကျေးဇူးတင်လွှာ** ၆၂

**ကိုးကားစာအုပ်စာရင်း** ၆၃

**မှတ်စုများ** ၆၈

# စကားဦး

အင်တာနက်ကြောင့် ဖြစ်ပေါ်လာသော အခွင့်အလမ်းများသည် စိန်ခေါ်မှုများထက် များစွာ အလေးသာလွှမ်းမိုးပါသည်။ ထိုသို့ အခွင့်အလမ်းများ ရှိသော်ငြားလည်း ကျွန်ုပ်တို့သည် ပေါ်ပေါက်လာသော ပြဿနာအချို့ကို ဖြေရှင်းနေရဆဲ ဖြစ်သည်။ အွန်လိုင်းအမုန်းစကားသည် ထိုကဲ့သို့သော ပြဿနာမျိုးဖြစ်ပါသည်။ သို့ရာတွင် တိတိပပဆိုရပါက အွန်လိုင်း အမုန်းစကားသည် မည်သည့်အရာမျိုးဖြစ်သနည်း။ ၎င်းကို မည်သို့ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သနည်း။

အွန်လိုင်းပေါ်တွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရမည့်နည်းတူ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှုသည်လည်း အမြဲတမ်းအတွက် စံသတ်မှတ်ချက် ဖြစ်နေသင့်သည်ဟု ယူနက်စကိုက ခုခံညွှန်းဆို ခဲ့သည်။ အမုန်းစကားကို တန်ပြန်ခြင်းသည် ယေဘုယျအားဖြင့် ထုတ်ဖော်ပြောဆိုမှုမပြုအောင် ဖိနှိပ်ခြင်းထက် ပိုမိုသင့်လျော်သည်။ ထို့ပြင် ထုတ်ဖော်ပြောဆိုမှုအား ကန့်သတ်သည့် တုံ့ပြန်ဆောင်ရွက်ချက်များကို ရာနှုန်းပြည့် ထူးခြား ကောင်းမွန်စေရန်နှင့် အားရဖွယ်ကောင်းသော ဥပဒေနှင့်အညီ ငြင်းခုံမှုများကို ချုပ်ချယ်ကန့်သတ်ခြင်းမရှိစေရန်အတွက် အဆိုပါဆောင်ရွက်ချက်များအား ဂရုတစိုက် ချင့်ချိန်လုပ်ဆောင်ရန် လိုအပ်ပါသည်။

အမုန်းတရားကို ဖွင့်ဟထုတ်ဖော်သည့် ဖြစ်ရပ်မျိုးတွင် မည်သည်က အမုန်းစကားဖြစ်သည်၊ ၎င်းကို မည်သို့တုံ့ပြန် ဆောင်ရွက်နိုင်သည်တို့နှင့်စပ်လျဥ်း၍ စူးစမ်းဖော်ထုတ်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းများသည် အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်စွာ အသုံးဝင်နိုင်ပါသည်။

- လူမျိုးရေးဆိုင်ရာ ထုတ်ဖော်ပြောဆိုမှုများနှင့်စပ်လျဥ်း၍ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု ပုံသဏ္ဌာန်မျိုးစုံ ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တွင် "လူမျိုးရေး" ခွဲခြားသောအားဖြင့် လူအများကို မြင့်မြတ်သည်၊ နိမ့်ကျသည်ဟု စဉ်းစားသည့် တွေးခေါ်ပြောဆိုမှုများအား တားမြစ်ပိတ်ပင်ရန် တောင်းဆိုထားသည်။

---

- နိုင်ငံသားဖြစ်မှုသို့မဟုတ်ကိုးကွယ်ယုံကြည်မှုကိုအခြေတည်၍ပေါ်ပေါက်လာသောအမုန်းတရားသည်ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR)၏ အပိုဒ် (၂၀) ၌ ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းထားသော်လည်း ယင်းနှင့်စပ်လျဥ်းသည့် ထုတ်ဖော်ပြောဆိုမှုများသည် (၁) ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် (၂) လှုံ့ဆော်ပေးသည့် (၃) တိုက်တွန်းစည်းရုံးခြင်း သဘောမျိုးသက်ရောက်သင့်သည်ဟူ၍ သတ်မှတ်ထားသည်။

---

- လူအများ၏ ကျား-မရေးရာ ဖြစ်တည်မှု သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် အခြားသော ပင်ကို လက္ခဏာများအပေါ် အခြေတည်၍ ပေါ်ပေါက်လာသော အမုန်းတရားကို တစ်ပါးသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာကို လေးစားသည့်အနေဖြင့် ICCPR (အပိုဒ် ၁၉) အရ ကန့်သတ်နိုင်သော်လည်း ထိုသို့ မဖြစ်မနေဆောင်ရွက်ရန် မလိုအပ်ပေ။

သို့သော် အထက်ပါဖြစ်ရပ်သုံးခုတွင်ပါဝင်သည့် မည်သည့်ကန့်သတ်ချက်ကိုမဆို အာဏာသုံး၍ သတ်မှတ်ခြင်းထက် ဥပဒေအရပြဋ္ဌာန်းရန် လိုအပ်သည်။ ၎င်းတို့သည် "လိုအပ်ရမည်" ဟူသော စံနှုန်းနှင့်အညီလည်း ဖြစ်သင့်သည်။ ဆိုလိုသည်မှာ တရားနည်းလမ်းမကျသည့် တရားဝင်ထုတ်ဖော်ပြောဆိုမှုများအား ဆင့်ပွား တားမြစ်ကန့်သတ်ခြင်းကို ရှောင်ကြဉ်ရန်အတွက် ကန့်သတ်မှုသည် အချိုးညီမျှ၍ ဦးတည်ချက်ရှိရန် လိုအပ်ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတကာစံချိန်စံညွှန်းများက ထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်ခြင်းသည် တရားဝင်ရည်ရွယ်ချက်နှင့် ကိုက်ညီ ရမည်ဖြစ်ပြီး အာဏာအသုံးချရုံမျှသာဖြစ်၍မရနိုင်ဟု သတ်မှတ်ထားသည်။ အထက်တွင် ဖော်ပြခဲ့သည့် အခြားသူများ၏ အခွင့်အရေးများကို ထိန်းသိမ်းကာကွယ်မည့် ရည်မှန်းချက်အပြင် အဆိုပါရည်ရွယ်ချက်များသည် နိုင်ငံတော် ဘေးကင်း လုံခြုံရေးသော်လည်းကောင်း၊ အများပြည်သူ ကိုယ်ကျင့်တရား ကောင်းမွန်ရေးသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး သော်လည်းကောင်း ဖြစ်နိုင်သည်။

ထိုသို့ရှုပ်ထွေးမှုကြောင့် “အမုန်းစကား” ပြောဆိုမှုကို ဖော်ထုတ်၍ ကန့်သတ်တားမြစ်ရာ၌ အချက်အလက်အခြေပြုဖြစ်ပြီး ကွဲပြားမှုအနည်းငယ်ရှိသော ချဉ်းကပ်နည်းတစ်ရပ် လိုအပ်လာသည်။ အတွေးအခေါ်များနှင့် သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှုကို မည်သည့်နည်းလမ်းကမျှ လျော့ကန့်မှုရှိရှိ ဟန်ချက်ညီနိုင်စေမည်မဟုတ်ပေ။ ဤစာအုပ်၌ ရှင်းလင်းဖော်ပြထားသည့်အတိုင်း ယင်းအချက်သည် အွန်လိုင်းထုတ်ဖော်ပြောဆိုမှုနယ်ပယ်တွင် အထူးသဖြင့် မှန်ကန်နေသည်။

အင်တာနက်နှင့် ဥပဒေလောကတို့သည် ခွဲခြားရှုမြင်မရသော်လည်း အွန်လိုင်းအမုန်းစကားနှင့်စပ်လျဉ်းသည့် ဥပဒေရေးရာ တုံ့ပြန်ဖြေရှင်းမှုများကို စီမံအသုံးချရာတွင်မူ ခက်ခဲရှုပ်ထွေးမှုများတွေ့ရသည်။ ထို့ကြောင့်ပင် ဤလေ့လာချက်၌ နိုင်ငံတစ်နိုင်ငံက ပြဋ္ဌာန်းလိုက်သည့် ဥပဒေရေးရာကန့်သတ်ချက်များနှင့် ကိုက်ညီသည်ဟုယူဆနိုင်သော လူမှုရေးရာ တုံ့ပြန်ဆောင်ရွက်ချက်များကို စူးစမ်းဖော်ထုတ်ထားသည်။

ဤလေ့လာချက်တွင် တုံ့ပြန်ဖြေရှင်းမှုအမျိုးအစားများကို အသေးစိတ်ဖော်ပြထားသည်။ ယင်းအမျိုးအစားများအနက်မှ တစ်မျိုးမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းက ကြည့်ရှုသုံးသပ်၍ ဆန်းစစ်လေ့လာခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ လူအများအနေဖြင့် မိမိတို့အချင်းချင်းအတွက် အမုန်းစကားအား တန်ပြန်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း ဖြစ်သည်။ တတိယတစ်မျိုးမှာ အမှုကိစ္စများကို အာဏာပိုင်များထံ အစီရင်ခံတင်ပြရန်အတွက် NGO အဖွဲ့များက စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး စတုတ္ထတစ်မျိုးမှာ သတ်မှတ်တင်ဆက်ချက်များကို စီစဉ်လုပ်ဆောင်ရာ အင်တာနက်ကုမ္ပဏီများအား အရေးယူမှုများ ပြုလုပ်ရန် စည်းရုံးလှုံ့ဆော်ခြင်းဖြစ်သည်။ ပဉ္စမမြောက် တုံ့ပြန်ဖြေရှင်းမှုအမျိုးအစားသည် ဖွဲ့စည်းတည်ဆောက်ပုံနှင့် သက်ဆိုင်ပါသည်။ ယင်းမှာ အင်တာနက်ပေါ်၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသုံးချရာ၌ ရှိထားရမည့် အသိပညာ၊ ကျင့်ဝတ်များ၊ ကျွမ်းကျင်မှုများနှင့်စပ်လျဉ်း၍ ပညာပေးကာ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အသုံးပြုသူများကို စွမ်းရည်မြှင့်တင်ပေးခြင်းဖြစ်သည်။ ၎င်းကို ယူနက်စကိုက မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဟု သတ်မှတ်ပါသည်။

အဆိုပါလူမှုအဖွဲ့အစည်းဆိုင်ရာ တုံ့ပြန်ဖြေရှင်းမှုများသည် ဆန်းသစ်ပြီး ရလဒ်များ ထွက်ပေါ်စေနိုင်ပါသည်။ ၎င်းသည် အင်တာနက်အား အလားအလာကောင်းရှိသော ရပ်ဝန်းတစ်ခုအဖြစ် တည်ရှိနေစေနိုင်ပြီး ကွန်ရက်များစွာပါဝင်သည့် အဆိုပါကွန်ရက်သည် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေတည်ထားသည့် အသိပညာပြည့်ဝသော လူမှုအဖွဲ့အစည်းများကို တည်ဆောက်ရန် ကျွန်ုပ်တို့အား ကူညီပေးမည်ဖြစ်ပါသည်။

ဂက်တာချူး အန်ဂျီဒါ (Getachew Engida)

ယူနက်စကို ဒုတိယညွှန်ကြားရေးမှူးချုပ်

# ၁။ အကျဉ်းချုပ်

အွန်လိုင်းအမုန်းစကားသည် စိုးရိမ်ပူပန်ဖွယ်ရာကိစ္စပေါင်းစုံ၏ ဗဟိုဆုံချက်နေရာတွင် တည်ရှိနေသည်။ ၎င်းသည် လူမှုအဖွဲ့အစည်းများအတွင်းနှင့် နေရာအနှံ့ရှိ အုပ်စုအမျိုးမျိုးအကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ထုတ်ဖော်ပြောဆိုခြင်းဖြစ်ပါသည်။ ၎င်းသည် အင်တာနက်ကဲ့သို့ ပြောင်းလဲမှုဖြစ်စေနိုင်သည့် နည်းပညာများက ၎င်းတို့နှင့်အတူ အခွင့်အလမ်းများရော စိန်ခေါ်မှုများကိုပါ ဆောင်ကြဉ်းပေးပုံကို ဖော်ပြပေးသည့် မြင်သာသော သာဓကတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့ဂုဏ်သိက္ခာကို ခုခံကာကွယ်ခွင့်တို့အပါအဝင် အဓိကကျသော အခွင့်အရေးများနှင့် အခြေခံမူများအကြား နက်နဲစွာ ဟန်ချက်ညီစေခြင်းကို သွယ်ဝိုက်ညွှန်းဆိုပါသည်။

UNအဖွဲ့အစည်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ၎င်း၏အကျိုးဆက်များ၊ စာနယ်ဇင်း လွတ်လပ်ခွင့်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်တို့ကို အားပေးမြှင့်တင်ရာ၌ သတ်မှတ်လုပ်ပိုင်ခွင့် ရှိသောကြောင့် ယူနက်စကိုသည် ယေဘုယျအားဖြင့် အင်တာနက်၊ အထူးသဖြင့် လူမှုကွန်ရက်ပလက်ဖောင်းများ အပါအဝင် လူအများစုဝေးဆက်သွယ်နိုင်သည့် နည်းလမ်းအားလုံးကိုအသုံးပြု၍ အပြန်အလှန်သိမြင်မှုနှင့် နားလည်သဘောပေါက်မှုတို့ကို မြှင့်တင်ရာ၌ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ဤစာအုပ်တွင် တင်ပြထားသော သုတေသနပြုချက်၏ မူလရင်းမြစ်များသည် ယူနက်စကို၏ အဖွဲ့ဝင် ၁၉၅ နိုင်ငံက ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလတွင် သဘောတူအတည်ပြုထားသည့် ၃၇ကြိမ်မြောက် အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ်(၅၂) ကို ဖြည့်ဆည်းဆောင်ရွက်မှုနှင့် သက်ဆိုင်ပါသည်။ ဤဆုံးဖြတ်ချက်တွင် သတင်းအချက်အလက်နှင့် အသိပညာများ ရယူဆည်းပူးခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးအချက်အလက် လုံခြုံခွင့်နှင့် သတင်းအချက်အလက်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ ကျင့်ဝတ်ရေးရာ ရှုထောင့်များနှင့်သက်ဆိုင်သော အင်တာနက်အရေးကိစ္စများနှင့်စပ်လျဉ်း၍ အကြံဉာဏ်များပံ့ပိုးပေးသော ပတ်သက်ဆက်နွှယ်သူပေါင်းစုံပါ ဘက်စုံလေ့လာချက်တစ်ရပ်ကို ယူနက်စကို၏ လုပ်ပိုင်ခွင့်အတွင်း၌ ရေးသားပြုစုရန် တောင်းဆိုထားသည်။ အဆိုပါ အမုန်းစကားဆိုင်ရာ သုတေသနပြုချက်သည် ပိုမိုကျယ်ပြန့်သော လေ့လာမှုပြုလုပ်ရာတွင် ပံ့ပိုးထောက်ကူပေးသည်။[၁]

ဤအစီရင်ခံစာတွင် အွန်လိုင်းအမုန်းစကား၏သွင်ပြင်လက္ခဏာများကို ဖော်ဆောင်နေသော သတင်းများနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ ခြုံငုံသုံးသပ်ချက်နှင့် အဆိုပါအွန်လိုင်းအမုန်းစကားအား တိုက်ဖျက်လျှော့ချရာ၌ ကျင့်သုံးလျက်ရှိသည့် စီမံဆောင်ရွက်ချက်များကို ဖော်ပြထားပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်များတွင် အရေးပါလာသော အလေ့အထကောင်းများကို မီးမောင်းထိုးပြသထားပါသည်။ လေ့လာချက်တွင် အွန်လိုင်းအမုန်းစကားကို ဖြေရှင်းရန်အတွက် ရေးဆွဲထားသည့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ စံသတ်မှတ်ချက်မူဘောင်များနှင့်စပ်လျဉ်းသော ဘက်စုံဆန်းစစ်လေ့လာချက်အပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ၎င်းတို့၏ ဂယက်ရိုက်ခတ်မှုများကို ဖော်ပြထားပြီး အွန်လိုင်းပေါ်ရှိ အမုန်းပွားဖွယ် သတင်းစကားများအား ဖန်တီးခြင်း၊ ပျံ့နှံ့စေခြင်းနှင့် ၎င်းတို့၏ သက်ရောက်မှုတို့ကို တန်ပြန်ပေးနိုင်သည့် လူမှုရေးရာ ယန္တရားများနှင့် ဥပဒေကြပ်မတ်ခြင်းမရှိသော ယန္တရားများကိုမူ အထူးအလေးပေးဖော်ပြ ထားသည်။

ဤလေ့လာချက်၏ ရှာဖွေတွေ့ရှိချက်များကို အဓိကအုပ်စုလေးစုခွဲနိုင်ပါသည်။ ၎င်းတို့မှာ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ တရားစီရင်ပိုင်ခွင့်၊ တတ်သိနားလည်မှုနှင့် ကြားဝင်ကူညီမှုတို့ ဖြစ်ကြပါသည်။

- **အဓိပ္ပာယ်ဖွင့်ဆိုမှု** – အမုန်းစကားဟူသည် ကျယ်ပြန့်၍ အငြင်းပွားဖွယ်ဖြစ်သော ဝေါဟာရမျိုးဖြစ်ပါသည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ကဲ့သို့သော နိုင်ငံပေါင်းစုံပါဝင်သည့် သဘောတူစာချုပ်များတွင် ၎င်း၏ သွင်ပြင်ပုံစံများကို သတ်မှတ်ဖော်ပြထားပါသည်။ အမုန်းပွားဖွယ်သတင်းစကားများကို ဖော်ထုတ်ရာ၌ ပိုမိုရှင်းလင်းပြတ်သားမှုရှိစေပြီး ယန္တရားများအကြံပြုပံ့ပိုးပေးရန်အလို့ငှာ ပတ်သက်ဆက်နွှယ်သူပေါင်းစုံပါဝင်သည့် လုပ်ငန်းစဉ်များ (ဥပမာ – ရာဘတ်လုပ်ငန်းစီမံချက်) ကို အစပျိုးဆောင်ရွက်ထားပြီးဖြစ်ပါသည်။ သို့သော်ငြား အမုန်းစကားကို နေ့စဉ်စကားပြောဆိုမှုများ၌ ယေဘုယျဝေါဟာရတစ်ခုအဖြစ် ကျယ်ပြန့်စွာ ဆက်လက်အသုံးပြုလျက်ရှိပြီး ၎င်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အုပ်စုများ၏ ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍ ခိုင်လုံစွာတည်ရှိသော အန္တရာယ်များနှင့် အာဏာပိုင်အပေါ်ထားရှိသည့် လူအများ၏ ဒေါသစိတ်များကို ရိုးရှင်းစွာ လှစ်ဟပြသနေနိုင်သည့် ကိစ္စရပ်များ ရောထွေးနေပါသည်။ ဖေ့စ်ဘုတ် (Facebook)၊ တွစ်တာ (Twitter)၊ ဂူဂဲလ် (Google) ကဲ့သို့ အွန်လိုင်းဆက်သွယ်ရေးကို ချိတ်ဆက်ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများဖြစ်သော အင်တာနက်ကြားခံလုပ်ငန်းများသည် အသုံးပြုသူများအား စည်းကမ်းချက်များကို လိုက်နာစေပြီး ကုမ္ပဏီများအား

ထုတ်ဖော်ပြောဆိုမှုပုံစံအချို့ကို ကန့်သတ်စေသည့် အမုန်းစကားဆိုင်ရာ ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မွမ်းမံပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်ဒေသတွင်းအလေ့အထများကို ပိုမိုအခြေတည်ထားသည့် အဆိုပါဝေါဟာရအား ပိုမိုနားလည်သဘောပေါက်လာအောင် ကြိုးပမ်းခဲ့ကြပါသည်။ ထိုအချိန်တွင် တစ်ကမ္ဘာလုံးသဘောတူလက်ခံသော အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ် သတ်မှတ်ရန်မှာ မဖြစ်နိုင်ပေ။ အကြမ်းဖက်မှုမဖြစ်အောင် ရှောင်ကြဉ်၍ လူ့ဂုဏ်သိက္ခာကိုပါ ကာကွယ်စောင့်ရှောက်မည့် ဘုံအကျိုးစီးပွားကြောင့် ပတ်သက်ဆက်နွှယ်သူအမျိုးမျိုးက မူလနည်းလမ်းများအတိုင်းဆောင်ရွက်ပြီး ဒေသနှင့်ကိုက်ညီသော ဖြေရှင်းနည်းများကို ရှာဖွေရာ၌ အမုန်းစကားနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ ခဏတာ ဖြစ်ပေါ်ခဲ့ပါသည်။

---

- **တရားစီရင်ပိုင်ခွင့်** – အင်တာနက်အမြန်နှုန်းနှင့် ၎င်း၏လက်လှမ်းမီရောက်ရှိမှုတို့ကြောင့် အစိုးရများအနေဖြင့် နိုင်ငံ့ဥပဒေများကို ပုံရိပ်ယောင်နည်းပညာလောကထဲတွင် ပြဋ္ဌာန်းရန် အခက်တွေ့ရပါသည်။ အွန်လိုင်းအမုန်းစကားနှင့်စပ်လျဉ်းသော ပြဿနာများသည် အများပြည်သူမြင်အောင် ထုတ်ဖော်ပြောဆိုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းများ (ဥပမာ ဖေ့စ်ဘုတ်၊ တွစ်တာ) နှင့် အဆိုပါရပ်ဝန်းများကြောင့် ဥပဒေကြပ်မတ်သူများတွေ့ရမည့် စိန်ခေါ်မှုများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်းကို သိသာထင်ရှားစေပါသည်။ ကနဦးပိုင်း၌ တောင့်ခံထားသော်လည်း နောက်ပိုင်းပေါ်ပေါက်လာသော အများပြည်သူဆိုင်ရာ ဖိအားများကြောင့် အဆိုပါရပ်ဝန်းများကို ပိုင်ဆိုင်သော ကုမ္ပဏီအချို့က အမုန်းစကားများကို ဖော်ထုတ်၍ တုံ့ပြန်ဖြေရှင်းပုံနှင့်စပ်လျဉ်း၍ဖြစ်ပေါ်နေသော ကမ္ဘာလုံးဆိုင်ရာ အငြင်းပွားမှုများ (ဥပမာ – ရာဘတ်လုပ်ငန်းစီမံချက်) တွင် အပြည့်အဝ ပါဝင်ခြင်းမရှိ(သေး)သော်ငြား ၎င်းတို့သည် အွန်လိုင်းအမုန်းစကားဆိုင်ရာ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ပိုမိုတာဝန်ရှိလာပါသည်။

---

- **တတ်သိနားလည်မှု** – အွန်လိုင်းအမုန်းစကား၏ ဝိသေသလက္ခဏာ၊ ၎င်းကို ပြင်ပ၌ ထုတ်ဖော်ပြောဆိုမှုနှင့် လုပ်ဆောင်မှုတို့နှင့်စပ်လျဉ်းသည့် ဆက်နွှယ်မှုအပေါ် လူအများ၏ နားလည်သဘောပေါက်မှုသည် အားရဖွယ်မရှိပေ။ နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် တက္ကသိုလ်ပညာရေးအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များက အဆိုပါ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုကြသော်လည်း ငြင်းခုံဆွေးနွေးမှုများပြုလုပ်ရာတွင် စနစ်ကျပြီး လက်တွေ့ကျသော အထောက်အထားများကို ဖယ်ရှားထားတတ်ကြသည်။ အဆိုပါအမုန်းစကား၏ ဝိသေသ လက္ခဏာနှင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကြောင့် ပြဿနာဖြေရှင်းနည်းများနှင့် ၎င်းတို့အား နိုင်ငံတကာလူ့အခွင့်အရေးများဆိုင်ရာ စံသတ်မှတ်ချက်များအပေါ် မည်သို့အခြေခံသင့်သည်တို့နှင့်စပ်လျဉ်း၍ အလေးပေးဆောင်ရွက်ရန် ဖြစ်လာခဲ့သည်။ သို့သော် ထိုသို့အလေးထားဆောင်ရွက်ရာ၌ တင်ဆက်ချက်အမျိုးအစားအချို့က ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုကို အမှန်တကယ် ထွက်ပေါ်၊ ပျံ့နှံ့ ပေါ်ပေါက်စေသည့် သို့မဟုတ် ထိုသို့မဖြစ်စေသည့် ဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းများ၊ ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်အောင် နက်နက်ရှိုင်းရှိုင်း ကြိုးပမ်းဆောင်ရွက်ခြင်း မရှိသလောက်ဖြစ်သည်။ ဤလေ့လာချက်တွင် အွန်လိုင်းအမုန်းစကား ထွက်ပေါ်လာမှုနှင့် ပျံ့နှံ့မှုတို့ကို ချိတ်ဆက်လေ့လာရန် ရည်ရွယ်ထားသော သုတေသနသာဓကပေါင်းစုံကို ဖော်ပြထားသည့်အပြင် အွန်လိုင်းအမုန်းစကားနှင့် ပညာရေးလက်လှမ်းမီခွင့်မှသည် တွေ့ရှိရသော မတရားမှုများအထိ ပါဝင်သော အခြားလူမှုရေးရာဖြစ်စဉ်များအကြား ဆက်နွှယ်မှုများအား စူးစမ်းဖော်ထုတ်ထားသည့် လေ့လာချက်များ မပါဝင်ကြောင်းကိုပါ မီးမောင်းထိုးပြသထားပါသည်။

---

- **ကြားဝင်ကူညီမှု** – ဤလေ့လာချက်တွင် အခြေအနေအရဖြစ်ပေါ်လာသော သတ်မှတ်ပြဿနာများကို ဖြေရှင်းရာ၌ အသုံးပြုခဲ့သည့် နည်းလမ်းအမျိုးမျိုးကို ဖော်ထုတ်ထားသည်။ ပိုမိုကျယ်ပြန့်သော အရေးကြီးသင်ခန်းစာများ ပေါ်ထွက်လာပါသည်။ ပထမဦးစွာ ဝေါဟာရ၏ ကျယ်ပြန့်မှုနှင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်၏ ပြင်းထန်ဆိုးရွားမှုတို့သည် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကြည့်ရှုလေ့လာမှုများ၊ အခြေအနေအရသုံးသပ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်မည့်အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ ဒုတိယအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများက အသုံးပြုသူများမှ အချက်ပြသတင်းပို့ခြင်း၊တိုင်ကြားခြင်းနှင့် တန်ပြန်ခြင်းတို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် အမုန်းစကားဖြစ်ရပ်များကို ဖြေရှင်းရန် ကြိုးပမ်းကြပုံနှင့် လူမှုကွန်ရက်ပလက်ဖောင်းအမျိုးမျိုးကို ပုံဖော်ပေးသည့် ဖန်တီးရေးဆွဲမှုပညာများက အွန်လိုင်းအမုန်းစကား ပျံ့နှံ့မှုကိုရော၊ ၎င်းအား တုံ့ပြန်ဖြေရှင်းမှုများကိုပါ လွှမ်းမိုးနိုင်ပုံတို့ကို ဤအစီရင်ခံစာတွင် လေ့လာဖော်ထုတ်ထားပါသည်။ တတိယအနေဖြင့် သတ်မှတ်အထူးအဖွဲ့အစည်းများက လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တုံ့ပြန်မှုများကို စုစည်းရာတွင်သာမက ကုမ္ပဏီများနှင့် အစိုးရအာဏာပိုင်များအား အရေးယူမှုများပြုလုပ်ရန် ဖိအားပေးရာတို့တွင် လွန်စွာအရေးပါလှသည်ဟု ဤလေ့လာချက်တွင် ဖော်ပြထားသည်။ ပို၍အရေးကြီးသောအချက်မှာ မတူညီသော ပဏာမအစီအစဉ်များလုပ်ဆောင်ခြင်းကြောင့် ၎င်းတို့အချင်းချင်းအထောက်အကူပြု၍ အောင်မြင်မှု

ရနိုင်ပါသည်။ ဥပမာအားဖြင့် အင်တာနက်ကြားခံလုပ်ငန်းများသည် အသုံးပြုသူတစ်ဦးချင်းထံမှ ပေးပို့ထားသော တောင်းဆိုမှုများအား ယခင်ထက်ပို၍ တုံ့ပြန်ဖြေရှင်းမှုများ ပြုလုပ်လာပါသည်။ သို့သော် ၎င်းတို့သည် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်စေနိုင်သည့် ရလဒ်အစုများကို ထုတ်ပြန်ခြင်းမှ ရှောင်ကြဉ်ထားသောကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အဆိုပါလစ်ဟာချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းခဲ့ကြပြီး အသုံးပြုသူများ၏ တိုင်ကြားချက်များကို စုစည်းပေးနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ တိုင်ကြားရေးပလက်ဖောင်းများကို ပံ့ပိုးပေးခဲ့သည်။ ထိုအချိန်တွင် လူအများအနေဖြင့် အမုန်းစကားဆိုင်ရာ ဖြစ်ရပ်များနှင့် ကြုံတွေ့လာရသည့်အခါ မည်သို့မည်ပုံတိုင်ကြားနိုင်သည်နှင့်စပ်လျဉ်း၍ ပိုမိုလွယ်ကူစွာ သိရှိနိုင်ရန်အလို့ငှာ ၎င်းတို့ကို စွမ်းရည်မြှင့်တင်ပေးရန်အတွက် ပညာရေးဆိုင်ရာ ပဏ္ဏာမအစီအစဉ်များကို စတင်မိတ်ဆက် ဆောင်ရွက်ခဲ့သည်။ ဤလေ့လာချက်တွင် အကြံပြုဖော်ပြထားသည့်အတိုင်း အွန်လိုင်းအမုန်းစကားဆိုင်ရာပြဿနာကို ဖြေရှင်းရာ၌ အရေးယူမှုတစ်ခုချင်းစီကို အလေးပေးလုပ်ဆောင်လျှင်သော်လည်းကောင်း၊ လှုပ်ရှားဆောင်ရွက်သူတစ်ဦးတည်းက လုပ်ဆောင်လျှင်သော်လည်းကောင်း ထိရောက်မှုမရှိနိုင်သည့် တစ်မူထူးခြားသော အခြေခံအချက်များ ရှိသည်။ ထွက်ပေါ်လာသော ဤဖြစ်စဉ်ကို လျော်ကန်မှုရှိရှိ ကိုင်တွယ်ဖြေရှင်းရာ၌ ပူးပေါင်းကြိုးပမ်းမှုများပြုလုပ်ရန် လိုအပ်ပါသည်။

---

# ၂။ နိဒါန်း

အမုန်းစကားသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများ၊ အုပ်စု အခွင့်အရေးများနှင့် လူနည်းစုအခွင့်အရေးများအပြင် ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ တရားမျှတမှုတို့နှင့် ရှုပ်ထွေးနက်နဲစွာ ဆက်နွှယ်လျက်ရှိသည်။ ၎င်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် မကြာခဏ ထောက်ပြငြင်းဆို ခံရလေ့ရှိသည်။ နိုင်ငံလုံးဆိုင်ရာနှင့် နိုင်ငံတကာ ဥပဒေပြဋ္ဌာန်းမှုတွင် အမုန်းစကားသည် သတ်မှတ် လူမှုအုပ်စု သို့မဟုတ် အချက်အလက်အခြေပြုအုပ်စုနှင့်သက်ဆိုင်သည့် ဦးတည်ချက်အပေါ် အခြေပြု၍ အန္တရာယ် (အထူးသဖြင့် ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု) ဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးသည့် ထုတ်ဖော်ပြောဆိုမှုများအား ရည်ညွှန်းသည်။ ၎င်းတွင် အကြမ်းဖက်သော အပြုအမူများဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးသည့် သို့မဟုတ် ခြိမ်းခြောက်သည့် သို့မဟုတ် အားပေးသည့် ထုတ်ဖော်ပြောဆိုမှုများ စသည်တို့ ပါဝင်နိုင်သည်။ သို့သော် အချို့သော အခြေအနေများတွင်မူ ဤသဘောတရားသည် ရည်ရွယ်ထားသည့် ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်မြောက်အောင် အမုန်းစကားက မီးစမြှိုက်ပေးနိုင်သည်ဟူသော အယူအဆနှင့်စပ်လျဉ်း၍ စွဲလမ်းထင်မြင်ကာ ချုပ်ချယ်မှုပြုသော အခြေအနေသို့ရောက်အောင် တွန်းပို့ပေးသည့် ထုတ်ဖော်ပြောဆိုမှုများအထိ အကျုံးဝင်သည်။

သို့သော် လူအများစု၏အဆိုအရ အမုန်းစကားနှင့်စပ်လျဉ်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ပိုမိုကျယ်ပြန့်နိုင်ပြီး တစ်ခါတစ်ရံ၌ အာဏာရှိသူများကို စော်ကားပြောဆိုသော သို့မဟုတ် အထူးသဖြင့် သိသာထင်ရှားသူများကို ရိုင်းစိုင်းသော အသုံးအနှုန်းများအထိ ခြုံငုံပါဝင်ပါသည်။ အထူးသဖြင့် အလွန်အရေးကြီးသည့် အချိန်များ၌၊ ဥပမာ – ရွေးကောက်ပွဲကာလ၌ အမုန်းစကား၏ သဘောတရားသည် ကြိုးကိုင်ခြယ်လှယ်မှုကို ဖြစ်စေနိုင်ပါသည်။ အမုန်းစကားများ ပြောဆိုရေးသားအောင် လှုံ့ဆော်သည်ဟူသည့် စွပ်စွဲချက်များအား နိုင်ငံရေးအတိုက်အခံအချင်းချင်းဖြစ်စေ၊ အာဏာရှိပုဂ္ဂိုလ်များက ကန့်ကွက်မှုများနှင့် ဝေဖန်မှုများကို ထိန်းချုပ်ရာ၌ဖြစ်စေ အသုံးချလုပ်ဆောင်နိုင်ပါသည်။

ဤလေ့လာချက်ထဲတွင် နိုင်ငံတကာအဖွဲ့အစည်းများမှသည် လူမှုကွန်ရက်ပလက်ဖောင်းများအထိ ပါဝင်သော လုပ်ရှားဆောင်ရွက်သူအမျိုးမျိုးက ဖွင့်ဆိုပေးသည့် မတူညီသော အမုန်းစကားဆိုင်ရာ**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို စစ်တမ်းကောက်မည်ဖြစ်ပြီး အမုန်းစကားသည် သတ်မှတ်ရခက်သော ဝေါဟာရဖြစ်ရသည့် အကြောင်းရင်းကို ရှင်းလင်းတင်ပြသွားပါမည်။ သို့သော် ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များမရှိလျှင်ပင် (စာသားဖြင့်ဖြစ်စေ၊ ရုပ်ပုံများဖြင့်ဖြစ်စေ၊ အသံထွက်၍ဖြစ်စေ **ဖော်ပြထားသော)** အမုန်းစကားကို ၎င်းတွင်ပါဝင်သည့် တစ်ပါးသူအား သိမ်ငယ်အရှက်ရစေသော သို့မဟုတ် ဂုဏ်သိက္ခာကျစေသော **လုပ်ဆောင်ချက်များ**မှ ခန့်မှန်းမှုများ ပြုလုပ်ခြင်းဖြင့် ဖော်ထုတ်နိုင်သည်။ ဝေါ်လ်ဒရွန် (Waldron) ၏ လုပ်ရပ်ကို အခြေတည်၍ အမုန်းပွားဖွယ်ဖြစ်ကြောင်း ယူဆနိုင်သည့် (စာသားဖြင့်ဖြစ်စေ၊ ရုပ်ပုံများဖြင့်ဖြစ်စေ၊ အသံထွက်၍ဖြစ်စေ ဖော်ပြထားသော) ထုတ်ဖော်ပြောဆိုမှုတစ်ရပ်သည် သတင်းစကားနှစ်မျိုးကို ပေးပို့သည်ဟု ဆိုနိုင်ပါသည်။ ပထမတစ်မျိုးမှာ ဦးတည်အုပ်စုထံ ပေးပို့ခြင်းဖြစ်ပြီး အဆိုပါအုပ်စုတွင် ပါဝင်သည့် အဖွဲ့ဝင်များကို ဂုဏ်သိက္ခာကျစေရန် သို့မဟုတ် သေးသိမ်စေရန် လုပ်ဆောင်မှုများ ဖြစ်ပါသည်။ ၎င်းမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

> **မင်းတို့ကို ဒီမှာ လူတွေကကြိုဆိုကြမှာပဲလို့ အထင်မှားမနေနဲ့။ [...] မင်းတို့ကို ဘယ်သူမှ မလိုချင်ဘူး။ ပြီးတော့ ငါတို့လုပ်ကွက်ထဲရောက်တာနဲ့ မင်းတို့နဲ့ မင်းတို့ မိသားစုဝင်တွေကို ကြဉ်မယ်၊ ဖယ်ထုတ်ထားမယ်၊ ရိုက်နှက်မယ်၊ မောင်းထုတ်မယ်။ ခုလတ်တလောတော့ ငါတို့က လူသိမခံ ခပ်မှိန်မှိန်ပဲ နေနေရနိုင်တယ်။ ဒါပေမဲ့ အရမ်းလည်း စိတ်အေးလက်အေးနေမနေနဲ့။ [...] ငါတို့ကိုကြောက်ရွံ့နေရမယ်။ (ဝေါ်လ်ဒရွန် (Waldron) ၂၀၁၂ ခုနှစ်)**

အမုန်းစကားဆိုင်ရာ လုပ်ဆောင်ချက်နောက်တစ်မျိုးမှာ ခြိမ်းခြောက်ခံနေရသည့် (ဟုဆိုသည့်) အသိုင်းအဝိုင်းအတွင်း ရှိနေသည်ဟူသော အသိစိတ်ကို မြှင့်တင်ရန်အတွက် တူညီသောသဘောထားအမြင်ရှိသည့် ပုဂ္ဂိုလ်များအား ထိုသို့ထင်မြင်သူမှာ ၎င်းတို့ချည်းသာမဟုတ်ကြောင်း အသိပေးရန်ဖြစ်သည်။ ဤတစ်ကြိမ်တွင် အမြင်တူသည့်ပုဂ္ဂိုလ်များထံ ပေးပို့တတ်သော သတင်းစကားသည် အောက်ပါအတိုင်းဖြစ်နိုင်သည်။

**ဒီလူတွေကို ဒီမှာ အလိုမရှိဘူးဆိုတာနဲ့ပတ်သက်ပြီးတော့ မင်းတို့ထဲက လူတချို့ သဘောတူတယ်လို့ သိထားတယ်။ သူတို့တွေက ညစ်ပတ်တယ် (ဒါမှမဟုတ် အန္တရာယ်များတယ် ဒါမှမဟုတ် ရာဇဝတ်သားတွေ ဒါမှမဟုတ် အကြမ်းဖက်သမားတွေလို့) မင်းတို့ထဲကတချို့ ခံစားနေရတယ်ဆိုတာ သိတယ်။ […] ဒီလူတွေကို ကြိုဆိုတာမျိုး မလုပ်ဖို့ ငါတို့နဲ့တင် လုံလောက်တယ်။ ဒီလူတွေ တကယ်တော့ ဘယ်လိုလူတွေ ဖြစ်တယ်ဆိုတာနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားရှိတာ ငါတို့နဲ့တင်လုံလောက်တယ်။ (ဝေါလ်ဒရွန် (Waldron) ၂၀၁၂ ခုနှစ်)**

အမုန်းစကားသည် တစ်ဖန်ပြန်လည်ထုတ်လွှင့်၍ ချဲ့ထွင်ပြီး လူသိများစေရန် ကြိုးပမ်းသည့် တင်းမာမှုများအပေါ် အခြေတည်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါထုတ်ဖော်ပြောဆိုမှုသည် လူအများအား စည်းလုံးစေသကဲ့သို့ တစ်ချိန်တည်းမှာပင် သဘောထားကွဲမှုလည်း ဖြစ်စေသည်။ ၎င်းသည် “စိတ်ဝမ်းကွဲမှု” ဖြစ်အောင် ဖန်တီးပေးသည်။ ဤလေ့လာချက်တွင် “အမုန်းစကား” ဟူသော ဝေါဟာရကို ဤကဲ့သို့ ကျယ်ပြန့်သောအနက်ဖြင့် ယေဘုယျအသုံးပြုထားပြီး အန္တရာယ်ဖြစ်အောင် လှုံ့ဆော်ပေးသည့် ထုတ်ဖော်ပြောဆိုမှုဟူသော အဓိပ္ပာယ်ကို တားမြစ်ကန့်သတ်ထားခြင်းမရှိပေ။

ဤလေ့လာချက်တွင် အမုန်းတရားကို ဖြစ်တည်စေနိုင်သော အကြောင်းရင်းများစွာကို ထည့်သွင်းဖော်ပြသော်လည်း လူမျိုး၊ တိုင်းရင်းသား၊ ဘာသာစကားအုပ်စု၊ ကျား-မရေးရာဖြစ်တည်မှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် နိုင်ငံသားဖြစ်မှု အစရှိသည့် လူမှုရေးရာကဏ္ဍများကိုမူ အပြည့်အဝ ဖော်ပြထားခြင်းမရှိပေ။ သို့သော် ၎င်းတွင် အမုန်းစကားကို နားလည်သဘောပေါက်မှုသည် နိုင်ငံရေးအယူအဆများ သို့မဟုတ် အယူဝါဒများ သို့မဟုတ် ယုံကြည်မှုများကဲ့သို့သော ယေဘုယျအတွေးအခေါ်များမဟုတ်ကြောင်း အသိအမှတ်ပြုလက်ခံထားပြီး အတွေးအခေါ်များကို ၎င်းတို့သဘောတူနိုင်သည့် သတ်မှတ်အုပ်စုများနှင့် ပေါင်းစည်းခြင်းမပြုသင့်ပါ။ အမုန်းစကားသည် လူအများကို ရန်ငြိုးထားခြင်းနှင့် ဆက်စပ်မှုရှိသည်။ ဤလေ့လာချက်တွင် အွန်လိုင်းအမုန်းစကားနှင့်စပ်လျဉ်းသည့် အကြီးမားဆုံးသော ပြဿနာများသည် အင်တာနက် ချိတ်ဆက်မှု မြင့်မားသော နိုင်ငံများတွင် လတ်တလော ဖြစ်ပွားလျက်ရှိသည်ဟု ထပ်ဆောင်းဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် ပိုမိုများပြားသောလူများ ကမ္ဘာအနှံ့ ချိတ်ဆက်မှုရှိလာသည်နှင့်အမျှ အခြားတစ်နေရာရာတွင်လည်း အလားတူဖွံ့ဖြိုးတိုးတက်မှုများ ရှိလာမည်ကို ဤအခြေအနေက နိမိတ်ပြနိုင်သည်။ လေ့လာချက်၌ ဆန်းစစ်မှုပြုထားသည့် တုံ့ပြန်ဖြေရှင်းမှုများစွာသည် အွန်လိုင်းအမုန်းစကားကို တန်ပြန်မှုများအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။ သို့ဖြစ်၍ ပြဿနာများ ပေါ်ပေါက်လာပြီးမှထက်စာလျှင် အဆိုပါအတွေ့အကြုံအချို့ကို အစောကတည်းက ကြိုတင် ချိန်ညှိရန် ထည့်သွင်းစဉ်းစားထားနိုင်သည်။ ဤလေ့လာချက်၏ ရည်ရွယ်ချက်မှာ လက်တွေ့အခြေအနေများမှ ပိုမိုကျယ်ပြန့်နက်နဲသော သင်ခန်းစာများကို ရှာဖွေလေ့လာရန် ဖြစ်ပါသည်။

## အမုန်းစကားဆိုင်ရာအငြင်းပွားမှု

အမုန်းစကားဖြစ်စဉ်သည် လူမှုအဖွဲ့အစည်းများကို အခြေပြုဖန်တီးရာ အဓိကအကျဆုံးသော အခြေခံမူအချို့နှင့်စပ်လျဉ်း၍ မေးခွန်းထုတ်စရာဖြစ်စေသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာတို့ကို လေးစားမှုတို့အကြား ဟန်ချက်ညီစေရန်အလို့ငှာ လူမှုအဖွဲ့အစည်းတစ်ရပ်စီက သတ်မှတ်လုပ်ဆောင်သည့် တုံ့ပြန်ဆောင်ရွက်ချက်များသည် နိုင်ငံတကာအဆင့်တွင် တစ်မူထူးခြားသော စိတ်ဝမ်းကွဲမှုများနှင့် ပူးပေါင်းမှုများကို ဖြစ်စေခဲ့ပါသည်။ ဥပမာအားဖြင့် အမုန်းစကားနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်လေ့လာမှုများစွာ ပြုလုပ်ထားသော သုတေသနပြုချက်သည် အမုန်းစကားကို ဥပဒေကြပ်မတ်ပေးသည့် အမေရိကန်ချဉ်းကပ်နည်းနှင့် ဥရောပချဉ်းကပ်နည်းတို့အကြား တည်ရှိသော ခြားနားမှုကို အလေးပေးပြုစုထားပါသည် (ရိုစန်ဖဲ (Rosenfeld) ၂၀၁၂ ခုနှစ်၊ ဘလိတ်ချ် (Bleich) ၂၀၁၃ ခုနှစ်)။ ဥရောပ၌ လက်သင့်ခံထားသော ထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ကန့်သတ်ချက်များအား ကျော်လွန်ဖောက်ထွက်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အမေရိကန်ပြည်ထောင်စုတွင် ကာကွယ်ထိန်းသိမ်းထားသည်။ ထုတ်ဖော်ပြောဆိုမှုအချို့ကို တားမြစ်ပိတ်ပင်ရန် သို့မဟုတ် ပြစ်ဒဏ်ပေးရန်အလို့ငှာ ဖော်ထုတ်ရမည့် မျက်မှောက်အန္တရာယ်များကို အလေးပေးဖြေရှင်းခြင်းကို ဤချဉ်းကပ်နည်း၏ သတ်မှတ်လက္ခဏာအတိုင်း စတင်လုပ်ဆောင်ခဲ့သည်။ ယင်းအစား ဂျာမနီနှင့်ပြင်သစ်တို့ကဲ့သို့သော ဥပရာပနိုင်ငံ အမြောက်အမြားသည် အန္တရာယ်ဖြစ်နိုင်ခြေရှိခြင်းကြောင့်သာမက ၎င်းတို့၏ ကိုယ်ပိုင်တင်ဆက်ချက်များအတွက်ကြောင့်ပါ ထုတ်ဖော်ပြောဆိုမှုပုံစံများကို တားမြစ်ပိတ်ပင်သည့် ချဉ်းကပ်နည်းကို ကျင့်သုံးခဲ့ကြပါသည်။

အခြားသော လူမှုအဖွဲ့အစည်းများသည် အမုန်းစကားကို ဖော်ထုတ်၍ တန်ပြန်ရန်အလို့ငှာ ဓလေ့ထုံးတမ်းဥပဒေနှင့် တရားဝင်ဥပဒေတို့ကို အမျိုးမျိုးပေါင်းစပ်ထားနိုင်သည့် တစ်မူထူးခြားသော ယန္တရားများကို ဖန်တီးခဲ့ကြပါသည်။ ဥပမာအားဖြင့် ကဗျာစပ်ဆိုမှုက သတင်းအချက်အလက်များနှင့် အတွေးအခေါ်များကို ပျံ့နှံ့စေသည့် လူသိများသော နည်းလမ်းတစ်မျိုးဖြစ်ရာ

ဆိုမားလီးယားနိုင်ငံတွင် လူပုဂ္ဂိုလ်များသို့မဟုတ် အုပ်စုများကို စော်ကားထားသည်ဟု ရပ်ရွာတွင်းရှိသက်ကြီးရွယ်အိုများက ယူဆသည့် ကဗျာများကို ထပ်တလဲလဲစပ်ဆိုသည်ဟု အထင်ခံရသော ကဗျာပညာရှင်များကို ကဗျာအသစ်ရေးစပ်ခြင်းမှ တားမြစ်ပိတ်ပင်နိုင်ပါသည် (စထရမ်လို (Stremlau) ၂၀၁၂ ခုနှစ်)။ ရက်စက်ယုတ်မာမှုများ သို့မဟုတ် ကြီးမားသော အကြမ်းဖက်မှုဖြစ်ရပ်များကို ဖြစ်ပွားစေခဲ့သည့် အမုန်းစကား၏ အခန်းကဏ္ဍကို လေ့လာခြင်းမှတစ်ဆင့် အရေးကြီးသော သုတေသနပြုချက် ထွက်ပေါ်လာခဲ့သည် (ကယ်လိုနှင့် စတိဗ်စ် (Kellow and Steeves) ၁၉၉၈ခုနှစ်၊ တွမ်ဆန် (Thompson) ၂၀၀၇ ခုနှစ်၊ ရာနာဂီဇဝါဒရော့ (Yanagizawa-Drott) ၂၀၁၀ ပြည့်နှစ်)။ သို့သော် အမုန်းစကားဖြစ်စဉ်နှင့် အမေရိကန်နှင့် ဥရောပတို့၌ ယင်းနှင့်စပ်လျဉ်း၍ ဥပဒေကြေပ်မတ်ထားမှုများကို စူးစမ်းလေ့လာထားသော နည်းစနစ်ကျနသည့် သုတေသန ပြုချက်များမှာမူ နည်းပါးနေဆဲဖြစ်သည်။

အမုန်းစကားကို အလွန်တရာ ကျယ်ပြန့်၍ ကြိုးကိုင်ခြယ်လှယ်လွယ်သော သဘောတရားတစ်ရပ်အဖြစ်လည်း ခုခံညွှန်းဆို ထားကြပြီး ထုတ်ဖော်ပြောဆိုမှုကြောင့် အန္တရာယ်ဖြစ်ပြီး ပြင်းထန်ဆိုးရွားသော ရလဒ်များ ပေါ်ပေါက်လာနိုင်စွမ်းနှင့် စပ်လျဉ်း၍ အလေးပေးဖြေရှင်းရန်အလို့ငှာ "အန္တရာယ်ရှိသောစကားများ" နှင့် "ကြောက်စိတ်သွင်းပေးသောစကားများ" အပါအဝင် ပိုမိုကျဉ်းမြောင်းသော သဘောထားခံယူချက်များကို တင်ပြထားပါသည်။ အမုန်းစကားကို အကြမ်းဖက်မှု ဖြစ်နိုင်ခြေ နည်းပါးသည့် နေရာများအပါအဝင် လူမှုအဖွဲ့အစည်း အားလုံးနီးပါး၌ ပုံစံအချို့ သို့မဟုတ် အယောင်ဆောင်အသွင်အချို့ဖြင့် တွေ့ရှိရသော်လည်း အန္တရာယ်ရှိသော စကားများ၏ သဘောတရားကမူ "အုပ်စုအချင်းချင်း အကြမ်းဖက်မှုကို ထောက်ကူပေးနိုင်ခြေ သို့မဟုတ် ပိုမိုဆိုးရွားစေနိုင်ခြေ" သိသိသာသာရှိသည့် သီးခြားလုပ်ရပ်များကို ရည်ရွယ်ပါသည် (ဘန်နက်ရှ် (Benesch) ၂၀၁၂ ခုနှစ်)။ ဆူဆန်ဘန်နက်ရှ် (Susan Benesch) သည် အောက်ပါတို့ကို အခြေခံ၍ အန္တရာယ်ရှိသောစကားကို ခွဲခြားဖော်ထုတ်နိုင်မည့် မူဘောင်တစ်ရပ်ကို အဆိုပြုခဲ့ပါသည်။ ၁) ပြောဆိုသူ၏ စရိုက်လက္ခဏာနှင့် ထင်ပေါ်ကျော်ကြားမှု၊ ၂) နားထောင်သူများ၏ စိတ်ခံစားမှုအခြေအနေ၊ ၃) တစ်စုံတစ်ရာဖြစ်မြောက်အောင် တိုက်တွန်းသည့်အနေဖြင့် ထုတ်ဖော် ပြောဆိုသည့် စကားအကြောင်းအရာ၊ ၄) ထုတ်ဖော်ပြောဆိုမှုပြုလုပ်ရာ သမိုင်းကြောင်းနှင့် လူမှုရေးအခြေအနေနှင့် ၅) (အသုံးပြုသည့် ဘာသာစကားအမျိုးအစားအပါအဝင်) ၎င်းကို ပျံ့နှံ့စေရာ၌ အသုံးပြုသည့်နည်းလမ်းများ (ဥပမာအားဖြင့် ပြောဆိုသည့်စကားသည် ဒေသိယစကားဖြစ်ပါက အဆိုပါစကားကိုပြောဆိုသည့်ဒေသမှ ပုဂ္ဂိုလ်သည် ထိုစကားအား နိုင်ငံသုံးဘာသာစကားကို ပြောဆိုသည့်အချိန်ထက် ပိုမိုထူးခြားစွာ ကြားသိနိုင်ပါသည်။) ပိတ်ဆို့ဝန်းရံခံရသည့် စိတ်ခံစားချက်ဖြစ်လာအောင် တဖြည်းဖြည်းချင်း ဖန်တီးပေးနိုင်သည့် စကားများနှင့် အုပ်စုတစ်စု၏ ဘေးကင်းလုံခြုံမှု သို့မဟုတ် ဂုဏ်သိက္ခာကို ခုခံကာကွယ်သည့်အနေဖြင့် အကြမ်းဖက်လုပ်ရပ်များအား နောက်ဆုံး၌ တရားဝင်ဖြစ်အောင် ပြုလုပ်နိုင်သည့် စကားများကို အလေးပေးဖော်ပြရန်အတွက် "ကြောက်စိတ်သွင်းပေးသည့်စကားများ" (ဘိုင်စ် (Buyse) ၂၀၁၄ ခုနှစ်) ၏ သဘောတရားကို မကြာသေးမီက တင်ပြခဲ့သည်။ ထို့ပြင် အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာမှုများ ဆိုင်ရာ လေ့လာချက်အရ ကြောက်စိတ်သွင်းပေးသောစကားများ၏ သဘောသဘာဝသည် အကြမ်းဖက်မှု ဖြစ်စေသည့် အရာများ တဖြည်းဖြည်း ပေါ်ပေါက်လာနိုင်ခြင်းရှိမရှိကို နားလည်သဘောပေါက်စေရန်နှင့် အထိရောက်ဆုံးဖြစ်နိုင်သည့် တန်ပြန်စီမံဆောင်ရွက်ချက်များရှိသော အရေးကြီးအချက်များကို တတ်နိုင်သရွေ့ ဖော်ထုတ်သတ်မှတ်ရန် လမ်းဖွင့်ပေးသည်။

နောက်ဆုံးတွင် တန်ပြန်စီမံဆောင်ရွက်ချက်များအား ရိုးရှင်းစွာ စူးစမ်းဖော်ထုတ်ခြင်း၊ ဥပဒေကြေပ်မတ်ခြင်းနှင့် ခွဲခြားသတ်မှတ်ခြင်းတို့ထက် သာလွန်သည့် ကြိုးပမ်းဆောင်ရွက်မှုအချို့ ရှိလာပြီး ယင်းအစား အမုန်းတရားဖြစ်ပေါ်အောင် မည်သူတို့က လှုံ့ဆော်ပေးသည်၊ ထိုသူတို့က မည်သည့်အပြုအမူများအား မည်သည့်အတွက်ကြောင့်လုပ်ကြသည်တို့နှင့် စပ်လျဉ်း၍ နားလည်သိရှိရန် ကြိုးပမ်းလာကြပါသည်။ ကံမကောင်းစွာပင် အဆိုပါသုတေသနပြုချက်မျိုးမှာ ရှားပါးနေဆဲ ဖြစ်သည်။ သို့သော် အင်တာနက်နှင့် ယင်းကြောင့်ဖြစ်လာသည့် စာသားဖြင့်ဖန်တီးထားသော၊ ရုပ်ပုံဖြင့်ဖော်ပြထားသော အချက်အလက်များ၏ တည်မြဲမှုတို့သည် အဆိုပါလေ့လာချက်များအား ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ပိုမို တိုးလာစေပါသည်။ ဥပမာအားဖြင့် ကာမန်အာယာဗက်နှင့် မလီတာပိုလာကိုဗာစစ် (Karmen Erjavec and Melita Poler Kovačič) (၂၀၁၂ ခုနှစ်) တို့သည် ဆလိုဗီးနီးယား၏ အကျော်ကြားဆုံး သတင်းဝက်ဘ်ဆိုက်များတွင် ရေးသားထားသော မှတ်ချက်များ၌ အမုန်းပွားဖွယ် သတင်းစကားများကို ဆန်းစစ်လေ့လာခဲ့ပြီး ၎င်းတို့ကိုရေးသားသည့်သူအချို့နှင့် လူတွေ့ မေးမြန်းနိုင်ခဲ့ပါသည်။ ၎င်းတို့၏ သုတေသနနည်းဗျူဟာသည် မတူညီသော ပြောဆိုသူအမျိုးအစားများကို ရှာဖွေ ဖော်ထုတ်နိုင်စေခဲ့ပြီး အဆိုပါပြောဆိုသူတစ်ဦးချင်းစီသည် တစ်မူထူးခြားသော အခြေခံအကြောင်းရင်းများကြောင့် ထိုသို့ ပြုမူရန် စိတ်အားတက်ကြွခဲ့ကြခြင်းဖြစ်သည်။ ထိုအကြောင်းရင်းများတွင် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ တွင် ပါဝင်ပြီး ပုံသေကားကျအတွေးအခေါ်များကို ပျံ့နှံ့စေရန် အွန်လိုင်းလမ်းကြောင်းများကို နည်းစနစ်ကျနစွာ အသုံးပြုကာ အတိုက်အခံများ၏ ဂုဏ်သတင်းကို ဖျက်ဆီးသည့် "စစ်သားများ" မှသည် လူမှုရေးပြဿနာများကို လူအများ စိတ်ပါဝင်စား လာအောင် ပြုလုပ်ရန် အမုန်းစကားများကို အသုံးပြုသည့် "စောင့်ကြည့်လေ့လာသူများ" အထိပါဝင်ပါသည်။ ဤသို့သော သုတေသနအမျိုးအစားသည် အသုံးပြုသူအချို့အား အစွန်းရောက်သော အသုံးအနှုန်းများကို မဖြစ်မနေ အသုံးပြုရန် လှုံ့ဆော်ပေးသည့်အရာများနှင့်စပ်လျဉ်းသော အရေးကြီးထိုးထွင်းအမြင်များကို ဖော်ပြပေးပါသည်။ မှတ်ချက်ရေးသူများသည် "စစ်သားများ" က အမုန်းစကားကို မည်ကဲ့သို့ တရားနည်းလမ်းကျအောင် ပြောဆိုသည်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း

ညွှန်းဆိုလျက် ရှင်းလင်းဖော်ပြထားပါသည်။

> **အွန်လိုင်းအမုန်းစကားသည် အွန်လိုင်းမှတ်ချက်များပေးရာ၌ တစ်ခုတည်းသော ဆက်သွယ်တင်ပြနိုင်သည့် နည်းလမ်းဖြစ်သောကြောင့် သမားရိုးကျမီဒီယာများပေါ်ရှိ အမုန်းစကားနှင့် နှိုင်းယှဉ်မရနိုင်ဟု ၎င်းတို့က အခိုင်အမာဆိုသည်။ "အွန်လိုင်း အမုန်းစကားက ဆက်သွယ်တင်ပြနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ ဒါကိုမှ မသုံးရင် မင်းတို့ရဲ့ သဘောထားတွေကို ဘယ်သူမှသိမှာမဟုတ်ဘူး။" ထို့ကြောင့် မှတ်ချက်များပေးရာ၌ အမုန်းစကားများအား "ရန်သူများ" နားလည်သည့် "လျင်မြန်ထက်မြက်"ကာ "စစ်တပ်နှင့်သက်ဆိုင်"ပြီး "တစ်ခုတည်းသော ယုံကြည် လောက်သည့်"နည်းလမ်း၊ ဆက်သွယ်နိုင်သည့် "တစ်ခုတည်းသောနည်းလမ်း" အဖြစ် အသုံးပြုခြင်းကိုကျိုးကြောင်းညီညွတ်ကြောင်းရှင်းပြထားသည်။(အာယာဗက်နှင့်ကိုဗာစစ် (Erjavec & Kovačič) ၂၀၁၂ ခုနှစ်၊ စာမျက်နှာ – ၉၁၀)။**

အဆိုပါတွေ့ရှိချက်များသည် လှုံ့ဆော်သော အသုံးအနှုန်းနှင့် စိတ်မကောင်းဖြစ်ဖွယ် တင်ဆက်ချက်များဖြင့် အသုံးပြုသူများကို ရည်ရွယ်ချက်ရှိရှိ နှိုးဆွပေးသည့် အလေ့အထဖြစ်သော "အင်တာနက်ပေါ်တွင် ထရိုးလ်လုပ်ခြင်း (internet trolling)" ဆိုင်ရာ သုတေသနပြုချက်နှင့်ဆက်စပ်မှုရှိပြီး (ဘက်ကယ်နှင့်အခြားသူများ (Buckels et al.) ၂၀၁၄ ခုနှစ်၊ ဟာရင်းနှင့်အခြားသူများ (Herring et al.) ၂၀၀၂ ခုနှစ်၊ ရှင်း (Shin) ၂၀၀၈ ခုနှစ်) ၎င်းတို့သည် ဆက်သွယ်ရေး ကြားခံစနစ်တစ်ခု၏ သတင်းစကားအပေါ် လွှမ်းမိုးနိုင်ပုံနှင့်စပ်လျဉ်းသည့် အရိပ်လက္ခဏာအချို့ကို ပြသပေးပါသည်။ ပိုမိုယေဘုယျကျစွာဆိုရသော် အဆိုပါသုတေသနပြုချက်တွင် လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်၏ "ဖြေရှင်းနည်းများ" ကို ရှာဖွေခြင်းထက် ၎င်းကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းအချို့နှင့် တစ်မူထူးခြားသော အသွင်လက္ခဏာများကို ပိုမိုအခြေခံကျစွာ နားလည်သဘောပေါက်ရန် ကြိုးပမ်းထားသည်။

## အွန်လိုင်းအမုန်းစကားကို ခွဲခြားသိမြင်စေသည့်အချက်များ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လူနည်းစုပြဿနာများဆိုင်ရာ အထူးကိုယ်စားလှယ် (HRC၊ ၂၀၁၅ ခုနှစ်) ၏ လေ့လာ တွေ့ရှိထားသော အွန်လိုင်းအမုန်းစကား ပြောဆိုမှုများ တစ်ဟုန်ထိုးများပြားလာမှုသည် စိန်ခေါ်မှုအသစ်များကို ပေါ်ပေါက် လာစေသည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ရှုမြင်သုံးသပ်ချက်အား ကိုယ်စားပြုသည့် ကိန်းဂဏန်းများကို ဖော်ပြထားခြင်းမရှိသော်လည်း အွန်လိုင်းပေါ် ပျံ့နှံ့နေသည့် အမုန်းပွားဖွယ် သတင်းစကားများသည် ပိုမိုအဖြစ်များလာ သည်ဟု အမုန်းစကားကို တိုက်ဖျက်ရန် ဖွဲ့စည်းထားသော လူမှုကွန်ရက်ပလက်ဖောင်းများရော အဖွဲ့အစည်းများကပါ အသိအမှတ်ပြုလက်ခံခဲ့ကြပြီး သင့်လျော်သော တုံ့ပြန်ဖြေရှင်းမှုများ ဆောင်ရွက်ရာ၌ ယခင်ထက်ပို၍ အာရုံစိုက်လုပ်ဆောင် ခဲ့ကြသည်။[၂] တစ်ကမ္ဘာလုံးရှိ အွန်လိုင်းအမုန်းစကားဆိုင်ရာ ဖြစ်ရပ်များ စုစည်းတည်ရှိသည့် ဝက်ဘ်ဆိုက်အခြေပြု အက်ပလီကေးရှင်း ဖြစ်သော HateBase တွင်ဖော်ပြထားသည့် အချက်အလက်များအရ အမုန်းစကားဆိုင်ရာ ပြဿနာအများစုတွင် လူအများအား တိုင်းရင်းသားဖြစ်မှုနှင့် နိုင်ငံသားဖြစ်မှုတို့အပေါ် အခြေခံ၍ ပစ်မှတ်ထားခြင်းဖြစ်သော်လည်း ကိုးကွယ်ယုံကြည်မှုနှင့် လူတန်းစားတို့ကို အလေးထားလုပ်ဆောင်သည့် အမုန်းတရားလှုံ့ဆော်မှုများလည်း ပိုမိုပေါ်ပေါက်လျက်ရှိသည်။[၃]

အွန်လိုင်းအမုန်းစကားသည် အခြားမီဒီယာများအတွက် စီစဉ်သတ်မှတ်ထားသည့် ဥပဒေရေးရာစီမံချက်အချို့ကို ထိရောက်မှုမရှိ သို့မဟုတ် ဆီလျော်မှုမရှိဖြစ်စေပြီး ၎င်းကိုဖြေရှင်းရာ၌ ဒစ်ဂျစ်တယ်သတင်းအချက်အလက်နှင့် ပြန်ကြားဆက်သွယ်ရေးဆိုင်ရာနည်းပညာများ (ICTs) ဖြင့်ပြုလုပ်ထားသည့် အပြန်အလှန်ချိတ်ဆက်မှုများ၏ သတ်မှတ် သဘောသဘာဝကို ထည့်သွင်းစဉ်းစားနိုင်သော ချဉ်းကပ်နည်းများ လိုအပ်သည်။ အမုန်းတရားဖြစ်ပေါ်လာအောင် စနစ်တကျ လှုံ့ဆော်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော လက်တွေ့ဖြစ်လာမည့် အန္တရာယ်နှင့်တကွ ပေါ်ပေါက်လာနိုင်သော အကျိုးဆက် များကို မစဉ်းစားဘဲ တွစ်ပြုလုပ် (tweet) ထားသော ပေါက်ကရအကြောင်းအရာများ စုပုံလာမည့် အန္တရာယ် ရှိနေသည် (ရိုဘော်တမ် (Rowottom) ၂၀၁၂ ခုနှစ်)။ စိတ်ဝင်စားခံရမှု အနည်းငယ်သာရှိသောပို့စ် သို့မဟုတ် လုံးဝမရှိသောပို့စ်နှင့် ရေပန်းစားနေသော ပို့စ်တို့သည် ကွာခြားလှသည်။ ထို့ပြင် အစိုးရများနှင့် တရားရုံးများအနေဖြင့် ရင်ဆိုင်ရနိုင်သည့် ရှုပ်ထွေး နက်နဲမှုများလည်းရှိသည်။ ဥပမာအားဖြင့် အခြားနိုင်ငံတစ်နိုင်ငံတွင် အခြေစိုက်သည့် လူမှုမီဒီယာပလက်ဖောင်းကို တရားစွဲဆိုရန် ကြိုးပမ်းသည့်အချိန်မျိုးတွင် ဖြစ်သည်။ ထို့ကြောင့် အွန်လိုင်းအမုန်းစကားသည် ပြင်ပတွင်တွေ့ရသည့် အလားတူထုတ်ဖော် ပြောဆိုမှုများနှင့် ပင်ကိုအားဖြင့် ခြားနားခြင်းမရှိသော်လည်း အွန်လိုင်းတင်ဆက်ချက်၊ ၎င်း၏ ဥပဒေကြပ်မတ်တို့မှုနှင့် ပတ်သက်လာလျှင် တစ်မူထူးခြားသော စိန်ခေါ်မှုများရှိသည်။ ယင်းတို့အနက် တည်မြဲမှု၊ နေရာအနှံ့ပြန့်ကြဲတည်ရှိမှု၊ အမည်မဖော်မှု၊ နိုင်ငံများအချင်းချင်း တရားစီရင်မှုပြုရသည့်အလေ့နှင့်စပ်လျဉ်းသော စိန်ခေါ်မှုများသည် ဖြေရှင်းရန် အခက်ခဲဆုံးဖြစ်သည်။

အမုန်းစကားသည် အွန်လိုင်းပေါ်ရှိ ပလက်ဖောင်းပေါင်းစုံတွင် ပုံစံအမျိုးမျိုးဖြင့် အချိန်ကြာမြင့်စွာ တည်ရှိနိုင်ပြီး ၎င်းကို ထပ်တလဲလဲ ချိတ်ဆက်ပြောဆိုနိုင်ပါသည်။ အွန်လိုင်းအမုန်းစကားကာကွယ်တားဆီးရေးအဖွဲ့အစည်း (Online Hate Prevention Institute) ၏ ဥက္ကဋ္ဌဖြစ်သူ အန်ဒရေအိုဘိုလာ (Andre Oboler) က “တင်ဆက်ချက်ကို အချိန်ကြာကြာ ကြည့်လို့ရနိုင်လေ၊ အဲဒီတင်ဆက်ချက်က ပြစ်မှုကျူးလွန်ခံရသူတွေကို ဒုက္ခများများပေးနိုင်လေ၊ ပြစ်မှုကျူးလွန်သူတွေကို မြေတောင်မြှောက်ပေးလေ ဖြစ်တယ်။ အစောကတည်းကသာ တင်ဆက်ချက်ကို ဖယ်ရှားလိုက်မယ်ဆိုရင် ထိခိုက်နစ်နာမှုတွေ နည်းသွားနိုင်တယ်။ ဒီဖြစ်ရပ်က အမှိုက်ရှင်းလိုက်သလိုပါပဲ။ လူတွေကို အမှိုက်မပစ်အောင်တော့ တားလို့မရဘူး။ ဒါပေမဲ့ သင်တို့သာ ပြဿနာကို ဂရုတစိုက်မဖြေရှင်းရင် အဲဒီပြဿနာက စုပြုံလာပြီး ပိုပိုဆိုးလာဖို့ပဲရှိတယ်” ဟု မှတ်ချက်ပြုခဲ့သည်။[၆] ပလက်ဖောင်းအမျိုးမျိုးကို ပုံဖော်ပေးသည့် ဖန်တီးရေးဆွဲမှုပညာသည် အကြောင်းအရာများကို အချိန်ကာလအားဖြင့် ပိုမိုတိုတောင်းစွာ သို့မဟုတ် ပိုမိုကြာရှည်စွာ တည်ရှိအောင် ပြုလုပ်ပေးနိုင်သည်။ ရေပန်းစားသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ စုစည်းပြောဆိုကြသော တွစ်တာရှိ ပြောစကားများသည် အမုန်းပွားဖွယ် သတင်းစကားများကို မြန်ဆန်ကျယ်ပြန့်စွာ ဖြန့်ချိရာ၌ လွယ်ကူစေနိုင်သော်လည်း ၎င်းတို့သည် သြဇာလွှမ်းမိုးမှုရှိသော ဟောပြောသူများအား သတင်းစကားများကို ရှောင်ကြဉ်၍ အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်နေသည့် လူကြိုက်များသော တုံ့ပြန်ပြောကြားမှုအတွဲများကို တတ်နိုင်သရွေ့ အဆုံးသတ်စေနိုင်မည့် အခွင့်အရေးကိုလည်းဖြစ်ပေါ်စေသည်။ ဆန့်ကျင်ဘက်အားဖြင့် ဖေ့စ်ဘုတ်သည် တုံ့ပြန်ပြောကြားမှုအမြောက်အမြားကို တစ်ပြိုင်နက် ဆက်လက်ဖြစ်ပေါ်စေပြီး လူအများအား သတိမမူဖြစ်စေနိုင်ပါသည်။ ၎င်းသည် အချို့သောလူများနှင့် အုပ်စုများအား စော်ကား၊ လှောင်ပြောင်၍ ခွဲခြားဆက်ဆံမှုကို အချိန်ကြာမြင့်စွာ ခံရစေနိုင်သည့် ရပ်ဝန်းများကို ဖြစ်ပေါ်စေပါသည်။[၇]

အွန်လိုင်းအမုန်းစကားသည် နေရာအနှံ့ပြန့်ကြဲတည်ရှိနိုင်ပါသည်။ တင်ဆက်ချက်ကို ဖယ်ရှားလိုက်လျှင်ပင် ဖွင့်ဟပြောဆိုမှုကို အခြားတစ်နေရာရာတွင်၊ ဖြစ်နိုင်သည်မှာ ပလက်ဖောင်းတစ်ခုတည်းပေါ်၌ မတူညီသော အမည်တစ်ခုဖြင့်ဖြစ်စေ၊ မတူညီသော အွန်လိုင်းရပ်ဝန်းတွင်ဖြစ်စေ တွေ့နိုင်ပါသည်။ ဝက်ဘ်ဆိုက်တစ်ခုကို ပိတ်လိုက်ပါက တင်းကျပ်မှုပိုမိုနည်းပါးသော စည်းမျဉ်းများရှိသည့် ဝက်ဘ်ဆိုက်အငှားဝန်ဆောင်မှုအား အသုံးပြု၍ဖြစ်စေ၊ အမုန်းစကားအတွက် ပိုမိုမြင့်မားသော စံအတိုင်းအတာကို ပြဋ္ဌာန်းထားသည့် ဥပဒေများရှိရာ နိုင်ငံ၌ ပြန်လည်နေရာချထားပေးခြင်းဖြင့်ဖြစ်စေ ၎င်းကို လျင်မြန်စွာ ပြန်ဖွင့်နိုင်ပါသည်။ နေရာအနှံ့ ပြန့်ကြဲတည်ရှိတတ်သော အမုန်းစကား၏ သဘောသဘာဝဆိုသည်မှာ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုထားခြင်းမရှိဘဲ ယခင်တစ်ချိန်က ထောက်ခံခဲ့သည့် ဖြစ်ကတတ်ဆန်း အတွေးအခေါ်များသည် ယခုအချိန်တွင် များပြားသော ပရိသတ်များမြင်တွေ့နိုင်သည့် ရပ်ဝန်းများတွင် တည်ရှိနိုင်သည်ဟုလည်း ဆိုလိုပါသည်။[၈]

*အွန်လိုင်းပေါ်ရှိ အမုန်းစကားသတင်းများ၏ ရေရှည်တည်တံ့နိုင်စွမ်းသည် ကုန်ကျစရိတ်နည်းပါးမှုနှင့် အလျင်အမြန် ပြန်လည်သက်ဝင်လာမှုတို့ကြောင့် တစ်မူထူးခြားနေပြီး ဆွေးနွေးဖလှယ်မှုပြုရာ သတ်မှတ်အဝန်းအဝိုင်းများတွင် အစဉ်မပြတ် ဆီလျော်မှုရှိစေပါသည်။ အင်တာနက်ကို အဖွဲ့အစည်းတစ်ခုတည်းက ထိန်းချုပ်ထားခြင်းမဟုတ်သောကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက အသုံးပြုသူများ၏ လုပ်ရပ်များအား အဆက်မပြတ် ကိုင်တွယ်ဖြေရှင်းပုံနှင့်စပ်လျဉ်း၍ အွန်လိုင်းရပ်ဝန်းပိုင်ရှင်များကို ဆုံးဖြတ်ခွင့်ပြုထားသော်လည်း အင်တာနက်ကြားခံလုပ်ငန်းများနှင့် စပ်လျဉ်း၍မူ ၎င်းတို့သည် ပြဿနာတစ်ရပ်ချင်းစီ ဖြေရှင်းရနိုင်ပါသည်။ သို့သော် သတင်းအချက်အလက်လုံခြုံမှုနှင့် ကိုယ်ရေးအချက်အလက်လုံခြုံမှုဆိုင်ရာ ပညာရှင်ဖြစ်သော အီရန်ဘရောင်း (Ian Brown) သည် တင်ဆက်ချက်များကို မည်သို့ဥပဒေကြပ်မတ်သင့်သည်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရာ၌ ပုဂ္ဂလိကခုံအဖွဲ့များ၏နေရာတွင် ဝင်ရောက်ဆုံးဖြတ်မှုပြုရန် အင်တာနက်ကြားခံလုပ်ငန်းများအား မတိုက်တွန်းသင့်ဟု သတိပေးခဲ့ပါသည်။[၉] ထို့ပြင် အွန်လိုင်း၌ ထုတ်ဖော်ပြောဆိုမှုများပြုလုပ်ရာ ပုဂ္ဂလိကရပ်ဝန်းအမျိုးမျိုးကို စုစည်းထားလေ့ရှိသော်လည်း ၎င်းတို့အား မတူညီသော ထုတ်ဖော်ပြောဆိုမှုပုံစံများနှင့် တုံ့ပြန်ဖြေကြားမှုပုံစံများ ပြုလုပ်ရန် ခွင့်ပြုပေးသည့် သို့မဟုတ် ကန့်သတ်သည့် ကွဲပြားခြားနားသော ဖန်တီးရေးဆွဲမှုပညာများဖြင့် ပုံဖော်ထားပါသည်။* အသုံးပြုသူ၏ ရှုထောင့်မှကြည့်ပါက ဖေ့စ်ဘုတ်သည် လူအများက အခြားသူများနှင့် အွန်လိုင်းပေါ်တွင် အပြန်အလှန်ဆက်သွယ်သော ပုဂ္ဂလိကအွန်လိုင်းရပ်ဝန်းများကို ဖန်တီးရာ ပုဂ္ဂလိကရပ်ဝန်းနှင့် အများပိုင်ရပ်ဝန်းတို့၏ ဆုံမှတ်နေရာတွင် တည်ရှိပါသည်။ ထိုသို့ဖြစ်လျှင်ပင် မိတ်ဆွေများအကြား မျှဝေလိုက်သော ပို့စ်သည် အလှမ်းဝေးသော နေရာများအထိရောက်ပေါက်နိုင်ပြီး မမျှော်လင့်ထားသော ပရိသတ်များထံ ရောက်ရှိ၍ မရည်ရွယ်ထားသော အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။ တွစ် (tweet) တစ်ခုကို များပြားသော ပရိသတ်များထံ ပြန်လည်မျှဝေနိုင်စေပြီး အများပြည်သူဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများတွင် လူစိမ်းများ တုံ့ပြန်ပါဝင်နိုင်စေသည့် ပိုမိုကြီးမားသောအခွင့်အရေးများရှိရာ အများပိုင်ရပ်ဝန်းတစ်ခုအဖြစ် တွစ်တာကို စီစဉ်ဖန်တီးထားပါသည်။ ဆန့်ကျင်ဘက်အားဖြင့် Snapchat ကဲ့သို့သော ပလက်ဖောင်းများတွင်မူ စကားပြောဆိုမှုများပြုလုပ်ပြီးနောက် အသုံးပြုသူများအကြားရှိ ပြောဆိုမှုမှတ်တမ်းများကို ဖျက်လိုက်ခြင်းဖြင့် ပိုမိုကျဉ်းမြောင်းသော အသိုင်းအဝိုင်းများအတွင်း၌သာ စကားများကို ကျန်ရှိနေစေနိုင်ခြေ ပိုများပါသည်။

အမည်မဖော်မှုကလည်း အွန်လိုင်းအမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရာ၌ စိန်ခေါ်မှုဖြစ်စေနိုင်သည်။ “အင်တာနက်သည် အမည်မဖော်ဘဲ အမည်လွှဲဖော်ပြ၍ ပြုလုပ်သော ဆွေးနွေးမှုများကို အဆင်ပြေလွယ်ကူစေသည်။ ယင်းသည် လူသိရှင်ကြား ပြုလုပ်သော ဆွေးနွေးမှုများကို မီးလောင်ရာလေပင့်ဖြစ်စေနိုင်သကဲ့သို့ ပျက်စီးစေတတ်သည့် အမူအကျင့်ကို အလွယ်တကူ မြင့်တက်လာစေနိုင်ပါသည်” (စစ်ထရွန်နှင့်နော်တန် (Citron & Norton) ၂၀၁၁ ခုနှစ်)။ The Sentinel Project ၏

လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ ဒရူးဘွိုက် (Drew Boyd) က အောက်ပါအတိုင်း ပြောဆိုခဲ့သည်။ "အင်တာနက်တွင် လူအများသည် ၎င်းတို့အား မည်သူမှုမသိနိုင်ဟုတွေးကြသောကြောင့် ဆိုးရွားပြင်းထန်သည့်စကားများကို ပြောနိုင်သည်။ လူအများသည် မိမိပြောသည့်စကား၏ အကျိုးဆက်များကို တာဝန်ယူဖြေရှင်းရသည့် လက်တွေ့ဘဝနှင့် ဆန့်ကျင်ဘက်ဖြစ်သော အွန်လိုင်းပေါ်၌ အမုန်းစကားများပြောရသည်ကို ပိုမိုကြိုက်နှစ်သက်ကြရာ အွန်လိုင်းအမုန်းစကားသည် အခြားအရာများနှင့်မတူဘဲ ကွဲပြားလျက်ရှိပါသည်။"[၈] အချို့သော အစိုးရအဖွဲ့များနှင့် လူမှုမီဒီယာပလက်ဖောင်းများသည် အမည်အစစ် အသုံးပြုစေမည့် မူဝါဒများကို ပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အဆိုပါစီမံဆောင်ရွက်ချက်များသည် ကိုယ်ရေးအချက်အလက်လုံခြုံခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ထိပါးရာ ၎င်းတို့ကို ပြင်းပြင်းထန်ထန် ခုခံငြင်းဆိုခဲ့ကြသည်။ ထို့ပြင် အွန်လိုင်းပေါ်၌ ထရိုးလ်လုပ်မှု (online trolling) နှင့် အမုန်းစကားဖြင့် တိုက်ခိုက်မှု အများစုကို အမည်လွှဲအကောင့်များက ပြုလုပ်ကြပြီး ၎င်းတို့သည် လူတိုင်းအတွက် သေချာပေါက် အမည်လျှို့ဝှက်ပေးထားခြင်း မဟုတ်ပေ။[၉] အမှန်တကယ် အမည်လျှို့ဝှက်ထားသည့် အွန်လိုင်းဆက်သွယ်မှုများကိုပြုလုပ်ရာ၌ အသုံးပြုသူများသည် ၎င်းတို့အား အလွယ်တကူ စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိစေရန်အတွက် နည်းပညာမြင့် စီမံဆောင်ရွက်ချက်များကို အသုံးချရန်လိုအပ်သောကြောင့် ထိုဆက်သွယ်မှုများမှာ ရှားပါးလှသည်။

နောက်ထပ်ရှုပ်ထွေးသည့်အရာတစ်ခုမှာ အမုန်းစကားကို တိုက်ဖျက်ပေးမည့် ဥပဒေရေးရာယန္တရားများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း တရားစီရင်ပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် ပြဿနာများကို ဖြစ်ပေါ်စေသော အင်တာနက်၏ နိုင်ငံဖြတ်ကျော်ရောက်ရှိနိုင်မှုဖြစ်သည်။ များစွာသော နိုင်ငံများသည် နိုင်ငံအချင်းချင်း တရားဥပဒေပိုင်းဆိုင်ရာ အကူအညီပေးရေး သဘောတူစာချုပ်များ ချုပ်ဆိုထားသော်လည်း ၎င်းတို့သည် သက်ရောက်မှု အလွန် နှောင့်နှေးသည်။ ပုဂ္ဂလိကကဏ္ဍ အင်တာနက်ကြားခံလုပ်ငန်းများသည် (သတ်မှတ်တင်ဆက်ချက်တစ်ခုအား ဖန်တီးသူ၏ ဝိသေသလက္ခဏာကို ထုတ်ဖော်ပေးအပ်ခြင်းကဲ့သို့သော) နိုင်ငံများအချင်းချင်း တရားစီရင်မှုဆိုင်ရာ အချက်အလက်တောင်းဆိုမှုများ၏ သက်ရောက်မှုများကို ခံရလေ့ရှိသော်လည်း ၎င်းတို့၏ နိုင်ငံဖြတ်ကျော်ရောက်ရှိမှုသည် တစ်ခါတစ်ရံတွင် ပြဿနာများကို ပြေလည်အောင်ဖြေရှင်းရာ၌ ပိုမိုထိရောက်သော လမ်းကြောင်းကို ပံ့ပိုးပေးနိုင်သည်။ သမားရိုးကျလမ်းကြောင်းများမှ တစ်ဆင့် အမုန်းစကားများ ပျံ့နှံ့စေခြင်းနှင့် မတူသည့်အချက်မှာ ရည်ရွယ်ချက်ပါ၍ဖြစ်စေ၊ မပါဘဲဖြစ်စေ အွန်လိုင်း၌ အမုန်းစကားပျံ့နှံ့စေမှုတွင် လူပ်ရှားဆောင်ရွက်သူပေါင်းစုံ ပါဝင်လေ့ရှိသည်။ ပြစ်မှုကျူးလွန်သူများက အမုန်းပွားဖွယ် သတင်းစကားကို ပျံ့နှံ့စေရာ၌ အွန်လိုင်းလူမှုပလက်ဖောင်းတစ်ခုကို အသုံးချသည့်အခါ ၎င်းတို့သည် ကျူးလွန်ခံရသူများကို ထိခိုက်နစ်နာစေသည်သာမက ၎င်းတို့၏တည်နေရာပေါ်မူတည်၍အဆိုပါပလက်ဖောင်းရှိစည်းမျဉ်းသတ်မှတ်ချက်များနှင့် တစ်ခါတစ်ရံတွင် နိုင်ငံ့ဥပဒေကိုပင် ချိုးဖောက်မိနိုင်သည်။ ယင်းမှာ ၎င်းတို့၏ တည်နေရာပေါ်မူတည်ပါသည်။ ၎င်းတို့၏ လုပ်ရပ်ကြောင့် ကျူးလွန်ခံရသူများသည် အွန်လိုင်းအနှောင့်အယှက်ပေးမှုနှင့် တွေ့ကြုံရသည့်အခါ မည်သူတို့အား အကူအညီ တောင်းသင့်သည်ကိုပင်မသိဘဲ အကူအညီကင်းမဲ့သလို ခံစားရနိုင်သည်။ ဤလေ့လာချက်တွင် ချိတ်ဆက်ဖော်ပြထားသည့် တုံ့ပြန်ဖြေရှင်းမှုအမျိုးအစားများတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တိုက်တွန်းစည်းရုံးရေးအဖွဲ့များ ပြုလုပ်လေ့ရှိသည့် စုပေါင်းဆောင်ရွက်မှုသည် မတူညီသော ပတ်သက်ဆက်နွှယ်သူများကို အရေးယူဆောင်ရွက်ရန်အလို့ငှာ အသိပညာပေး၍ တိုက်တွန်းအားပေးရာ၌ ထိရောက်မှုရှိသော လုပ်နည်းလုပ်ဟန်တစ်ရပ် ဖြစ်ခဲ့သည်ဟု ယူဆရသည်။

## အွန်လိုင်းအမုန်းစကားကို တုံ့ပြန်ဖြေရှင်းမှုများ – တရားဥပဒေပိုင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များနှင့် တရားဥပဒေပိုင်းဆိုင်ရာမဟုတ်သော စီမံဆောင်ရွက်ချက်များ

အွန်လိုင်းအမုန်းစကားနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအများဆုံး **တုံ့ပြန်ဖြေရှင်းမှုများ** ဆောင်ရွက်ရာတွင် တရားဥပဒေရေးရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တရားဥပဒေရေးရာနည်းလမ်းများကို အဓိကအလေးပေးထားသော်လည်း ဤချဉ်းကပ်နည်းတွင် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ကန့်သတ်ချက်များ ပါဝင်ပါသည်။ ပထမဆုံးအနေဖြင့် ဥပဒေနှင့် အာဏာတို့သည် ရောထွေး ပတ်သက်နေပါသည်။ ရောဘတ်ပို့စ် (Robert Post) သည် "အမုန်းစကားကို ဥပဒေကြပ်မတ်ခြင်းဟူသည် ကောင်းမွန်သော လူမှုအဖွဲ့အစည်းတစ်ခု၏ လူသတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့် သဘာဝအလျောက်တည်ရှိသော စံသတ်မှတ်ချက်များကို ရိုးရှင်းစွာ ပြဋ္ဌာန်းခြင်းဖြစ်ပုံရသော်လည်း [...] လူမှုဗေဒနှင့် မနုဿဗေဒဆိုင်ရာ ရှုထောင့်မှကြည့်ပါက ဥပဒေသည် ၎င်းတွင်ပါဝင်သည့်အကြောင်းအရာများကို ထိန်းချုပ်ထားသော လွှမ်းမိုးခြယ်လှယ်သူအုပ်စု၏ ဓလေ့များကိုသာ အမှန်တကယ် ပြဋ္ဌာန်းသတ်မှတ်ခြင်းဖြစ်ကြောင်း သိရပါသည်။ နိုင်ငံတွင်း အမုန်းတရားကို ဖြစ်ပေါ်စေသည့်စကားများကို တားမြစ်ကန့်သတ်ရန် တရားဥပဒေကို တွန်းအားပေးသော မက်ခီယာဗယ်လီ (Machiavelli) တိုင်းအတွက် 'အာဏာရှင်ကိုမုန်းရန်' ကျွန်ုပ်တို့ကို တိုက်တွန်းသည့် ဝေါ့ဝစ်ထမန်း (Walt Whitman) ရှိတတ်ပါသည်" ဟု လေ့လာတွေ့ရှိခဲ့ပါသည် (ပို့စ်နှင့် အခြားသူများ (Post et al.) ၂၀၀၉ ခုနှစ်)။ ဥပမာအားဖြင့် လူမျိုးရေးခွဲခြားသောနိုင်ငံရေးစနစ်ရှိသည့် တောင်အာဖရိကတွင်

ပြဋ္ဌာန်းထားသည့် အမုန်းစကားဥပဒေအား လူဖြူများ၏လွှမ်းမိုးခြယ်လှယ်မှုအား ဝေဖန်တိုက်ခိုက်ခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ရာ၌ အသုံးပြုခဲ့ကြပြီး ၎င်းသည် အမုန်းစကားကန့်သတ်ချက်များကို နိုင်ငံရေးအရ အလွဲသုံးစားပြုနိုင်ခြေ ရှိသည်ကို ပုံဖော်ပြသခဲ့သည်။[၁၀]

ဒုတိယအနေဖြင့် ငြင်းခုံမှုနှင့် သဘောထားကွဲလွဲမှုတို့မှတစ်ဆင့် လူမှုအဖွဲ့အစည်းများ ပြောင်းလဲတိုးတက်လာပုံကို တရားဥပဒေစနစ်သက်သက်ဖြင့် သိရှိခွင့်မရနိုင်ပါ။ အမုန်းစကားသည် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကောင်းပြီး သဘော ကွဲလွဲမှုကို အသေးစားထုတ်ဖော်ပြောဆိုခြင်းမျိုးဖြစ်သော်လည်း ၎င်းကို နက်ရှိုင်းစွာအမြစ်တွယ်နေသည့် တင်းမာမှုများနှင့် မတရားမှုများကို တွေ့မြင်နိုင်သော ပြတင်းပေါက်တစ်ခုအဖြစ်လည်းမြင်နိုင်သည်။ ၎င်းတို့ကိုလည်း ထုတ်ဖော်ပြောဆိုမှု ဆိုင်ရာပြဿနာများနှင့် အွန်လိုင်းကဏ္ဍတို့ထက် ပိုမိုသာလွန်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

တတိယအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လူနည်းစုပြဿနာများဆိုင်ရာ အထူးကိုယ်စားလှယ်က ဦးတည် အုပ်စုများကို စွပ်စွဲခြင်း၊ သိက္ခာချခြင်းများနှင့် မုန်းတီးမှုဖြစ်အောင် လှုံ့ဆော်မှုတို့မပါဘဲ အမုန်းရာဇဝတ်မှုများ ပေါ်ပေါက်ရန် ခဲယဉ်းတတ်သည်ဟု ဆိုပါသည်။ တစ်ချိန်တည်းမှာပင် "ယေဘုယျအားဖြင့် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုတို့ဖြစ်အောင် လှုံ့ဆော်မှုပြုသည့် အမုန်းစကားများအစရှိသည့် စံတင်ဖွယ်အကောင်းဆုံး အမုန်းစကား ပုံစံများကိုသာ တရားဥပဒေနှင့်မညီညွတ်ဟု ယူဆသည်။" (HRC၊ ၂၀၁၅ ခုနှစ်)။ ဆက်လက်၍ ကိုယ်စားလှယ်သည် ထုတ်ဖော် ပြောဆိုမှုအမျိုးအစားသုံးခုကို ခွဲခြားသိမြင်ခြင်း၏ အရေးပါမှုကို မှတ်ချက်ပြုခဲ့ပါသည်။ ၎င်းတို့မှာ (က) ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုမှုပြုနိုင်သည့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုပါဝင်သည့် ထုတ်ဖော်ပြောဆိုမှု၊ (ခ) ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ချမှတ်၍မရနိုင်သော်လည်း တားမြစ်ကန့်သတ်ရန်နှင့် တရားမမှုအဖြစ်သတ်မှတ်ရန် ကျိုးကြောင်းညီညွတ် နိုင်သော ထုတ်ဖော်ပြောဆိုမှု၊ (ဂ) ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမရေးရာ အရေးယူမှုများကို မပေါ်ပေါက်စေသော်လည်း အခြားသူများအပေါ် သည်းခံနိုင်မှု၊ ယဉ်ကျေးမှုနှင့် လေးစားမှုတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေနိုင်သေးသည့် ထုတ်ဖော်ပြောဆိုမှုတို့ဖြစ်ကြသည်။ ထိုအမျိုးအစားသုံးခုက မီးမောင်းထိုးပြသနေသည်မှာ အမျိုးအစား (က) တွင် ဥပဒေ၏ အခန်းကဏ္ဍပါဝင်သော်လည်း အမုန်းရာဇဝတ်မှုများဖြစ်ပွားမည့် အခြေအနေဖြစ်လာအောင် ပံ့ပိုးမှုပြုနိုင်သည့် ထုတ်ဖော် ပြောဆိုမှုအမျိုးမျိုးကို လုံလောက်စွာဖြေရှင်းပေးသော တုံ့ပြန်ဆောင်ရွက်ချက်အဖြစ် တရားဥပဒေပိုင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များကို မတွေ့မြင်နိုင်ခြင်းဖြစ်သည်။

ဤလေ့လာချက်တွင် အမုန်းစကားအား ဥပဒေကြပ်မတ်ပေးသည့် အရေးကြီးဆုံးသော ဥပဒေစာချုပ်များကို ကျယ်ပြန့်စွာ ခြုံငုံသုံးသပ်ထားသော်လည်း ၎င်းတွင် နိုင်ငံတော်က အစပျိုးဆောင်ရွက်သော တရားဥပဒေပိုင်းဆိုင်ရာ စီမံဆောင်ရွက်ချက် များထက် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လူမှုရေးရာ လုပ်ဆောင်မှုအဆင့်များကို အထူးအသားပေးဖော်ပြထားကြောင်း တွေ့ရသည်။ အဆိုပါလုပ်ဆောင်မှုအဆင့်များ၏ သာဓကတစ်ခုမှာ ဥပမာအားဖြင့် အွန်လိုင်းအသိုက်အဝန်းတစ်ခုက အမုန်းပွားဖွယ်သတင်းစကားများကို တိုက်ဖျက်ရှောင်ကြဉ်ရန် ဆော်ဩစည်းရုံးခဲ့ခြင်းပင်ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လူနည်းစုပြဿနာများဆိုင်ရာ အထူးကိုယ်စားလှယ်က "အမုန်းစကားနှင့်စပ်လျဉ်း၍ တရားဥပဒေအရ တုံ့ပြန်ဖြေရှင်းမှုအပေါ် အာရုံစိုက်မှု အများအပြားကို ထိုက်သင့်လျော်ညီစွာ ပေးထားသော်လည်း တရားဥပဒေပိုင်းဆိုင်ရာနှင့် လူမှုရေးရာ တုံ့ပြန်ဖြေရှင်းမှုများကို ဆောင်ရွက်ရာ၌လည်း ထိုနည်းတူစွာ အာရုံစိုက်၍ ဆွေးနွေးသင့် သည်။" (HRC၊ ၂၀၁၅ ခုနှစ်)

လေ့လာချက်၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ အခန်း (၃) တွင် နည်းစနစ်နှင့်စပ်လျဉ်း၍ အကျဉ်းရုံး ဆွေးနွေးတင်ပြထားပြီးနောက် အခန်း (၄) ၌ အွန်လိုင်းအမုန်းစကားဆိုင်ရာ အဓိကအငြင်းပွားမှုများကို ဆန်းစစ်၍ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်ပုံကို ချိတ်ဆက်ဖော်ပြကာ အွန်လိုင်းပေါ် ထုတ်ဖော် ပြောဆိုမှုများအား ဥပဒေကြပ်မတ်ရာ၌ပါဝင်သည့် ကုမ္ပဏီများ၏ အခန်းကဏ္ဍသစ်ကို သုံးသပ်ထားသည်။ ဥပမာအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများက အမုန်းစကားကို အဓိပ္ပာယ်သတ်မှတ်၍ တုံ့ပြန်ဖြေရှင်းရာ၌ ပိုမိုရှင်းလင်းပြတ်သားမှု ရှိစေရန် ရည်ရွယ်သည့် အကြံပေးလုပ်ငန်းစဉ်များတွင် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်နှင့်စပ်လျဉ်း၍ ရှင်းလင်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် လူအများက မည်သို့မည်ပုံဆက်သွယ်ပြောဆိုနေကြသည်ကို ပုံဖော်ပေးလေ့ရှိသည့် ပုဂ္ဂလိကရပ်ဝန်းသစ်များကပါ အများဆိုင်လုပ်ဆောင်ချက်အား ဆောင်ရွက်နေပုံကို ဘေးချိတ်လျက် အများပြည်သူ၏ အသက်အန္တရာယ်များအတွက် အစိုးရများအား အဓိကတာဝန်ဝတ္တရားရှိသူများအဖြစ် ဦးတည်သတ်မှတ်လေ့ရှိပုံကို မီးမောင်းထိုးဖော်ပြထားသည်။ ဖေ့စ်ဘုတ် သို့မဟုတ် တွစ်တာကဲ့သို့ လူမှုကွန်ရက်များကို အသုံးပြုသူများသည် နိုင်ငံ့ဥပဒေကိုသာမက လူမှုကွန်ရက်၏စည်းမျဉ်းသတ်မှတ်ချက်ဆိုင်ရာ သဘောတူညီချက်များအပြင် လူမှုကွန်ရက်များက သတ်မှတ်ပြဋ္ဌာန်းထားသည့် ယန္တရားများကိုပါ လိုက်နာရသည်။

အခန်း (၅) တွင် အမုန်းပွားဖွယ်သတင်းစကားများ ထွက်ပေါ်လာမှု နှင့်/သို့မဟုတ် ပျံ့နှံ့မှုကို တန်ပြန်ရန် မိတ်ဆက် ဖော်ပြထားသည့် ပဏာမအစီအစဉ်လေးမျိုး၏ ပိုမိုကျယ်ပြန့်သော အရေးပါမှုကို စူးစမ်းလေ့လာထားသည်။ အဆိုပါ ပဏာမအစီအစဉ်များမှာ ၁) မတူညီသော ထုတ်ဖော်ပြောဆိုမှု အမျိုးအစားများကို ခွဲခြားသိရှိနိုင်စေမည့် အစောပိုင်း သတိပေးစနစ်များနှင့် နည်းလမ်းများကို စီစဉ်ရေးဆွဲလျက် အွန်လိုင်းအမုန်းစကားများ မည်သို့ထွက်ပေါ်ပျံ့နှံ့လာသည်နှင့်

စပ်လျဉ်း၍ ကြည့်ရှုလေ့လာမည့် သုတေသနပြုကြိုးပမ်းဆောင်ရွက်ချက်များ၊ ၂) အွန်လိုင်းပေါ်ရှိ အမုန်းတရားနှင့် ပြင်ပရှိ အကြမ်းဖက်မှုတို့အား ချိတ်ဆက်ပေးသည့် ခြိမ်းခြောက်မှုများပေါ်ပေါက်လာခြင်းကို ဖြေရှင်းရန်အတွက် နိုင်ငံလုံးဆိုင်ရာနှင့် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့များဖွဲ့စည်းရန် ကြိုးပမ်းနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ၏ ပူးပေါင်းဆောင်ရွက်ချက်များ၊ ၃) အွန်လိုင်းအမုန်းစကားအား တက်ကြွစွာတုံ့ပြန်ဖြေရှင်းရာတွင် လူမှုကွန်ရက်ပလက်ဖောင်းများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများကို ပိုမိုတောင့်တင်းခိုင်မာသော အခန်းကဏ္ဍမှ ပါဝင်စေရန် တိုက်တွန်းအားပေးသည့် ပဏာမအစီအစဉ်များ၊ ၄) အမုန်းပွားဖွယ်သတင်းစကားများကို သရုပ်ဖော်တုံ့ပြန်ရာ၌ အသုံးပြုသူများအား အဆင်သင့် ဖြစ်နေစေရန် ရည်ရွယ်သည့် မီဒီယာဆိုင်ရာ သိနားလည်မှုဆိုင်ရာ ကမ်ပိန်းများနှင့် ပဏာမအစီအစဉ်များ ဖြစ်ကြသည်။ အဆိုပါကိစ္စရပ်များအပြင် အွန်လိုင်းအမုန်းစကား၏သဘောသဘာဝ၊ ဖြစ်နိုင်ခြေရှိသော တုံ့ပြန်ဖြေရှင်းမှုများနှင့် စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်လျက်ရှိသော အငြင်းပွားမှုများအပေါ် ပြုစုထားသည့် ဆန်းစစ်လေ့လာချက်တို့ကို အခြေပြုလျက် ပတ်သက်ဆက်နွယ်သူအမျိုးမျိုးအနေဖြင့် လက်တွေ့ကျ၍ အံဝင်ခွင်ကျဖြစ်အောင် စီမံထားသော တုံ့ပြန်ဖြေရှင်းမှုများကို စီစဉ်ဆောင်ရွက်ရာ၌ ကျင့်သုံးနိုင်သည့် အကြံပြုချက်များကိုဖော်ပြကာ အခန်း (၆) ကို နိဂုံးချုပ်ထားသည်။

# ၃။ နည်းစနစ်

ဤအစီရင်ခံစာတွင် အွန်လိုင်းအမုန်းစကားဆိုင်ရာ ပြဿနာများနှင့် ထိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့် လူမှုရေးရာ တုံ့ပြန်ဖြေရှင်းမှုများကို အသားပေးဖော်ပြထားသည်။ လက်တွေ့မျက်မြင်ကို အခြေခံသည့် ကိုးကားချက်များသည် ပိုမို ကျယ်ပြန့်သော အဆိုပါလုပ်ငန်းတာဝန်၏ နောက်ခံကျောရိုးအဖြစ် လုပ်ဆောင်ထားသည်။ ရလဒ်မှာ များစွာဆီလျော်မှုရှိသည့် လူမှုရေးရာ တုံ့ပြန်ဖြေရှင်းမှုအမျိုးအစားများကို ခန့်မှန်း၍ခွဲခြားထားသည့် အမျိုးအစားအုပ်စုဖြစ်သော်လည်း လက်တွေ့တွင်မူ ထပ်တူကျနေသည့် အမျိုးအစားများလည်း ရှိနေနိုင်သည်။

ဤအစီရင်ခံစာတွင်ပါဝင်သည့် သုတေသနပြုချက် မဟာဗျူဟာတွင် ဒေတာစုဆောင်း၍ ဆန်းစစ်လေ့လာမှုပြုရာ၌ အသုံးပြုနိုင်သည့် နည်းစနစ်ပေါင်းစုံ ပေါင်းစပ်ထည့်သွင်းထားသည်။ မတူညီသော နိုင်ငံများနှင့် တိုက်ကြီးများတွင် အမုန်းစကားအားကိုင်တွယ်ဖြေရှင်းပုံနှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာထားသော ဥပဒေပိုင်းဆိုင်ရာစာပေပညာနှင့် အမုန်းတရား အခြေပြုအွန်လိုင်းရပ်ဝန်းများရှိ အသုံးပြုသူအမူအကျင့်များကို စူးစမ်းလေ့လာထားသော လူမျိုးစုရေးရာလေ့လာချက်များ အပါအဝင် အွန်လိုင်းအမုန်းစကားများအား လိုက်ဖက်ရာရှုထောင့်များမှ ချဉ်းကပ်လေ့လာထားသော အစဉ်အလာများကို ခြုံငုံဖော်ပြထားသည့် ကျယ်ပြန့်ပြည့်စုံသော စာပေအရေးအသားပိုင်းဆိုင်ရာ သုံးသပ်ချက်နှင့် သုတေသနပြုချက်ကို အစပြုထားသည်။ စုံစမ်းစစ်ဆေးရာမှတွေ့ရှိရသော ဤဖြစ်စဉ်၏ ဆန်းသစ်မှုနှင့် လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်တတ်သည့် သဘောသဘာဝတို့အရ စာပေအရေးအသားပိုင်းဆိုင်ရာ သုံးသပ်ချက်၌ ပညာရှင်များက ၎င်းတို့ဘလော့ဂ်များ၊ အထူးထုတ်ဝေမှုစာအုပ်များ၊ ပင်မအွန်လိုင်းသတင်းစာစောင်များနှင့် မဂ္ဂဇင်းများတွင် ဖြန့်ချိထားသည့် ပညာရပ်ပိုင်းဆိုင်ရာ မဟုတ်သော ဆောင်းပါးများကိုလည်း ထည့်သွင်းထားသည်။ ပထမအဆင့်က အငြင်းပွားမှုပုံစံများကို သိရှိနားလည်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှသည် အစိုးရအဖွဲ့များအထိပါဝင်သော ပတ်သက်ဆက်နွှယ်သူအမျိုးမျိုးနှင့် ပုဂ္ဂလိကကဏ္ဍ ကုမ္ပဏီများက တင်ပြထားသည့် အရေးအကြီးဆုံးမေးခွန်းများကို ဖော်ထုတ်ဖြေရှင်းစေမည့် ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေး ထားသည်။

အစီရင်ခံစာ၏ ပင်မကျောရိုးသည် အွန်လိုင်းအမုန်းစကား၏ ရှုထောင့်အမျိုးမျိုးကို ဖော်ပြထားသည့် ဖြစ်ရပ်များနှင့် စပ်လျဉ်းသော ဆန်းစစ်လေ့လာချက်အပေါ် အခြေပြုထားပြီး သက်ဆိုင်ရာနိုင်ငံသားများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များမှ ထောက်ကူထားသည့် စနစ်တကျစီစဉ်ထားသော အွန်လိုင်းလုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်းကဲ့သို့ တုံ့ပြန်ဖြေရှင်းမှု ပြုရန်အတွက် သတ်မှတ်ရေးဆွဲထားသည့် မဟာဗျူဟာများအား မီးမောင်းထိုးဖော်ပြထားသည်။ တစ်စိတ်တစ်ပိုင်း ပုံစံချထား သည့် လူတွေ့မေးမြန်းမှုများကို ဖေ့စ်ဘုတ်နှင့် ဂူဂဲလ်အစရှိသည့် လူမှုမီဒီယာပလက်ဖောင်းများ၏ ကိုယ်စားလှယ်များမှသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအထိအပါအဝင် သက်ဆိုင်ရာပတ်သက်ဆက်နွှယ်သူများနှင့် ဆောင်ရွက်ထားသည်။ ကျွန်ုပ်တို့အနေဖြင့် အွန်လိုင်းအမုန်းစကားကို တန်ပြန် ရန်အတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုင်ရာ ပဏာမအစီအစဉ်များကို စတင် မိတ်ဆက်ပေးခဲ့သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) မှ ထုတ်လုပ်သည့် တင်ဆက်ချက်များနှင့် ဖေ့စ်ဘုတ်၊ တွစ်တာ၊ ယူကျူအစရှိသည့် အွန်လိုင်းမီဒီယာ ပလက်ဖောင်းများ၏ စည်းမျဉ်းသတ်မှတ်ချက်ဆိုင်ရာ သဘောတူညီချက်များ ကိုလည်း ဆန်းစစ်လေ့လာခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အွန်လိုင်းတင်ဆက်ချက်များအား အမှန်တကယ် ကြည့်ရှုလေ့လာခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်စေရန်ဖြစ်သည်။ အမုန်းစကားနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများ၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှုနှင့် NGO များ၏ ပူးပေါင်းဆောင်ရွက်မှုများအတွက် နှိုင်းယှဉ်မှုများလည်း ပြုလုပ်ထားပြီး စောင့်ကြည့်လေ့လာမှုဆိုင်ရာ နည်းစနစ်များကို နိုင်ငံများအနှံ့ မည်သို့ချိန်ညှိအသုံးပြုပုံ၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုင်ရာ ကမ်ပိန်းများက ပရိသတ်အမျိုးမျိုးကို မည်သည့်ရလဒ် များဖြင့် ပစ်မှတ်ထားပုံတို့အပြင် လူမှုမီဒီယာအဖွဲ့အစည်းများကို စည်းရုံးလှုံ့ဆော်ရန်အတွက် ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေးအုပ်စုများ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့များ အသုံးပြုသော မဟာဗျူဟာများကို စူးစမ်းလေ့လာထားသည်။

အွန်လိုင်းအမုန်းစကားဆိုင်ရာ ထင်မြင်ချက်များနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အတိုင်းအတာမှာ ကျယ်ပြန့်သော်လည်း ၎င်းတို့တစ်ခုချင်းစီအတွက် သာမန်မေးခွန်းများကို မေးမြန်းထားကြသည်။ အချက်အလက် စုဆောင်းမှုလုပ်ငန်းစဉ်သည် အမုန်းစကားများကို ကြည့်ရှုလေ့လာ၍ ဥပဒေကြောင်းမတ်ခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့ အခြေခံ အခွင့်အရေးများအကြားရှိ ထိရှလွယ်သော ဟန်ချက်ညီမှုနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်ရန် ရည်ရွယ်သည်။ အင်တာနက်က ဆောင်ကြဉ်းပေးလာသည့် ထုတ်ဖော်ပြောဆိုမှုပုံစံများနှင့် ဥပဒေကြောင်းမတ်မှုဆိုင်ရာ ရှုပ်ထွေးနက်နဲမှု များကြောင့် အွန်လိုင်းအဝန်းအဝိုင်းကို သီးခြားလူမှုရပ်ဝန်းတစ်ခုအဖြစ် မှတ်ယူခြင်းမရှိကြောင်းကို ထင်ရှားစေရန် အထူး ဂရုပြုဆောင်ရွက်ထားသည်။

# ၄။ မူဘောင်များ

အမုန်းစကားသည် ဂုဏ်သိက္ခာ၊ လွတ်လပ်သော ထုတ်ဖော်ပြောဆိုမှု၊ လွတ်လပ်မှု၊ ဒီမိုကရေစီတို့နှင့်စပ်လျဉ်းသည့် အငြင်းပွားဖွယ်ပြဿနာများကို ဖြစ်ပေါ်စေသည်။ ဤအခန်းတွင် အမုန်းစကားနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုတို့၏ အားပြိုင်မှုကို အလေးပေးထားသည့် အဓိက အယူအဆအခြေပြုပြဿနာများကို အကြမ်းဖျင်းဖော်ပြထားသည်။ ၎င်းတွင် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ပင်မဥပဒေစာချုပ်များက အဆိုပါအားပြိုင်မှုအား မည်သို့ဖြေရှင်းပေးပုံနှင့် ထုတ်ဖော်ပြောဆိုမှုပြုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းသစ်များ၏ ပိုင်ရှင်များက ၎င်းတို့အနေဖြင့် အမုန်းစကားအဖြစ် တွေ့ရှိမှုအမျိုးမျိုးအား ဥပဒေကြြပ်မတ်ရန် မည်သို့ကြိုးပမ်းပုံတို့ကို စူးစမ်းလေ့လာထားသည်။ အဆိုပါ မူဘောင်အမျိုးမျိုးသည် လူမှုရေးရာ တုံ့ပြန်ဖြေရှင်းမှုများ ပေါ်ပေါက်လာပြီး အသက်ဝင်လည်ပတ်စေမည့် အခြေအနေမျိုး ဖန်တီးပေးလေ့ရှိကာ ကိုးကားချက်များအဖြစ်လည်း ဆောင်ရွက်ပေးသည်။

## အမုန်းစကား – အမုန်းစကားကို ရှာဖွေဖော်ထုတ်၍ တန်ပြန်ပေးနိုင်မည့် နိုင်ငံတကာ အခြေခံမူများကို စူးစမ်းလေ့လာခြင်း

အမုန်းစကားကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများစွာတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်း မရှိသော်လည်း လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူအချို့တွင် သွယ်ဝိုက်၍ အရေးကြီးကြောင်း ယူဆထားသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းရှိ ရက်စက်ယုတ်မာမှုများကို တုံ့ပြန်မှုတစ်ခုအဖြစ် မူကြမ်းရေးဆွဲခဲ့သည့် ၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR) တွင် အပိုဒ် (၇) ပါ ဥပဒေအရ တူညီစွာ အကာအကွယ်ရရှိခံစားပိုင်ခွင့်ပါဝင်သည်။ ၎င်းတွင် “လူအားလုံးတို့သည် ဤကြေညာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ ခွဲခြားခြင်းမှလည်းကောင်း၊ ထိုသို့ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှလည်းကောင်း၊ ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်” ဟုဖော်ပြထားသည်။[၁၁] ထို့ပြင် UDHR ၌ လူတိုင်းသည် “အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှတစ်ဆင့် နယ်နိမိတ် အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်” တို့အပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လည်းရှိကြောင်း ဖော်ပြထားသည်။[၁၂] အဆိုပါအပိုဒ်များကို ပေါင်းစပ်ကြည့်ပါက လူတိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ခွဲခြားဆက်ဆံမှုမှ အကာအကွယ်ရရှိခံစားပိုင်ခွင့်ရှိကြောင်း ကောက်ချက်ချနိုင်သည်။ အခြားတစ်နည်းဖြင့်ဆိုရသော် ထုတ်ဖော်ပြောဆိုမှုတွင် ခွဲခြားဆက်ဆံမည့် ရည်ရွယ်ချက်များ ပါဝင်နေသရွေ့ အမုန်းစကား ပြောဆိုခံရခြင်းမှ ကင်းလွတ်အောင် အကာအကွယ် ရရှိခံစားပိုင်ခွင့် လူတိုင်းတွင် ရှိသည်။ (မော်ဆင့် (Morsink)၊ ၁၉၉၉ ခုနှစ်)

UDHR သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအတွက် မူဘောင်နှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲချမှတ်ရာတွင် တိကျပြတ်သားသော်လည်း ကြေညာစာတမ်းသည် စည်းနှောင်မှုမရှိပေ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်းမှအကာအကွယ်ရရှိခံစားပိုင်ခွင့်တို့အတွက်ပိုမိုခိုင်မာသောကာကွယ်စောင့်ရှောက်မှုပေးနိုင်စေရန်အလို့ငှာ နောက်ပိုင်းတွင် စည်းနှောင်မှုရှိသော စာတမ်းများကို ဖန်တီးချမှတ်ခဲ့သည်။ အဆိုပါစာတမ်းများအနက် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) သည် အမုန်းစကားကို ဖြေရှင်းရာတွင် အရေးအကြီးဆုံးနှင့် ပြည့်စုံမှုအရှိဆုံးဖြစ်ပြီး ၎င်း၏ အပိုဒ်(၁၉)၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အပိုဒ်(၂၀)တွင် ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုပေါ်ပေါက်အောင် လှုံ့ဆော်ပေးသည့် အမုန်းတရားဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးမှုကို တားဆီးခြင်းတို့ပါဝင်သည်။ အခြားသော ပိုမိုအံဝင်ခွင်ကျဖြစ်သည့် နိုင်ငံတကာ ဥပဒေစာချုပ်များတွင် အမုန်းစကားအား အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ၎င်းနှင့်စပ်လျဉ်းသည့် တုံ့ပြန်ဖြေရှင်းမှုများအား စူးစမ်းဖော်ထုတ်မှုတို့အတွက် ဂယက်ရိုက်မှုများရှိသော ပြဋ္ဌာန်းချက်များပါဝင်သည်။ ဥပမာအားဖြင့် လူမျိုးတုံးသတ်ဖြတ်သည့် ရာဇဝတ်မှုအား ကာကွယ်တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် (၁၉၅၁ ခုနှစ်)၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မျိုးစုံပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် – ICERD (၁၉၆၉ ခုနှစ်) နှင့် အံဝင်ခွင်ကျဖြစ်မှုပမာဏနည်းသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် – CEDAW (၁၉၈၁ ခုနှစ်) တို့ ဖြစ်ကြသည်။

## *အမုန်းစကားနှင့် ICCPR*

ICCPR တွင် "အမုန်းစကား" ဟူသော ဝေါဟာရကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်းမရှိသော်လည်း ၎င်းသည် အမုန်းစကားနှင့် ယင်းနှင့်စပ်လျဉ်းသော ဥပဒေကြပ်မတ်မှုဆိုင်ရာ အငြင်းပွားမှုများတွင် ကိုးကားလေ့ရှိသည့် ဥပဒေစာချုပ်ဖြစ်သည်။ "ပဋိညာဉ်စာချုပ်ဗဟိုချက် (core of the Covenant)" (နိုဝက် (Nowak) ၁၉၉၃ ခုနှစ်) ၏ တစ်စိတ်တစ်ပိုင်းကို ကိုးကားထားသည့် အပိုဒ် ၁၉ တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖော်ပြထားသည်။ ၎င်းတွင် ထိုအခွင့်အရေးကို ပြဋ္ဌာန်းထားသည့်အပြင် ယင်းနှင့်စပ်လျဉ်းသော ကန့်သတ်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုရှိရမည်ဟူသည့် အထွေထွေ ထိန်းချုပ်မှုများလည်း ပါဝင်သည်။

သို့သော် အပိုဒ် ၁၉ ၏နောက်တွင် "ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်ပေးသည့် နိုင်ငံသားဆိုင်ရာ သို့မဟုတ် လူမျိုးရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ အမုန်းတရားဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးမှု" နှင့်စပ်လျဉ်းသည့် အမှုကိစ္စများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ပြတ်သားစွာ ကန့်သတ်ထားသည့် အပိုဒ် (၂၀) ကို ဖော်ပြထားသည် (လီယိုနှင့်အခြားသူများ (Leo et al.)၊ ၂၀၁၁ခုနှစ်)။ အမုန်းတရား သဘောအသွင်ဆောင်နိုင်သည့် အဆိုပါပြဋ္ဌာန်းချက်အား ထည့်သွင်းမည့် ဆုံးဖြတ်ချက်ကို ပြင်းထန်စွာ ငြင်းခုံထောက်ပြခဲ့ကြပါသည်။ ၁၉၅၅ ခုနှစ် မူကြမ်းနှင့်စပ်လျဉ်းသည့် မှတ်ချက်များသည် သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေခဲ့သည်။[၃၃] အချို့သော နိုင်ငံများသည် အမုန်းစကားအား ကိုင်တွယ်ဖြေရှင်းရာ၌ ပြည့်စုံလုံလောက်မှုရှိစေရန်အတွက် ပိုမိုယေဘုယျကျသော လွတ်လပ်စွာထုတ်ဖော်ခွင့်ဆိုင်ရာ ကန့်သတ်ချက်အပိုဒ်ငယ် (အပိုဒ် ၁၉၊ ပိုဒ်ခွဲ ၃) ကို ထည့်သွင်းစဉ်းစားထားသော်လည်း အခြားနိုင်ငံများမှာမူ အန္တရာယ်ဖြစ်ပွားအောင် လှုံ့ဆော်ပေးသည့် အမုန်းတရားကို ပြတ်သားစွာ တားမြစ်သော သီးခြားပြဋ္ဌာန်းချက် (အပိုဒ် ၂၀) ကို ဦးစားပေးရန် စည်းရုံးလှုံ့ဆော်ထားသည် (နိုဝက် (Nowak)၊ ၁၉၉၃ ခုနှစ်)။ နောက်ဆုံးစာတမ်းကို အတည်ပြုလက်မှတ်ထိုးရာအဆင့်တွင်ပင် ICCPR ၌ပါဝင်ရေးထိုးသည့် နိုင်ငံအချို့သည် အပိုဒ် ၂၀ကို ခြွင်းချက်ထားလက်မှတ်ထိုးခဲ့ကြသည်။[၃၄] နိုင်ငံတကာစာချုပ်များတွင် လက်မှတ်ရေးထိုးသည့်အခါ များစွာသော နိုင်ငံများသည် ခြွင်းချက်ထားလက်မှတ်ရေးထိုးတတ်ကြသောကြောင့် ယင်းမှာ ဖြစ်လေ့ဖြစ်ထရှိသော်လည်း ၎င်းသည် အပိုဒ် ၂၀ နှင့် ၎င်း၏ဆန့်ကျင်ဘက် အပိုဒ် ၁၉ တို့၏ အားပြိုင်မှုများကို ထင်ရှားစေသည်။ ICCPR က အဆိုပါအားပြိုင်မှုကို ထည့်သွင်းစဉ်းစားလျက် ၎င်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ရန်အလို့ငှာ ICCPR က ဖွဲ့စည်းထားသော UN အဖွဲ့အစည်းဖြစ်သည့် လူ့အခွင့်အရေးကော်မတီသည် အပိုဒ် ၂၀ သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အပြည့်အဝကိုက်ညီမှုရှိသည်ဟု အလေးပေးဖော်ပြရန် ကြိုးပမ်းခဲ့သည်။[၃၅]

အဆိုပါအချက်များအပြင်အွန်လိုင်းပေါ်ထုတ်ဖော်ပြောဆိုရာ၌၎င်း၏အသုံးဝင်မှုတို့နှင့်စပ်လျဉ်း၍ရှင်းလင်းစွာသိရှိရန်အလို့ငှာ ICCPR ကို ဖတ်ရှုခြင်းဖြင့် ပိုမိုအသေးစိတ်လေ့လာနိုင်သည်။ ICCPR ၏ အပိုဒ် ၁၉(၂) တွင် "လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိရမည်။ ၎င်းအခွင့်အရေးတွင် သတင်းအချက်အလက်နှင့် မည်သည့်အတွေးအခေါ်အယူအဆကိုမဆို နယ်နိမိတ်သတ်မှတ်ခြင်းမရှိဘဲ နှုတ်ဖြင့်ဖြစ်စေ၊ ရေးသား၍ သို့မဟုတ် ပုံနှိပ်၍ဖြစ်စေ၊ အနုပညာပုံစံဖြင့်ဖြစ်စေ၊ ၎င်းစိတ်ကြိုက် မီဒီယာမှန်သမျှမှတစ်ဆင့်ဖြစ်စေ ရှာဖွေ၊ လက်ခံ၊ တစ်ဆင့်ဖြန့်ဖြူးပိုင်ခွင့်လည်း ပါဝင်ရမည်" ဟု ဖော်ပြထားသည်။[၃၆] 'မည်သည်ကိုမဆို' ဟူသော ဖော်ပြချက်သည် နိုင်ငံများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်စောင့်ရှောက်သည့် နယ်ပယ်သတ်မှတ်ချက်ထဲမှ အလိုမရှိသော တင်ဆက်ချက်များကို ဖယ်ရှား၍မရကြောင်း သွယ်ဝိုက်ညွှန်းဆိုနေသည် (နိုဝက် (Nowak) ၁၉၉၃ ခုနှစ်)။[၃၇] ထို့ပြင် "၎င်းစိတ်ကြိုက်မီဒီယာမှန်သမျှ"[၃၈] ဟူသော ရည်ညွှန်းချက်သည် ထုတ်ဖော်ပြောဆိုမှုပြုရာ၌ အင်တာနက်အပါအဝင် နည်းပညာပုံစံသစ်များအထိ ကျယ်ပြန့်အကျုံးဝင်သည်။[၃၉] ဤအချက်ကို ပိုမိုရှင်းလင်းစေရန်အလို့ငှာ အထွေထွေမှတ်ချက်အမှတ် ၃၄ တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသည် အင်တာနက်နှင့် အခြားသော မိုဘိုင်းနည်းပညာများကို အထူးရည်ညွှန်းဖော်ပြခဲ့ပြီး နိုင်ငံများအား "အဆိုပါမီဒီယာသစ်များ၏ အမှီအခိုကင်းမှုကို မြှင့်တင်ရန်နှင့် ၎င်းအား လူအများ လက်လှမ်းမီရရှိစေရန်အတွက် လိုအပ်သော လုပ်ဆောင်မှုအဆင့်အားလုံးကို ဆောင်ရွက်" ရန် တိုက်တွန်းထားပါသည်။[၄၀]

ICCPR တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အကြွင်းမဲ့အခွင့်အရေးတစ်ရပ်မဟုတ်ပေ။ ၎င်းကို နိုင်ငံများက တားမြစ်ကန့်သတ်ထားသော အခြေအနေများတွင် တရားဝင်ကန့်သတ်မှုပြုနိုင်သည်။

> **၃။ ဤအပိုဒ်၏ အပိုဒ်ခွဲ ၂ တွင် ဖော်ပြထားသည့် အခွင့်အရေးများကို အသုံးချရာတွင် တာဝန်ဝတ္တရားများ ရှိပါသည်။ ထို့ကြောင့် ၎င်းတွင် အချို့သော တားမြစ်ကန့်သတ်ချက်များကို လိုက်နာရနိုင်သော်လည်း ၎င်းတို့ကို အောက်ပါအတိုင်း ဥပဒေအရ ပြဋ္ဌာန်းထားမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။**
>
> **(က) အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သတင်းများကို လေးစားရန်**

### (ခ) နိုင်ငံတော်ဘေးကင်းလုံခြုံရေး၊ အများပြည်သူ တည်ငြိမ်အေးချမ်းရေးနှင့်တကွ အများပြည်သူကျန်းမာရေး သို့မဟုတ် ပြည်သူ့နီတိများကို ကာကွယ်စောင့်ရှောက်ရန်[၂၁]

ကန့်သတ်ချက်များသည် အခွင့်အရေး၏ အနှစ်သာရကို မထိခိုက်စေသင့်ပါ။[၂၂] ယေဘုယျအခြေခံမူတစ်ရပ်အနေဖြင့် ပဋိညာဉ်စာတမ်း၏ လူ့အခွင့်အရေးဆိုင်ရာ ကန့်သတ်ချက်များသည် "စည်းမျဉ်းအတွက် ခြွင်းချက်ဖြစ်ရမည်ဖြစ်ပြီး ပဋိညာဉ်စာတမ်းတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသော လူ့အခွင့်အရေးများကို အကာအကွယ်ပေးရမည့် တရားဝင် ရည်ရွယ်ချက်ကို ဖြည့်ဆည်းရာ၌ ၎င်းတို့ကို နည်းနိုင်သမျှနည်းအောင် သတ်မှတ်ရမည်ဖြစ်သည်။"[၂၃] အထွေထွေ မှတ်ချက်အမှတ် ၃၄ တွင် လူ့အခွင့်အရေးကော်မတီက ရှင်းပြထားသည့်အတိုင်း နိုင်ငံများက သတ်မှတ်ပြဋ္ဌာန်းထားသော ကန့်သတ်ချက်များတွင် ICCPR ၏ အပိုဒ် ၁၉(၃) တွင်ပါဝင်သည့် အွန်လိုင်း၌ ထုတ်ဖော်ပြောဆိုမှု ပါဝင်နိုင်ပါသည်။

> **ဝက်ဘ်ဆိုက်များ သို့မဟုတ် ဘလော့ဂ်များ သို့မဟုတ် အခြားသော အင်တာနက် အခြေပြု၊ အီလက်ထရွန်းနစ် သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများ သို့မဟုတ် ရှာဖွေရေးအင်ဂျင်များ (Search Engines) အစရှိသည့် ပြန်ကြားဆက်သွယ်ရေးကို ပံ့ပိုးပေးသောစနစ်များအပါအဝင်အခြားသောအလားတူသတင်းဖြန့်ချိရေးစနစ်များ၏ လည်ပတ်မှုအပေါ် တားမြစ်ကန့်သတ်မှုများကို အပိုဒ်ခွဲ ၃ နှင့်ကိုက်ညီသည့် အတိုင်းအတာ ထိသာ လက်ခံနိုင်ဖွယ်ရှိသည်။ လက်ခံနိုင်ဖွယ်ရှိသော တားမြစ်ကန့်သတ်ချက်များမှာ ယေဘုယျအားဖြင့် တင်ဆက်ချက်အလိုက် ပြုလုပ်ခြင်းဖြစ်သင့်ပြီး အချို့သော ဝက်ဘ်ဆိုက်များနှင့်စနစ်များ၏ လည်ပတ်မှုအပေါ် ယေဘုယျကန့်သတ်ပိတ်ပင်မှု များသည် ပိုဒ်ခွဲ ၃ နှင့် မကိုက်ညီပါ။ ထို့ပြင် ဝက်ဘ်ဆိုက်တစ်ခု သို့မဟုတ် သတင်း အချက်အလက်ဖြန့်ချိရေးစနစ်တစ်ခုအား အစိုးရကိုသော်လည်းကောင်း၊ အစိုးရက ထောက်ခံအားပေးသည့် နိုင်ငံရေးဆိုင်ရာ လူမှုစနစ်ကိုသော်လည်းကောင်း ဝေဖန်ထားသည့် သတင်းများကိုသာ ထုတ်လုပ်ဖြန့်ချိစေခြင်းမှ တားမြစ်ပိတ်ပင်ခြင်းကလည်း အပိုဒ်ခွဲ ၃ နှင့် ကွဲလွဲနေသည်။[၂၄]**

အပိုဒ် ၁၉(၃) နှင့် အပိုဒ် ၂၀ အကြားတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် ရွေးချယ်နိုင်ခြင်းနှင့် မဖြစ်မနေကန့်သတ်ခြင်းဟူ၍ ကွာခြားချက်ရှိပါသည်။ အပိုဒ် ၁၉(၃) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆိုင်ရာ ကန့်သတ်မှုများကို ဥပဒေအရ ပြဋ္ဌာန်း၍ အချို့သော တရားဥပဒေရေးရာ ရည်ရွယ်ချက်များအတွက် လုပ်ဆောင်ရန်လိုအပ်နေသရွေ့ ၎င်းတို့သည် "အချို့သောတားမြစ်ကန့်သတ်ချက်များကို လိုက်နာရနိုင်ပါသည်" ဟူ၍ ဖော်ပြထားသည်။ အပိုဒ် ၂၀ တွင် ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်ပေးသည့် အမုန်းတရား (အမျိုးအစားအချို့) ကို ဖြစ်ပေါ်စေသော မည်သည့်တိုက်တွန်းစည်းရုံးမှုကိုမဆို "တရားဥပဒေအရ ကန့်သတ်မှုပြုရမည်ဖြစ်သည်" ဟု ဖော်ပြထားသည်။

ဥပဒေအရ တားမြစ်သင့်သည့် ထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ပြစ်မှုများ၏ ကြီးလေးမှုနှင့်စပ်လျဉ်း၍ အပိုဒ် ၂၀ တွင် ညွှန်ပြထားသော်လည်း ရှုပ်ထွေးမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။[၂၅] အထူးသဖြင့် (၁) အမုန်းတရားကို ထုတ်ဖော်ပြောဆိုမှုများ၊ (၂) အမုန်းတရားဖြစ်စေရန် တိုက်တွန်းစည်းရုံးသည့် ထုတ်ဖော်ပြောဆိုမှုနှင့် (၃) ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဆိုင်ရာ အန္တရာယ်များကို လက်တွေ့ဖြစ်လာအောင် အထူးလှုံ့ဆော်ပေးသည့် အမုန်းပွားဖွယ် ထုတ်ဖော်ပြောဆိုမှုများအကြား ကွာခြားချက်များကို ပုံဖော်ကြည့်ရာ၌ ပြတ်သားမှုမရှိသည့်နယ်ပယ်တစ်ခုရှိနေသည်။ ထို့ကြောင့် နိုင်ငံများတွင် အပိုဒ် ၂၀(၂)[၂၆] နှင့်အညီ "ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်ပေးသည့် အမုန်းတရားဖြစ်ပေါ်အောင် တိုက်တွန်းစည်းရုံးမှု" ဟုမှတ်ယူသည့် ထုတ်ဖော်ပြောဆိုမှုများကို တားဆီး ပိတ်ပင်ရမည့် ဝတ္တရားရှိသော်လည်း ၎င်းအား မည်သို့အဓိပ္ပာယ်ဖော်သည်နှင့်စပ်လျဉ်း၍ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပေ။[၂၇] သို့ဖြစ်၍ အချို့သော NGO များ၏အဆိုအရ[၂၈] ICCPR ပြဋ္ဌာန်းချက်ကို အခြေခံထားသော လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ ကန့်သတ်ချက်များသည် အလွဲသုံးစားပြုမှုကို ဖြစ်ပေါ်စေနိုင်သည်။[၂၉] NGOဖြစ်သော Article 19 အဖွဲ့နှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဆွေးနွေးတိုင်ပင်၍ ရေးဆွဲချမှတ်ထားသော စံနှုန်းများဖြစ်သည့် ကမ်ဒန်အခြေခံမူများ (Camden Principles) သည် အပိုဒ် ၂၀(၂) ကို လွဲမှားစွာအသုံးချခြင်းမှ ရှောင်ကြဉ်နိုင်စေမည့် စံနှုန်းများကို သတ်မှတ်ပေးပြီး ၎င်းတွင် "နိုင်ငံများသည် သတ်မှတ်အတွေးအခေါ်များ သို့မဟုတ် ယုံကြည်မှုများ သို့မဟုတ် သဘောတရားများ သို့မဟုတ် ကိုးကွယ်ယုံကြည်မှုများ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများကို ဦးတည်ပြောကြား ထားသည့် ဝေဖန်မှုတွင်ဖြစ်စေ၊ အငြင်းပွားမှုတွင်ဖြစ်စေ အမုန်းစကားများ မပါဝင်ပါက အဆိုပါထုတ်ဖော်ပြောဆိုမှု မျိုးကို တားဆီးပိတ်ပင်ခြင်း မပြုလုပ်သင့်ပါ" ဟူ၍ ရှင်းလင်းဖော်ပြထားသည်။[၃၀] သဘောတရားကို အလွဲသုံးစား မပြုအောင် ရှောင်ကြဉ်ရန်အလို့ငှာ အပိုဒ် ၂၀ ကို စေ့စပ်သေချာစွာ အဓိပ္ပာယ်ဖော်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြရန်

အရေးကြီးသည် (အယ်လ်တာရပ်ဘ် (Eltayeb) ၂၀၀၈ ခုနှစ်)။ ဂါနီယာ (Ghanea) က “ဥပဒေဖြင့် တားဆီးပိတ်ပင်ရာ၌ အဆင့်တစ်ဆင့်ချင်းစီတွင် ကျင့်သုံးထားသည့် အရေးယူမှုများကို ‘လျော်ကန်မှုရှိစေရန်’အတွက် ခွဲခြားဆက်ဆံမှု ဖြစ်ပွားအောင်လှုံ့ဆော်သည့် အမုန်းစကားများနှင့်စပ်လျဉ်း၍ တုံ့ပြန်ဖြေရှင်းပေးမည့် ကောင်းစွာချိန်ညှိစီစဉ်ထားသော လုပ်ငန်းစဉ်ကို သေချာစွာ စိစစ်လေ့လာရန် လိုအပ်ပါသည်” ဟူ၍ ရှင်းလင်းဖော်ပြထားပါသည် (ဂါနီယာ (Ghanea) ၂၀၀၈ခုနှစ်)။

အဆိုပါရှုပ်ထွေးမှုနှင့် ဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုမှုများအား တားမြစ်ကန့်သတ်မည့် နိုင်ငံတကာ စံသတ်မှတ်ချက်များကို အလွဲသုံးစားပြုနိုင်ခြေများကြောင့် UN သည် အမုန်းစကား၏ အဓိပ္ပာယ်နှင့် ၎င်းအား မည်သို့ဖြေရှင်းသင့်ပုံတို့နှင့်စပ်လျဉ်း၍ မျှဝေသိရှိနားလည်မှုကို မြှင့်တင်ပေးရန်အပြင် ဒေသတွင်းဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာနှင့် ဒေသန္တရဆိုင်ရာ ပြဿနာများကို ထည့်သွင်းစဉ်းစားရန်အလို့ငှာ ရပ်ဝန်းများ ဖန်တီးပေးရန် ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် ၂၀၁၂ ခုနှစ်တွင် “ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်သည့် နိုင်ငံသားဆိုင်ရာ သို့မဟုတ် လူမျိုးရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ အမုန်းတရားများ” မပေါ်ပေါက်လာအောင် တားဆီးခြင်းနှင့်စပ်လျဉ်းသည့် ရာဘတ်လုပ်ငန်းစီမံချက်ကို ရေးဆွဲချမှတ်နိုင်ခဲ့သည့် အကြံပေးအစည်းအဝေးပွဲများစွာကို စီစဉ်ကျင်းပခဲ့သည်။[၃၁] ICCPR ၌ ပါဝင်လက်မှတ်ရေးထိုးထားကြသည့် နိုင်ငံများအတွက် ဝတ္တရားများရှိလင့်ကစား ရာဘတ်လုပ်ငန်းစီမံချက်တွင် များစွာသော တရားဥပဒေမူဘောင်များ၌ အဆိုပါတိုက်တွန်းစည်းရုံးမှုမျိုးအား ဥပဒေအရကန့်သတ်ပိတ်ပင်မှု မပါဝင်ကြောင်း သို့မဟုတ် ထိုသို့ပါဝင်သော ဥပဒေအချို့တွင်လည်း ICCPR ၏ အပိုဒ် (၂၀) နှင့်မကိုက်ညီသော အသုံးအနှုန်းများကို အသုံးပြုထားကြောင်း အသိအမှတ်ပြုဖော်ပြထားသည်။[၃၂] ထို့ပြင် ၎င်းသည် အမုန်းပွားဖွယ် သတင်းစကားများကို ဖော်ထုတ်ရာတွင် အခြေအနေ၊ ပြောဆိုသူ၊ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ ထုတ်ဖော်ပြောဆိုမှု၏ အတိုင်းအတာနှင့် အဆိုပါထုတ်ဖော်ပြောဆိုမှုက လက်တွေ့၌ အန္တရာယ်ဖြစ်အောင် လှုံ့ဆော်ပေးနိုင်ခြေတို့ကို ထည့်သွင်းစဉ်းစားထားသည့် အပိုင်းခြောက်ပိုင်းပါသော စံအတိုင်းအတာ စစ်ဆေးမှုကို ဆောင်ရွက်ရန် အဆိုပြုထားသည်။[၃၃] သို့သော် အွန်လိုင်း အမုန်းစကားဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤအခန်း၏ နောက်ပိုင်းနှင့် ဤလေ့လာချက်ထဲတွင် ပိုမိုယေဘုယျကျစွာ ထပ်ဆောင်းမီးမောင်းထိုးဖော်ပြထားသည့်အတိုင်း ရာဘတ်လုပ်ငန်းစီမံချက်၌ နိုင်ငံတော်အဆင့်လှုပ်ရှားဆောင်ရွက်သူများ၊ အထူးသဖြင့် နိုင်ငံများနှင့်စပ်လျဉ်း၍ အလေးပေးဖော်ပြထားမှုသည် နိုင်ငံဖြတ်ကျော်လည်ပတ်နေသည့် ပုဂ္ဂလိကကဏ္ဍ လူမှုကွန်ရက် ပလက်ဖောင်းများ၏ အရေးပါမှုကို မေးမှိန်သွားစေနိုင်သည်။ အဆိုပါလှုပ်ရှားဆောင်ရွက်သူများသည် အမုန်းစကားကို အဓိပ္ပာယ်ဖော်ရာနှင့် ထုတ်ဖော်ပြောဆိုမှုကို ခွင့်ပြုရာ သို့မဟုတ် ကန့်သတ်ရာတွင် လွန်စွာလေးနက်သည့် အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသည်။ ထို့ပြင် ရာဘတ်လုပ်ငန်းစီမံချက်တွင် ကျား-မရေးရာဖြစ်တည်မှု သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် ဘာသာစကားအစရှိသည့် ရပ်တည်ချက်များနှင့်စပ်လျဉ်း၍ လှုံ့ဆော်ပေးသည့် ပြဿနာများကို များစွာအလေးပေးဖော်ပြထားခြင်းမရှိပါ။

## *အခြားသော နိုင်ငံတကာဥပဒေစာချုပ်များ*

၁၉၆၉ ခုနှစ်တွင် သက်ဝင်ပြဋ္ဌာန်းခဲ့သည့် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်မျိုးစုံပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICERD) တွင်လည်း အမုန်းစကားကိုပုံဖော်သည့် သဘောတရားနှင့်စပ်လျဉ်း၍ ဂယက်ရိုက်မှုများ ရှိနေပါသည်။ ICERD သည် ICCPR နှင့်ယှဉ်လျှင် အချက်သုံးချက် ကွဲပြားခြားနားနေသည်။

ပထမဆုံးအနေဖြင့် ၎င်း၏ အမုန်းစကားကိုပုံဖော်သည့် သဘောတရားတွင် လူမျိုးစုနှင့် တိုင်းရင်းသားဖြစ်မှုတို့ကို ရည်ညွှန်းသော ထုတ်ဖော်ပြောဆိုမှုများအား အထူးကန့်သတ်ထားသည်။

ဒုတိယအနေဖြင့် ၎င်း၏ အပိုဒ် ၄၊ ပိုဒ်ခွဲ (က)တွင် နိုင်ငံများအနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု အခိုင်အမာ ဖော်ပြထားသည်။

> **လူမျိုးစုကြီးစိုးမှု သို့မဟုတ် လူမျိုးရေးအမုန်းတရား၊ လူမျိုးရေးခွဲခြားဆက်ဆံမှု ဖြစ်အောင် လှုံ့ဆော်မှုအပြင် အကြမ်းဖက်သည့်လုပ်ရပ်များ သို့မဟုတ် အသားအရောင် အရသော်လည်းကောင်း၊ တိုင်းရင်းသားဖြစ်မှုအရသော်လည်းကောင်း၊ ဇာတိအရ သော်လည်းကောင်း ကွဲပြားခြားနားသည့် လူမျိုးစု သို့မဟုတ် အုပ်စုတစ်စုစုကို အဆိုပါ လုပ်ရပ်များပြုလုပ်ရန် လှုံ့ဆော်သည့်လုပ်ရပ်များအားလုံးကို အခြေခံထားသော အတွေးအခေါ်များအား ဖြန့်ဖြူးမှုအားလုံးနှင့် ငွေကြေးထောက်ပံ့ခြင်းအပါအဝင်**

**လူမျိုးရေးခွဲခြားသော လုပ်ဆောင်ချက်များအား ကူညီထောက်ပံ့ခြင်းကိုပါ ပြစ်ဒဏ် ပေးနိုင်သော ပြစ်မှုအဖြစ် ကြေညာရမည်။**

**ICERD က ပြဋ္ဌာန်းထားသော အဖွဲ့ဝင်နိုင်ငံများ၏ ဝတ္တရားများသည် ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်မှုမပြုသည့် လူမျိုးရေးခွဲခြားသော အတွေးအခေါ်များအား ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းကြောင်းကို ထည့်သွင်းဖော်ပြထားသည့် ICCPR ၏ အပိုဒ် ၂၀ ပါအခြေအနေထက် ပိုမိုတင်းကျပ် သည်။**

တတိယအချက်အနေဖြင့် အရေးပါသော ခြားနားချက်တစ်ရပ်မှာ ရည်ရွယ်ချက်ပြဿနာဖြစ်သည်။ ICCPR ထဲ၌ ဖော်ပြ ထားသည့် "အမုန်းတရားဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးမှု" ၏ သဘောတရားသည် ထုတ်ဖော်ပြောဆိုမှု တစ်ခုချင်းစီမဟုတ်ဘဲ ပြောဆိုရေးသားသူ၏ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သောကြောင့် ၎င်းသည် ICERD တွင် ဖော်ပြထားသည့် ခွဲခြားဆက်ဆံသောစကားထက် ပိုမိုအသေးစိတ်ကျသည်။ အဘယ်ကြောင့်ဆိုသော် "တိုက်တွန်းစည်းရုံးမှု" ကို ICCPR ၌ အမုန်းတရားဖြစ်စေရန် သွေးထိုးမည့် ရည်ရွယ်ချက်ကို လိုအပ်ခြင်းအဖြစ် အဓိပ္ပာယ် ဖွင့်ထားသောကြောင့်ဖြစ်သည်။[၃၄] လူမျိုးစုကြီးစိုးမှု သို့မဟုတ် လူမျိုးရေးအမုန်းတရားနှင့်စပ်လျဉ်းသည့် သတင်းစကားများ အား ဖြန့်ဖြူးမှုကိုဖြစ်စေ၊ လူမျိုးရေးခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်မှုကိုပင်ဖြစ်စေ ICERD နှင့်အညီ ပြစ်ဒဏ်ပေးရမည်ဖြစ်သည်။ သို့သော် ICCPR ၌ ပြစ်မှုကို အပိုဒ် ၂၀(၂) အရ ကန့်သတ်တားမြစ်ရန်အလို့ငှာ အမုန်းတရားဖြစ်ပွားအောင် လှုံ့ဆော်သည့် ရည်ရွယ်ချက်ကို သက်သေပြရန် လိုအပ်သည်။

လူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကော်မတီသည် ၎င်း၏ အထွေထွေအကြံပြုချက်အမှတ် ၂၉ တွင် အမုန်းစကားနှင့်စပ်လျဉ်း၍ တက်ကြွစွာ ဖော်ပြပေးခဲ့သည်။ ၎င်းတွင် ကော်မတီသည် အဖွဲ့ဝင်နိုင်ငံများအား အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် အကြံပြုထားသည်။

**(r)မြင့်မြတ်သည်၊နိမ့်ကျသည်ဟူသည့် အတွေးအခေါ်များအား ပျံ့နှံ့စေမှုအပေါ် အရေးယူ ဆောင်ရွက်ခြင်း သို့မဟုတ် မျိုးရိုးအခြေပြု အသိုက်အဝန်းများအပေါ် ပြုလုပ်သည့် အကြမ်းဖက်မှုကိုဖြစ်စေ၊ အမုန်းတရားကိုဖြစ်စေ၊ ခွဲခြားဆက်ဆံမှုကိုဖြစ်စေ ကျိုးကြောင်း ညီညွတ်ကြောင်းပြသရန် ကြိုးပမ်းသည့် အတွေးအခေါ်များအား ပျံ့နှံ့စေမှုအပေါ် အရေးယူဆောင်ရွက်ခြင်း**

**(s) လူမှုအသိုက်အဝန်းများကို ခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်မှုပြုလုပ်ရန် လှုံ့ဆော်မှုများကို အင်တာနက်မှတစ်ဆင့်အပါအဝင် တင်းကျပ်သော စီမံဆောင်ရွက်မှု များပြုလုပ်ခြင်း**

**(t)မျိုးရိုးအခြေပြုခွဲခြားဆက်ဆံမှု၏သဘောသဘာဝနှင့်ဖြစ်ရပ်တို့နှင့်စပ်လျဉ်းသည့် မီဒီယာပညာရှင်များကို အသိပညာပေးရန် စီမံဆောင်ရွက်ခြင်း[၃၅]**

ICERD၏ထုတ်ဖော်ပြောဆိုမှုကို ပျံ့နှံ့စေခြင်းနှင့်စပ်လျဉ်းသည့် ရည်ညွှန်းချက်ကို ထင်ဟပ်နေသော အဆိုပါအချက်များတွင် အင်တာနက်နှင့်ဆိုင်သည့် ရည်ရွယ်ချက်ရှိသည်။ အွန်လိုင်းအခင်းအကျင်းအချို့တွင် အတွေးအခေါ်များကို ထုတ်ဖော် ပြောဆိုခြင်းသည် ၎င်းတို့ကို ချက်ချင်း ဖြန့်ဖြူးသည့် သဘောသက်ရောက်နိုင်သည်။ များစွာသော လူမှုကွန်ရက်ပလက်ဖောင်းများ ဆိုင်ရာ အခြေအနေများတွင် တွေ့ရသည့်အတိုင်း ၎င်းသည် အထူးသဖြင့် အများဆိုင်ကဏ္ဍအဖြစ် ဆောင်ရွက်ရန် အစပြု ခဲ့သော ပုဂ္ဂလိကရပ်ဝန်းများနှင့် သက်ဆိုင်ပါသည်။

ICERD နှင့်အလားတူစွာပင် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်သည် လူမျိုးစု သို့မဟုတ် နိုင်ငံသားဖြစ်မှု သို့မဟုတ် တိုင်းရင်းသားဖြစ်မှုအရ သတ်မှတ်ထားသည့် အုပ်စုများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သော်လည်း ထိုစာချုပ်သည် ၎င်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ဘာသာရေးအုပ်စုများအတွက်ပါ တိုးချဲ့ထားသည်။ သို့ရာတွင် အမုန်းစကားနှင့်စပ်လျဉ်း၍မူ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်တွင် တည်ငြိမ်အေးချမ်းသည့်အချိန်တွင် ကျူးလွန်ခြင်းဖြစ်စေ၊ စစ်မက်ဖြစ်ပွားချိန်တွင် ကျူးလွန်ခြင်းဖြစ်စေ အမှုမထားဘဲ "နိုင်ငံသားဆိုင်ရာ သို့မဟုတ် တိုင်းရင်းသားဖြစ်မှုဆိုင်ရာသို့မဟုတ် လူမျိုးစုဆိုင်ရာသို့မဟုတ် ဘာသာရေးဆိုင်ရာအုပ်စု တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် လုပ်ရပ်များ" အဖြစ် အသိအမှတ်ပြု လက်ခံထားသော လူမျိုးတုံးသတ်ဖြတ်မှုပြုရန် လူသိရှင်ကြား လှုံ့ဆော်သည့် လုပ်ရပ်များကိုသာ ကန့်သတ်ထားသည် (ဒဖေးစ် (Defeis) ၁၉၉၂ ခုနှစ်)။

အထူးသဖြင့် (ခွဲခြားဆက်ဆံသောလုပ်ဆောင်ချက်များနှင့်ကွဲပြားသည့်) ကျား-မရေးရာအခြေပြုအမုန်းစကားကို နိုင်ငံတကာ ဥပဒေတွင် နက်နဲစွာ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ၁၉၇၉ ခုနှစ်တွင် သက်ဝင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံများတွင် အမျိုးသမီးများ အပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ သဘောတူညီချက် (CEDAW) တွင် အမျိုးသမီးများကို ခွဲခြား ဆက်ဆံခြင်းကိုရှုတ်ချစေပြီး[၂၆] ကျား-မရေးရာအခြေပြုအကြမ်းဖက်မှုလုပ်ရပ်များကို "တားဆီးကာကွယ်၊ စုံစမ်းစစ်ဆေး၊ တရားစွဲ၍ ပြစ်ဒဏ်ချမှတ်ရန်" ဝတ္တရားများရှိကြောင်း ပြဋ္ဌာန်းထားသည်။[၂၇] လူ့အခွင့်အရေးကော်မတီကလည်း "ကမ္ဘာ့နေရာ အသီးသီးတွင် လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာတို့ကို အကြောင်းပြု၍ လူအများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု လုပ်ရပ်အားလုံးကို ပြင်းထန်စွာ ရှုတ်ချကြောင်း" ဖော်ပြခဲ့သည်။[၂၈] ထိုသို့ဖွင့်ဟပြောဆိုမှုနှင့် လုပ်တွေ့လုပ်ဆောင်ချက်များ၏ ချိတ်ဆက်မှုအတိုင်းအတာသည် အငြင်းပွားဖွယ် အကြောင်းအရာ တစ်ခုဖြစ်ပါသည်။ သို့သော် အထွေထွေမှတ်ချက်အမှတ် ၂၈ ပါ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသည် အမျိုးသမီးများကို သိက္ခာချ၍ ဆက်ဆံထားခံရသည့် ပုဂ္ဂိုလ်များအဖြစ် ပုံဆောင်တင်ပြထားသော ညစ်ညမ်းဇာတ်လမ်းများကို "ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းကို တားမြစ်ကန့်သတ်မည့် ဥပဒေအရ စီမံဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များကို ပံ့ပိုးပေးရန်" နိုင်ငံများအား တိုက်တွန်းထားသည်။[၂၉]

အဆိုပါသုံးသပ်ချက်သည် ပြည့်စုံမှုမရှိသော်လည်း နိုင်ငံတကာဥပဒေက နိုင်ငံများအား အမုန်းစကားကို ကန့်သတ်ရန် စီမံဆောင်ရွက်စေကြောင်းကို ပြသနေသည်။ လူအများအနေဖြင့် မတူညီသော စာချုပ်များ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့် အခြေခိုင်ပြီးသားယန္တရားများဆိုင်ရာ ထုတ်ဖော်ပြောဆိုမှုနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများ ပြုလုပ်နိုင်သည့် ပြဋ္ဌာန်းချက်အချို့လည်းရှိသည်။ လူ့အခွင့်အရေးကော်မတီသည် ICCPR နှင့်သက်ဆိုင်သည့် သီးခြား တိုင်ကြားချက်များကို လက်ခံရရှိပါသည်။ လူမျိုးရေးခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကော်မတီကမူ ICERD မှ တိုင်ကြားချက်များ လက်ခံရရှိပြီး CEDAW အမှုကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်များအား ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသော အဖွဲ့အစည်းမှာ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ ကော်မတီ ဖြစ်သည်။ သို့သော် လူအများအနေဖြင့် အဆိုပါယန္တရားများကိုပြုလုပ်ရန် ပွင့်လင်းမြင်သာစွာ ခွင့်ပြုထားသည့် နိုင်ငံကို (နောက်ဆက်တွဲအခြေပြစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့်) တိုင်ကြားခြင်းသာ ပြုလုပ်နိုင်သည်။

ဇယားဖော်ပြချက်သည် အမုန်းပွားဖွယ်ဖွင့်ဟချက်များက ရွေးချယ်ထားသော နိုင်ငံတကာစံချိန်စံညွှန်းများအရ မည်သည့် ထုတ်ဖော်ပြောဆိုမှု အတိုင်းအတာအောက်တွင် ကျရောက်နေကြောင်းကို ပြသရာတွင် ကူညီပံ့ပိုးပေးသည်။ (ဂါနီယာ (Ghanea) ၂၀၁၃ ခုနှစ်မှ ကိုးကားထားသည်)

| | | | | |
|---|---|---|---|---|
| ကဏ္ဍ | (လူမျိုးရေး/တိုင်းရင်းသား ဆိုင်ရာ) ကြီးစိုးမှု၊ အမုန်းတရားတို့နှင့် စပ်လျဉ်းသော အတွေးအခေါ်များကို ပျံ့နှံ့စေခြင်း | ရန်လိုမှု သို့မဟုတ် ခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်မှု ဖြစ်ပွားအောင် လှုံ့ဆော်ပေးသည့် အမုန်းတရား ပေါ်ပေါက်လာအောင် တိုက်တွန်းစည်းရုံးခြင်း | အကြမ်းဖက်မှု ဖြစ်ပွားအောင် လှုံ့ဆော်ခြင်း | လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားအောင် လှုံ့ဆော်ခြင်း |
| သာဓက | (ဥပမာ CERD အထွေထွေ အကြံပြုချက် အမှတ် ၂၉ ကို ကြည့်ရှုပါ) | (ဥပမာ ICCPR အပိုဒ် ၂၀ ကို ကြည့်ရှုပါ) | (ဥပမာ SC ဆုံးဖြတ်ချက် အမှတ် ၁၆၂၄ (၂၀၀၅ ခုနှစ်) ၏ အပိုဒ် ၁(၁) ပါ "အကြမ်းဖက် လုပ်ရပ် သို့မဟုတ် လုပ်ရပ်များကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း" ကို ကြည့်ရှုပါ) | (ဥပမာ ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ် သည့် ရာဇဝတ်မှုကို တားဆီးကာကွယ်၍ ပြစ်ဒဏ်ပေးခြင်း ဆိုင်ရာ သဘောတူ စာချုပ်၏ အပိုဒ် ၃(ဂ) တွင်ဖော်ပြထားသည့် "လူမျိုးတုံးသတ်ဖြတ်မှု ကို ကျူးလွန်ရန် ညွှန်ကြားခြင်းနှင့် လူသိရှင်ကြား လှုံ့ဆော်ခြင်း" ကို ကြည့်ရှုပါ) |

## ဒေသတွင်း အမုန်းစကားတုံ့ပြန်ဖြေရှင်းမှုများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းစကားဆိုင်ရာ ကန့်သတ်ချက်များကို ဟန်ချက်ညီစေခြင်းနှင့်စပ်လျဉ်းသည့် ကွဲပြားစုံလင်သော ထင်မြင်ချက်များကို ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာစာချုပ်များတွင် သိသာထင်ရှားစွာ ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါစာချုပ်စာတမ်းများသည် ကမ္ဘာအနှံ့အသက်ဝင်နေသော စာချုပ်များ၌ ဖော်ပြထားခြင်းမရှိသည့် ဒေသတွင်းဆိုင်ရာ သီးခြားလက္ခဏာများကို ထင်ဟပ်စေသောကြောင့် နိုင်ငံတကာစာချုပ်များကို ပံ့ပိုးပြည့်စုံစေသည်။ အမုန်းစကားနှင့်စပ်လျဉ်းသည့် အမှုကိစ္စများကို ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီထက် ပိုမိုဆုံးဖြတ်ရသော လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံးကဲ့သို့ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းရာ၌ ဒေသတွင်းဆိုင်ရာစာချုပ်များသည် အထူးထိရောက်မှုရှိနိုင်သည်။ သို့ရာတွင် ဒေသတွင်းဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ၌ အခြေခိုင်ပြီးသား နိုင်ငံတကာစံသတ်မှတ်ချက်များကို ဆန့်ကျင်ခြင်းသော်လည်းကောင်း၊ အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ ပိုမိုတင်းကျပ်သည့် ကန့်သတ်ချက်များ ပြဋ္ဌာန်းခြင်းသော်လည်းကောင်း မပြုလုပ်သင့်ပါ။ ဒေသတွင်းဆိုင်ရာ စာချုပ်အများစုတွင် အမုန်းစကားမပြောအောင် တားဆီးမှုပြုရန် ညွှန်ကြားထားသော သတ်မှတ်အပိုဒ်များ ပါဝင်ခြင်းမရှိသော်လည်း များသောအားဖြင့် ၎င်းတို့သည် နိုင်ငံများအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်စေပြီး သတ်မှတ်ဖြစ်ရပ်များတွင် ပြဋ္ဌာန်းချက်များကို အသုံးချနိုင်သည်။ ဤအပိုင်း၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ၎င်း၏ကန့်သတ်ချက်များအား ဒေသတွင်းဆိုင်ရာအဆင့်တွင် အဓိပ္ပာယ်သတ်မှတ်ပုံ၊ ဒေသတွင်းဆိုင်ရာ စာချုပ်စာတမ်းများက အမုန်းစကားကို အဓိပ္ပာယ်ဖွင့် သတ်မှတ်ပေးသည့် အခြားစာသားများကို မည်သို့ပံ့ပိုးထောက်ကူပေးပုံတို့နှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာထားသည်။

**လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်သဘောတူစာချုပ်**တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ICCPR အပိုဒ် ၁၉(၃) အတိုင်း အလားတူဖော်ပြထားပါသည်။ သဘောတူစာချုပ်၌ ကြိုတင်ဆင်ဆာဖြတ်ခြင်းကို တားဆီးထားသော ကန့်သတ်အပိုဒ်ငယ်တစ်ခုကို ထည့်သွင်းထားသော်လည်း ကလေးငယ်များကို ပိုမိုကာကွယ်စောင့်ရှောက်ရန် အလို့ငှာ “ကလေးငယ်များနှင့်ဆယ်ကျော်သက်များကို စိတ်ဓာတ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်ရန်” အတွက် ၎င်းတွင် ကြိုတင်ဆင်ဆာဖြတ်ခြင်းကို ခွင့်ပြုထားပါသည်။[၆၀] အမေရိကန်ပြည်နယ်အဖွဲ့အစည်းကလည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူများနှင့်စပ်လျဉ်း၍ နောက်ထပ်ကြေညာစာတမ်းတစ်စောင်ကို ကျင့်သုံးခဲ့ပါသည်။ ၎င်းတွင် “ဖြောင့်မတ်မှန်ကန်မှု သို့မဟုတ် အချိန်မီမှု သို့မဟုတ် သမာသမတ်ကျမှုကဲ့သို့သော ထုတ်ဖော်ပြောဆိုမှုများကို ကြိုတင်ပျိုးထောင်ပေးခြင်းသည် နိုင်ငံတကာစာချုပ်များတွင် အသိအမှတ်ပြုလက်ခံထားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုက်ညီမှုမရှိပါ” ဟုဖော်ပြထားသည့် အပိုဒ်ငယ်တစ်ခုပါဝင်ပါသည်။[၆၁] အမေရိကန်နိုင်ငံပြည်တွင်းတရားရုံး (Inter–American Court) သည် “သတင်းလွတ်လပ်ခွင့် အလွဲသုံးစားပြုခြင်းကို ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြင့် ထိန်းချုပ်၍မရနိုင်သော်လည်း အဆိုပါအလွဲသုံးစားပြုမှုများအတွက် အပြစ်ရှိသူများအား နောက်ပိုင်း၌ အရေးယူပြစ်ဒဏ်ချမှတ်ခြင်းဖြင့်သာ ထိန်းချုပ်နိုင်သည်” ဟု အကြံပြုခဲ့သည်။[၆၂] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ တားမြစ်ကန့်သတ်ချက်များကို ပြဋ္ဌာန်းရန်ဆန္ဒရှိသည့် နိုင်ငံများအနေဖြင့် အောက်ပါသတ်မှတ်ချက်များကို လေ့လာစောင့်ကြည့်ရန် လိုအပ်သောကြောင့် တရားရုံးသည် ၎င်းတို့အတွက် စစ်ဆေးမှုတစ်ရပ်ကိုလည်း ပြုလုပ်ထားသည်။ ၎င်းတို့မှာ “က) တာဝန်ရှိမှုအတွက် ယခင်ကတည်းက အခြေခိုင်ပြီးသားဖြစ်သည့် အကြောင်းပြချက်များတည်ရှိမှု၊ ခ) အဆိုပါအကြောင်းပြချက်များကို ဥပဒေကြောင်းအရ ဖော်ထုတ်၍ တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ဂ) ရယူဖန်တီးရမည့် ပန်းတိုင်များ၏ တရားဝင်ဖြစ်မှု၊ ဃ) တာဝန်ရှိမှုနှင့်စပ်လျဉ်းသည့် အကြောင်းပြချက်များသည် အထက်ဖော်ပြပါပန်းတိုင်များကို ‘ရယူရာ၌ လိုအပ်ကြောင်း’ ပြသမှု”[၆၃] တို့ဖြစ်ကြသည်။ နောက်ဆုံးအနေဖြင့် အမေရိကန်နိုင်ငံပြည်တွင်းစနစ်တွင် အမုန်းစကားနှင့်စပ်လျဉ်း၍ ကျယ်ပြန့်ပြည့်စုံသော လေ့လာချက်တစ်ရပ်ကို ပြုစုထားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးရှိသည်။ ၎င်း၏သုံးသပ်ချက်မှာ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံပြည်တွင်း လူ့အခွင့်အရေးစနစ် (Inter–American Human Rights System) သည် အဓိကအချက်တစ်ချက်နှင့်စပ်လျဉ်း၍ UNနှင့် ဥရောပချဉ်းကပ်နည်းတို့နှင့် ကွဲပြားခြားနားပါသည်။အမေရိကန်နိုင်ငံပြည်တွင်းစနစ်သည် အကြမ်းဖက်မှုကိုအမှန်တကယ်ဖြစ်ပေါ်စေသည့် အမုန်းစကားနှင့် သက်ဆိုင်ပြီး အဆိုပါစကားများကို လုံးဝ တားမြစ်ကန့်သတ်မှုပြုနိုင်သည်။[၆၄]

**လူ့အခွင့်အရေးနှင့် လူသားများ၏ အခွင့်အရေးများဆိုင်ရာ အာဖရိကန်ပဋိညာဉ်စာတမ်း**၏ အခွင့်အရေးများအား တားမြစ်ကန့်သတ်မှုများကို “ဥပဒေဘောင်အတွင်း” ရှိနေသရွေ့ ခွင့်ပြုပေးထားသည့် မတူညီသောချဉ်းကပ်နည်းကို အပိုဒ် ၉(၂) တွင် အသုံးပြုထားသည်။ ဤသဘောတရားကို ဝေဖန်ထားကြပြီး “claw–back” ဟုခေါ်သော အပိုဒ်ငယ်များနှင့် ၎င်းတို့၏ ရှင်းလင်းချက်တို့တွင် ဥပဒေပိုင်းဆိုင်ရာပညာရပ်များ အမြောက်အမြားပါဝင်နေသည်။ (ဗီလ်ဂျိုအမ် (Viljoen) ၂၀၁၂ ခုနှစ်)။ နိုင်ငံများက ၎င်းတို့၏ကိုယ်ပိုင် တရားဥပဒေပြဋ္ဌာန်းမှုကို ကြီးစိုးခြယ်လှယ်နိုင်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အနှစ်သာရကို အားလျော့စေသည်ဟူသော အချက်အပေါ် အဓိကဦးတည်ဝေဖန်ထားကြသည်။ သို့သော် အာဖရိကတိုက်ရှိ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ

ကန့်သတ်ချက်များအတွက် ပိုမိုမြင့်မားသော စံချိန်စံညွှန်းတစ်ရပ်ကို အသေးစိတ်ရှင်းပြထားသည်။ ၎င်းတွင် "တရားဝင် အကျိုးစီးပွားများကို အမှန်တကယ် ထိခိုက်နိုင်ခြေမရှိသည့်အပြင် ထိခိုက်နိုင်ခြေနှင့် ထုတ်ဖော်ပြောဆိုမှုတို့အကြား နီးကပ်စွာ ကျိုးကြောင်းဆက်နွှယ်မှု မရှိပါက ထိုအခွင့်အရေးကို တားမြစ်ကန့်သတ်ခြင်းမပြုသင့်" ဟုကြေညာထား သည်။[၆၅]

၁၉၉၀ ခုနှစ်တွင် အစ္စလာမ်ဘာသာဝင်ညီလာခံအဖွဲ့အစည်း (နောက်ပိုင်းအခေါ် – အစ္စလာမ်ဘာသာဝင်များ၏ ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့အစည်း – OIC) သည် နိဒါန်းတွင် လူ့အခွင့်အရေးများကို "အစ္စလာမ်ဘာသာတရားဥပဒေ (ရှရီအသ်) နှင့်အညီ" ဖြစ်သင့်သည်ဟူသည့် အခြေခံမူကို ဖော်ပြထားသော **အစ္စလာမ်ဘာသာ လူ့အခွင့်အရေးများဆိုင်ရာ ကိုင်ရိုကြေညာစာတမ်း** (CDHRI) ကို ကျင့်သုံးခဲ့သည်။[၆၆] ကန့်သတ်မှုများဆိုင်ရာ စံသတ်မှတ်ချက်ကို အကျိုး သက်ရောက်စေရာ၌ ဤအပိုဒ်ငယ်ကို တွေ့နိုင်သည်။ လူ့အခွင့်အရေးများက ရှရီအသ်အပေါ် မူတည်သည်ဟူသော အခြေခံမူသည် OIC အဖွဲ့ဝင်နိုင်ငံများက "သိသာထင်ရှားသော ချုပ်ချယ်မှုနှင့်အမုန်းတရားဆိုင်ရာ လက္ခဏာများ ပါဝင်သည့် လုပ်ရပ်များ သို့မဟုတ် ထုတ်ဖော်ပြောဆိုမှု" ကို လွှမ်းခြုံမိစေရန်အတွက် ဖြစ်ပေါ်အံ့သော အကြမ်းဖက်မှု ပြဿနာများထက်ပိုသည့် ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ်ပြဋ္ဌာန်းပေးရန် တောင်းဆိုရသည့် အကြောင်းရင်း ဖြစ်သည်။[၆၇] CDHRI ၏ အပိုဒ် ၂၂ တွင်ဖော်ပြထားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အောက်ပါအတိုင်း ရေးဆွဲ သတ်မှတ်ထားသည်။

> **(က) လူတိုင်းသည် ရှရီအသ်တွင်ဖော်ပြထားသည့် အခြေခံမူများကို မဆန့်ကျင်ဘဲ မိမိတို့၏ ထင်မြင်ချက်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့် ရှိရမည်။**
>
> **(ခ) အစ္စလာမ်ဘာသာတရားဥပဒေ ရှရီအသ်တွင်ဖော်ပြထားသည့် စံသတ်မှတ်ချက်များ အရ လူတိုင်းတွင် မှန်ကန်သည့်အရာကို တိုက်တွန်းစည်းရုံးခွင့်၊ ကောင်းမွန်သည့် အရာကို ဝါဒဖြန့်ခွင့်နှင့် မှားယွင်းဆိုးရွားသည့်အရာကို သတိပေးခွင့်ရှိရမည်။**
>
> **(ဂ) သတင်းအချက်အလက်များသည် လူမှုအဖွဲ့အစည်းအတွက် အသက်တမျှအရေးပါ သော လိုအပ်ချက်ဖြစ်သည်။ တမန်တော်မိုဟာမက်၏ မွန်မြတ်သန့်စင်မှုများနှင့် သိက္ခာတော်ကို ချိုးဖောက်စော်ကားခြင်းသော်လည်းကောင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ နှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ယုတ်လျော့စေခြင်းသော်လည်းကောင်း၊ လူမှု အဖွဲ့အစည်းကို ဖြိုခွဲ၊ ဖျက်ဆီး သို့မဟုတ် အန္တရာယ်ဖြစ်စေခြင်းသော်လည်းကောင်း၊ ၎င်း၏အယူဝါဒကို ဆုတ်ယုတ်စေခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည့်တစ်နည်း နည်းဖြင့် အဆိုပါသတင်းအချက်အလက်များကို အမြတ်ထုတ်ခြင်း သို့မဟုတ် အလွဲသုံးစား ပြုခြင်း လုပ်ဆောင်၍မရနိုင်ပါ။**
>
> **(ဃ) အမျိုးသားရေးဆိုင်ရာ သို့မဟုတ် အယူဝါဒဆိုင်ရာ အမုန်းတရားကို နိုးကြွစေခြင်း သို့မဟုတ် လူမျိုးရေးခွဲခြားဆက်ဆံသောပုံစံများ ဖြစ်ပွားအောင် လှုံ့ဆော်နိုင်သည့် လုပ်ရပ်တစ်ခုခုအား လုပ်ဆောင်ခြင်းကို ခွင့်မပြုပါ။**[၆၈]

အာရပ်နိုင်ငံများအဖွဲ့ချုပ်ကောင်စီက ၂၀၀၄ခုနှစ်၌ ကျင့်သုံးခဲ့သည့် **လူ့အခွင့်အရေးဆိုင်ရာ အာရပ်ပဋိညာဉ်စာတမ်း**၏ အပိုဒ် ၃၂ သည် "လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာဖော်ထုတ်ခွင့်တို့အပြင် ပထဝီဝင်နယ်နိမိတ် အပိုင်းအခြားမရှိဘဲ သတင်းအချက်အလက်များနှင့် အတွေးအခေါ်များကို တစ်နည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူ ဆည်းပူးနိုင်ခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်"တို့ကို အာမခံပေးထားသောကြောင့် ၎င်းတွင် အွန်လိုင်းဆက်သွယ်ရေးနှင့်လည်း သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များပါဝင်ပါသည်။[၆၉] ၎င်းသည် အပိုဒ်ခွဲ ၂ တွင် "အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လူမှုအဖွဲ့အစည်း၏ အခြေခံစံတန်ဖိုးများနှင့်အညီ ကျင့်သုံးရမည်ဖြစ်သည်" ဟူသော ကန့်သတ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည်။[၇၀] ဤရပ်တည်ချက်သည် "အကျင့်စာရိတ္တဆိုင်ရာ အယူအဆများသည် များစွာသော လူမှုရေးဆိုင်ရာ၊ ဒဿနိကဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများမှ ပေါ်ထွက်လာကြပြီး အကျိုးဆက်အနေဖြင့် အကျင့်စာရိတ္တများကို ထိန်းသိမ်းကာကွယ်ရန်အတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအား ဓလေ့ထုံးတမ်း တစ်ခုတည်းမှ သီးသန့်ပေါ်ပေါက်လာခြင်း မဟုတ်သည့် အခြေခံမူများအပေါ် အခြေပြုသတ်မှတ်ရမည်ဖြစ်သည်" ဟူ၍ ဖော်ပြထားသော လူ့အခွင့်အရေးကောင်စီ အထွေထွေမှတ်ချက်အမှတ် ၂၂ ၏ ရပ်တည်ချက်နှင့် ကွဲပြားခြားနားသည်။[၇၁]

**အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း**၏ အပိုဒ် ၂၃ တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထည့်သွင်း ဖော်ပြထား သည်။ ကြေညာစာတမ်း၏ အပိုဒ် ၇ တွင် "လူ့အခွင့်အရေးကို ရရှိခံစားရာတွင် ကွဲပြားခြားနားသော နိုင်ငံရေး၊ စီးပွားရေး၊

ဥပဒေရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် ဘာသာရေးနောက်ခံတို့ရှိသည့်အတွက် ဒေသဆိုင်ရာနှင့် သက်ဆိုင်ရာနိုင်ငံ၏ ရှုထောင့်မှ ထည့်သွင်းစဉ်းစားရမည်” ဟုအတည်ပြုလျက် အထွေထွေကန့်သတ်ချက်များကို ဖော်ပြထားသည်။[၅၂] ဤကိစ္စနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ကွဲပြားခြားနားမှုများရှိလင့်ကစား “နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စနစ်များအား ထည့်မတွက်ဘဲ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံများ၏ တာဝန်ဖြစ်သည်” ဟူ၍ အခိုင်အမာဆိုထားသော ဗီယင်နာကြေညာစာတမ်း၏ ပြဋ္ဌာန်းချက်ကို အလေးပေးဖော်ပြထားသည်။[၅၃]

အဆိုပါအကျဉ်းချုံးဆွေးနွေးတင်ပြချက်တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ယှဉ်ပါက အချို့သော ဒေသတွင်းရေးသားဖော်ပြမှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုကန့်သတ်ခံရနိုင်ဖွယ်ရှိကြောင်း ညွှန်ပြလျက်ရှိသည်။ သို့သော်ငြားအခြားသောဒေသတွင်းရေးသားဖော်ပြမှုများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ မည်သည့်ကန့်သတ်ချက်များအား တရားဝင်ဖြစ်သည်ဟု ယူဆနိုင်ကြောင်းကို ဆန်းစစ်ပေးသည့် နိုင်ငံတကာစံချိန်စံညွှန်းများထက် ပိုမိုကျဉ်းမြောင်းသည့် စမ်းသပ်မှုများရှိသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပိုဒ် ၁၁ တွင် ကြေညာပြဋ္ဌာန်းထားသည့် ဥရောပသမဂ္ဂ၏ အခြေခံအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် အခွင့်အရေးများအား အလွဲသုံးစားပြုမှုကို တားဆီးပိတ်ပင်သည့် အပိုဒ်ငယ်တစ်ခု ပါရှိသည်။ ၎င်းတွင် ပဋိညာဉ်စာတမ်းကို “ဖော်ပြပါ ကန့်သတ်ချက်များထက် ပိုလွန်သော ကန့်သတ်ချက်များ” ဟူ၍ ညွှန်းဆိုမှုအဖြစ် အဓိပ္ပာယ်ကောက်ယူခြင်းမပြုရန် အခိုင်အမာဆိုထားသည်။[၅၄] လိုအပ်မှု၊ အချိုးညီမျှမှုတို့နှင့်စပ်လျဉ်းသည့် စည်းမျဉ်းတင်းကျပ်သောစစ်ဆေးမှုကို ရည်ညွှန်းသည့် ကန့်သတ်ချက်သာဓကတစ်ခုမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာ၌ တာဝန်ဝတ္တရားများရှိကြောင်းကို အသားပေးဖော်ပြထားသည့် ဥရောပလူ့အခွင့်အရေးသဘောတူစာချုပ်ပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ ထို့ကြောင့် “ဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်း အဆိုပါလုပ်ရိုးလုပ်စဉ်များ သို့မဟုတ် စည်းကမ်းချက်များ သို့မဟုတ် တားမြစ်ကန့်သတ်ချက်များ သို့မဟုတ် ပြစ်ဒဏ်များကို လိုက်နာကျခံရမည်ဖြစ်ပြီး ၎င်းတို့သည် နိုင်ငံတော်ဘေးကင်းလုံခြုံရေး သို့မဟုတ် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး သို့မဟုတ် အများပြည်သူဘေးကင်းလုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို ရှေးရှု၍ ကစဉ့်ကလျားဖြစ်မှု သို့မဟုတ် ရာဇဝတ်မှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်သော်လည်းကောင်း၊ လျှို့ဝှက်လက်ခံရရှိသည့် သတင်းအချက်အလက်များအား ထုတ်ဖော်ပြောဆိုမှုကို တားဆီးကာကွယ်ရန်သော်လည်းကောင်း၊ တရားရေးစနစ်၏ လုပ်ပိုင်ခွင့်အာဏာနှင့် သမာသမတ်ကျမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်သော်လည်းကောင်း ဒီမိုကရက်တစ်အသိုင်းအဝိုင်း၌ လိုအပ်သည့်အရာများ ဖြစ်ကြသည်။”[၅၅] လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံးသည် အမုန်းစကားနှင့် လူအများအနေဖြင့် အခြားသူများ စိတ်အနှောင့်အယှက်ဖြစ်လျှင်ပင် ၎င်းတို့၏ ထင်မြင်ချက်များအား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိခြင်းတို့၏ ခြားနားချက်ကို ခွဲခြားသိရှိရန် သတိထားဆောင်ရွက်သည်။[၅၆]

အွန်လိုင်းအမုန်းစကားနှင့် အထူးသဖြင့် သက်ဆိုင်သော ဒေသတွင်းဖြစ်ရပ်များလည်း ရှိသည်။ ဥရောပကောင်စီ (CoE) က လူမျိုးရေးခွဲခြားသော၊ နိုင်ငံခြားသားမုန်းတီးသော၊ ဂျူးမုန်းတီးသော သတင်းများကို အင်တာနက်မှတစ်ဆင့် ဖြန့်ချိမှုကို တိုက်ဖျက်ခြင်းနှင့်စပ်လျဉ်းသည့် အထွေထွေမူဝါဒရေးရာအကြံပြုချက်ကို ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။[၅၇] စူးစမ်းစစ်ဆေးရေးဆိုင်ရာ အခွင့်အာဏာများနှင့်စပ်လျဉ်း၍ အပြန်အလှန်အကူအညီပေးရန် ဥပဒေကြပ်မတ်ထားသည့် ၂၀၀၁ ခုနှစ် ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ ဥရောပကောင်စီသဘောတူညီချက်ကို ရေးဆွဲခြင်းသည် ပါဝင်လက်မှတ်ရေးထိုးသည့် နိုင်ငံများအား နိုင်ငံဖြတ်ကျော် အွန်လိုင်းအမုန်းစကားပါဝင်သော ကွန်ပျူတာဒေတာများကို ကိုင်တွယ်ဖြေရှင်းပေးမည့် ယန္တရားတစ်ခုကို ပံ့ပိုးပေးသည်။[၅၈] ၂၀၀၃ ခုနှစ်တွင် CoE သည် အွန်လိုင်းပေါ်၌ လူမျိုးရေးခွဲခြားမှုနှင့် နိုင်ငံခြားသားမုန်းတီးမှုတို့နှင့်ဆိုင်သော ထုတ်ဖော်ပြောဆိုမှုကို ဖြေရှင်းပေးသည့် ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ သဘောတူညီချက်၏ ထပ်ဆောင်းနောက်ဆက်တွဲစာချုပ်ကို အစပြုရေးဆွဲခဲ့သည်။ သဘောတူစာချုပ်နှင့် ၎င်း၏နောက်ဆက်တွဲစာချုပ်တို့ကို ဥရောပပြင်ပရှိ နိုင်ငံများ လက်မှတ်ရေးထိုးအတည်ပြုကြရန် လမ်းဖွင့်ပေးခဲ့ပြီး ကနေဒါနှင့် တောင်အာဖရိက အစရှိသည့် နိုင်ငံများကမူ ဤသဘောတူစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် “(၁) လူမျိုးစု၊ အသားအရောင်၊ မျိုးရိုး သို့မဟုတ် နိုင်ငံသားဖြစ်မှု သို့မဟုတ် တိုင်းရင်းသားဖြစ်မှုဆိုင်ရာ ဇာစ်မြစ်အပြင် ကိုးကွယ်ယုံကြည်မှုစသည့် အကြောင်းပြချက်များကို ယိုးမယ်ဖွဲ့အသုံးပြုထားပါက ယင်းတို့အားဖြင့် ခွဲခြားထားသည့် အုပ်စုတစ်စုစုတွင် ပါဝင်နေခြင်းကို အကြောင်းပြ၍ လူအများကို၊ သို့မဟုတ် (၂) အဆိုပါ အသွင်လက္ခဏာများဖြင့် ခွဲခြားထားသော လူအုပ်စုကို” အွန်လိုင်းပေါ်၌ လူမျိုးရေးခွဲခြားပြီး နိုင်ငံခြားသားမုန်းတီးမှုဆိုင်ရာ စော်ကားမှုများပြုလုပ်ခြင်းတို့ကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ရမည့် ဝတ္တရားတစ်ရပ်ကို ပြဋ္ဌာန်းထားသည်။[၅၉]

# ထုတ်ဖော်ပြောဆိုမှုများကိုကန့်သတ်သည့် နိုင်ငံတကာပြဋ္ဌာန်းချက်များ အနှစ်ချုပ်

ICCPR ၏ အပိုဒ် ၁၉(၃) တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုပြုရာ၌ အသုံးပြုရမည့် တင်းကျပ်သော စံသတ်မှတ်ချက်များအား ဖော်ပြထားပြီး ကန့်သတ်မှုပြုရာ၌ ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာစနစ်များက အလွန်ယေဘုယျကျစွာတည်ရှိနေသည့် ဖြစ်ရပ်များတွင် အဆိုပါ စံသတ်မှတ်ချက်များကို အသုံးပြုနိုင်သည်။ ICCPR ၌ "တရားဥပဒေအတိုင်း" ဟူသော သတ်မှတ်ချက်သည် ဥပမာအားဖြင့် "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ တားမြစ်ကန့်သတ်မှုများကို တရားဝင်ဥပဒေပြဋ္ဌာန်းချက်ဖြင့်ဖြစ်စေ၊ ရိုးရာဥပဒေပါ ရေးဆွဲချမှတ်ထားခြင်းမရှိသော အလားတူ စံသတ်မှတ်ချက်ဖြင့်ဖြစ်စေ သတ်မှတ်ပြီး ဥပဒေပြဋ္ဌာန်းရေး အဖွဲ့အစည်းများ၏ ကြားဝင်ကူညီမှုအား လက်သင့်ခံနိုင်ကြောင်းကို အပြည့်အဝ သတ်မှတ်ပြဋ္ဌာန်းပေးရမည်" ဟု ဆိုလိုပါသည် (နိုဝက် (Nowak) ၁၉၉၃ ခုနှစ်)။ ထို့ပြင် ရည်ရွယ်ချက်ပြဿနာသည် ဆီလျော်မှုရှိရပါသည်။ ICCPR က "အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သတင်းများကို လေးစားသမှုပြုသရန်" သို့မဟုတ် "နိုင်ငံတော်ဘေးကင်းလုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူ တည်ငြိမ်အေးချမ်းရေး (ordre public) ကိုဖြစ်စေ၊ အများပြည်သူကျန်းမာရေး သို့မဟုတ် ပြည်သူ့နီတိများကိုဖြစ်စေ ကာကွယ်စောင့်ရှောက်ရန်" အတွက်သာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည်ဟု ဖော်ပြထားသည်။[၆၀] လူ့အခွင့်အရေးကော်မတီက အထွေထွေမှတ်ချက်အမှတ် ၃၄ တွင် အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

> **အပိုဒ်ခွဲ ၃ တွင် ဖော်ပြထားသည့် အကြောင်းပြချက်များက သဘောတူစာချုပ်တွင် ကာကွယ်ပေးထားသော အခြားအခွင့်အရေးများအား တားမြစ်ကန့်သတ်မှုများကို ကျိုးကြောင်းညီညွတ်စေလျှင်ပင် အဆိုပါအကြောင်းပြချက်များကြောင့် တားမြစ်ကန့်သတ်မှုများကို ပြုလုပ်ခွင့်မရှိပါ။ တားမြစ်ကန့်သတ်မှုများကို ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက်များအတွက်သာ အသုံးချရမည်ဖြစ်ပြီး ၎င်းတို့ကို ဖော်ညွှန်းထားသည့် သတ်မှတ်လိုအပ်ချက်နှင့် တိုက်ရိုက်သက်ဆိုင်မှုရှိရမည်။[၆၁]**
>
> **နိုင်ငံတကာဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းစကားပြောဆိုမှုမှ ကာကွယ်ပေးမှုတို့၏ တူညီချက်ကို အလေးပေးဖော်ပြသည့် ပုံစံတစ်မျိုးရှိသည်။ လူ့အခွင့်အရေးကော်မတီအထွေထွေမှတ်ချက်အမှတ်၃၄နှင့်ရာဘတ်လုပ်ငန်းစီမံချက် ကဲ့သို့သော လတ်တလော စာတမ်းများသည် ယင်းနှင့်စပ်လျဉ်း၍ ထပ်တလဲလဲ လုပ်ဆောင်ပြီးဖြစ်သည်။ ရာဘတ်လုပ်ငန်းစီမံချက်ကမူ အောက်ပါခြုံငုံသုံးသပ်ချက်ကို ပေးသည်။**
>
> **နိုင်ငံလုံးဆိုင်ရာအဆင့် ဥပဒေပြဋ္ဌာန်းမှုကို လမ်းညွှန်ပေးမည့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများတွင် "အမုန်းစကား" ဟုညွှန်းဆိုထားသည့် ထုတ်ဖော်ပြောဆိုမှုကို ICCPR ၏ အပိုဒ် ၁၈ နှင့် ၁၉ တို့အရ အခြားသူများ၏ အခွင့်အရေးများကို လေးစားရန် သို့မဟုတ် အများပြည်သူ တည်ငြိမ်အေးချမ်းရန်နှင့် တစ်ခါတစ်ရံ၌ နိုင်ငံတော်ဘေးကင်းလုံခြုံရန်တို့အပါအဝင် အကြောင်းပြချက် အမျိုးမျိုးဖြင့် တားမြစ်ကန့်သတ်နိုင်သည်။ နိုင်ငံများအနေဖြင့်လည်း (ICCPR ၏ အပိုဒ် ၂၀.၂၊ အခြားသော စည်းကမ်းချက်အမျိုးမျိုးနှင့် ICERD အပိုဒ် ၄ တို့အရ) ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု ဖြစ်စေနိုင်သော ထုတ်ဖော်ပြောဆိုမှုများကို "ကန့်သတ်တားဆီး" ရန် တာဝန်ရှိသည်။[၆၂]**

ခြုံငုံသုံးသပ်ချက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းစကားဆိုင်ရာ ကန့်သတ်မှုများအား ဟန်ချက်ညီအောင် ပြုလုပ်ခြင်းသည် နိုင်ငံတကာဥပဒေများအရရော၊ ဒေသတွင်းဥပဒေများအရပါ လွန်စွာရှုပ်ထွေးနက်နဲသည့် ကိစ္စရပ်ဖြစ်ပါသည်။ ၎င်းသည် ကမ္ဘာအနှံ့ရှိ အမုန်းစကားဆိုင်ရာ ဥပဒေရေးရာခံယူချက်များ ကွဲပြားမှုကြောင့်ဖြစ်ပြီး ဥပဒေအား အဓိပ္ပာယ်ကောက်ယူမှုကို မည်သည့်အခြေအနေတွင်မဆို ပိုမိုရှုပ်ထွေးစေသည်။ ရှင်းလင်းသည့် အချက်မှာ တရားဝင်ကန့်သတ်မှုများအား ပိုမိုကျယ်ပြန့်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်နီးစပ်သည်ဟု ယူဆရန် လိုအပ်ခြင်းဖြစ်ပြီး "အခွင့်အရေးနှင့် တားမြစ်ကန့်သတ်မှုအကြား၊ စံသတ်မှတ်ချက်နှင့် ခြွင်းချက်တို့အကြား ချိတ်ဆက်မှုကို ပြောင်းပြန် အသုံးမပြုရပါ။"[၆၃]

## *ထုတ်ဖော်ပြောဆိုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းများနှင့် အမုန်းစကားများ*

လက်ရှိအချိန်အထိ စစ်တမ်းကောက်ယူထားသော နိုင်ငံတကာနှင့် ဒေသတွင်း ဥပဒေစာချုပ်များတွင် နိုင်ငံများ အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာအခွင့်အရေးများနှင့် ဂုဏ်သိက္ခာ၊ သာတူညီမျှမှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို ခံစားပိုင်ခွင့်များအား ဟန်ချက်ညီစေရန်အပါအဝင် အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးရမည့် ၎င်းတို့၏ တာဝန်နှင့် အညီ အမုန်းစကားကို ဖြေရှင်းနိုင်စေမည့် မူဘောင်တစ်ရပ်နှင့်စပ်လျဉ်း၍ ဖော်ပြထားသည်။ သို့သော် *အွန်လိုင်း* အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံတစ်နိုင်ငံချင်းစီသည် အမြဲတမ်း သက်ရောက်မှုအရှိဆုံးသော လှုပ်ရှားဆောင်ရွက်သူများ မဟုတ်ကြပေ။ လူမှုကွန်ရက်ပလက်ဖောင်းများ၊ အင်တာနက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများ သို့မဟုတ် ရှာဖွေရေး အင်ဂျင်များ (Search Engines) ကဲ့သို့သော အင်တာနက်ကြားခံလုပ်ငန်းများသည် ဖန်တီးမှုကို ခွင့်ပြုရာ သို့မဟုတ် တားမြစ်ကန့်သတ်ရာ သို့မဟုတ် ထုတ်လွှင့်ရာတွင်သော်လည်းကောင်း သတ်မှတ်တင်ချက်ဆက်ကို လက်လှမ်းမီရောက်ရှိ စေရာတွင်လည်းကောင်း ၎င်းတို့အနေဖြင့် မည်သို့ကြားဝင်ကူညီနိုင်ပုံနှင့်စပ်လျဉ်း၍ ၎င်းတို့၏ စည်းမျဉ်းသတ်မှတ်ချက် များတွင် ပြဋ္ဌာန်းထားသည်။ အွန်လိုင်းပေါ်ရှိ တုံ့ပြန်ပြောဆိုမှုများစွာသည် နိုင်ငံတော်တရားစီရင်ပိုင်ခွင့်များကို ကျော်လွန် တည်ရှိသည့် လူမှုကွန်ရက်ပလက်ဖောင်းများပေါ်နှင့် အမုန်းစကားဆိုင်ရာ ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ၎င်းကို တုံ့ပြန်ဖြေရှင်းမည့် စီမံဆောင်ရွက်များကို သတ်မှတ်ပြီးသော ပလက်ဖောင်းများပေါ်တို့တွင် ဖြစ်ပွားကြသည်။ စည်းမျဉ်း သတ်မှတ်ချက်များကို ချိုးဖောက်သော အသုံးပြုသူအနေဖြင့် ၎င်းတင်ခဲ့သည့် တင်ဆက်ချက်အား ပလက်ဖောင်းပေါ်မှ ဖယ်ရှားခံရနိုင်ပါသည်။ သို့မဟုတ် ၎င်းကို သတ်မှတ်အသုံးပြုသူကဏ္ဍအမျိုးအစားတစ်ခု (ဥပမာ – သတ်မှတ်နိုင်ငံပြင်ပတွင် နေထိုင်သော အသုံးပြုသူများ) ကသာ ကြည့်ရှုနိုင်သည်ဟု ကန့်သတ်ခံရနိုင်သည်။

စည်းမျဉ်းသတ်မှတ်ချက်ဆိုင်ရာ သဘောတူညီချက်များကို ထွက်ပေါ်လာစေသည့် အခြေခံမူများနှင့် ကုမ္ပဏီတစ်ခုချင်းစီက ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို သေချာစေရန်အလို့ငှာ စီစဉ်ချမှတ်ထားသည့် ယန္တရားများတွင် လူအများ၏ အွန်လိုင်းပေါ်တွင် ထုတ်ဖော်ပြောဆိုနိုင်စွမ်းအပြင် အမုန်းစကားပြောဆိုခံရမှုမှ ကာကွယ်နိုင်စွမ်းတို့နှင့်စပ်လျဉ်းသည့် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများရှိကြသည်။

ကြားခံလုပ်ငန်းအများစုသည် နိုင်ငံတော်အစိုးရအဖွဲ့များနှင့် အတိုင်းအတာတစ်ခုအထိ ညှိနှိုင်းဆွေးနွေးမှုပြုရသည်။ ထိုအတိုင်းအတာသည် ကြားခံလုပ်ငန်းအမျိုးအစား၊ ကုမ္ပဏီကို မှတ်ပုံတင်ထားရာ နယ်မြေနှင့် ယင်းနှင့်သက်ဆိုင်သည့် ဥပဒေစနစ်တို့အပေါ် မူတည်၍ ကွဲပြားသည်။ စီစစ် (Tsesis) က “အင်တာနက်ပေါ် ထုတ်လွှင့်မှုများကို သတ်မှတ်နေရာ များတွင် ပေးပို့လက်ခံလိုက်ပြီးနောက် ဆွေးနွေးမှုများ၌ အင်တာနက်ပေါ်တွင် တွေ့ဆိုင်ဆောင်ရွက်ထားသည့် တရားမဝင် လုပ်ဆောင်ချက်များအား တရားစွဲဆိုနိုင်သည့် တရားစီရင်ပိုင်ခွင့်ကို ထိန်းသိမ်းရရှိသည်” ဟု ရှင်းပြခဲ့သည် (စီစစ် (Tsesis) ၂၀၀၁ ခုနှစ်)။ အင်တာနက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်ရန်အတွက် နိုင်ငံတစ်ခုခုတွင် အခြေချ ရမည်ဖြစ်ရာ ၎င်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်၏ တိုက်ရိုက်သက်ရောက်မှုကို အခံရဆုံးဖြစ်ကြသည်။ ရှာဖွေရေးအင်ဂျင်များ (Search Engines) အနေဖြင့် ကိုယ်တိုင်ဥပဒေကြပ်မတ်ရန်အတွက် သော်လည်းကောင်း၊ စီးပွားရေး ဆိုင်ရာ အကြောင်းပြချက်များအတွက်သော်လည်းကောင်း ရှာဖွေမှုရလဒ်များကို မွမ်းမံနိုင်ကြသော်လည်း ၎င်းတို့သည် တင်ဆက်ချက်သို့သွားသည့် လင့်ခ်များကို ကြိုတင်စီမံ ဖယ်ရှားခြင်းဖြင့်ဖြစ်စေ၊ အာဏာပိုင်များ၏ တောင်းဆိုချက်ဖြင့် ဖြစ်စေ မှတ်ပုံတင်ထားရာ ပြည်တွင်းရှိ တရားစီရင်ပိုင်ခွင့်များ၊ ၎င်းတို့ဝန်ဆောင်မှုများပေးအပ်ရာ အခြားသော တရားစီရင် ပိုင်ခွင့်များနှင့်စပ်လျဉ်းသော ကြားခံလုပ်ငန်းများ၏ တာဝန်ရှိမှုစနစ်နှင့် ပိုမိုချိန်ညှိဆောင်ရွက်ရလေ့ရှိသည် (မက်ကင်နွန်နှင့် အခြားသူများ (MacKinnon et al.) ၂၀၁၅ ခုနှစ်)။

သို့သော် ပုဂ္ဂလိကကုမ္ပဏီများက လည်ပတ်လုပ်ဆောင်သည့် အင်တာနက်ကြားခံလုပ်ငန်းအားလုံးအနေဖြင့်လည်း လူ့အခွင့်အရေးများကို လေးစားကြရန် မျှော်လင့်သည်။ ၎င်းကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ချမှတ်ထားသော စီးပွားရေးနှင့်လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများတွင် ပြဋ္ဌာန်းထားသည်။ ဤစာတမ်းတွင် လူ့အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ကော်ပိုရိတ်လုပ်ငန်းများ၏ တာဝန်ရှိမှုကို အသားပေးဖော်ပြထား သည်။ အခြေခံမူ ၁၁ တွင် “စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးများကို လေးစားသင့်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် အခြားသူများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းမှ ရှောင်ကြဉ်သင့်ပြီး ၎င်းတို့နှင့်ပတ်သက်နေသော လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းပေးသင့်သည်”ဟု ထုတ်ပြန်ထားသည်။ [၆၄]

အဆိုပါပြဿနာများကို ဖြေရှင်းရန်အတွက် အင်တာနက်ကြားခံလုပ်ငန်းများသည် “တွေ့ရှိချက်များကို အခြေခံ၍ စုစည်းဆောင်ရွက်ကာ တုံ့ပြန်ချက်များကို ခြေရာခံစိစစ်ပြီး သက်ရောက်မှုများအား မည်သို့ဖြေရှင်းမည်ကို အစီရင်ခံတင်ပြလျက် အမှန်တကယ်ဖြစ်နေသော လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများနှင့် ဖြစ်ပေါ်လာနိုင်သော လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများကို” အခြားကုမ္ပဏီများနှင့်တစ်ညီတစ်ညွတ်တည်း ဆန်းစစ်သင့်သည်။[၆၅] UN ၏ လမ်းညွှန်အခြေခံမူများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရသော ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီများသည်

"တရားဝင်လုပ်ငန်းစဉ်များမှတစ်ဆင့် ကုစားဖေးကူမှုပြုလုပ်ရာ၌ ပံ့ပိုးခြင်းဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်စေ လုပ်ဆောင်" သင့်သည်ဟု ရည်ညွှန်းခဲ့သည်။[၆၆] အင်တာနက်ကြားခံလုပ်ငန်းများနှင့် အမုန်းစကားခံယူချက်ဆိုင်ရာ အမှုကိစ္စတို့တွင် ၎င်းသည် အချိုးညီမျှစွာ တုံ့ပြန်ဖြေရှင်းပေးရန်အတွက် စီမံချက်များကို စနစ်တကျ ဆောင်ရွက်သင့်သည်ဟု ဆိုလိုသည်။

သို့သော် အဆိုပါအခြေခံမှုများသည် နေ့စဉ်ဘဝတွင် ခိုင်လုံစွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ခက်ခဲနေဆဲဖြစ်သည်။ ပြဿနာတစ်ရပ်မှာ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုအနေဖြင့် ထုတ်ဖော်ပြောဆိုမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံက ICCPR ကဲ့သို့သော နိုင်ငံတကာစံချိန်စံညွှန်းများအရ ခွင့်ပြုနိုင်သည်ထက် ပိုမိုတားမြစ်ကန့်သတ်နိုင်သည့် စည်းမျဉ်းသတ်မှတ်ချက်များကို ချမှတ်ခွင့်ရှိခြင်းပင်ဖြစ်သည်။ လူမှုမီဒီယာသည် ပလက်ဖောင်းက ကိုယ်တိုင်အလုပ်ခန့်ထားသူများမှ ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်သည့် သတင်းမီဒီယာဆိုင်ရာ အနေအထားပေါ်ထက် အသုံးပြုသူများ၏ ထုတ်ဖော်ပြောဆိုမှုများအပေါ် သိသာစွာ မူတည်သော်လည်း ၎င်းသည် သတင်းမီဒီယာဌာနတစ်ခုအနေဖြင့် တည်းဖြတ်မှုဆိုင်ရာ မူဝါဒကို ၎င်းကိုယ်တိုင်ရေးဆွဲချမှတ်ခွင့်ရှိသော သတင်းလွတ်လပ်ခွင့်နှင့် ဆင်တူသည်။ နောက်ထပ်ပြဿနာတစ်ရပ်မှာ ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာရသည့်အလျောက် ကိုယ်ရေးအချက်အလက်လုံခြုံခွင့်သို့မဟုတ်သာတူညီမျှဖြစ်မှုသို့မဟုတ်ဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့်လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့သော အခွင့်အရေးများအား ဟန်ချက်ညီစေသည့်နည်းလမ်းပင်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကုမ္ပဏီများအနေဖြင့် နိုင်ငံလုံးဆိုင်ရာဥပဒေများက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ တရားဝင်ကန့်သတ်မှုများ အစရှိသော လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့်အခါ ဆုံးဖြတ်ချက်များကို ချမှတ်ပုံနှင့်သက်ဆိုင်သည့် ပြဿနာများလည်းရှိသည်။

နာတာရှာလိုမက်စ် (Natasha Lomas) သည် အွန်လိုင်းအနှောင့်အယှက်ပေးမှုဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ "တွစ်တာက အွန်လိုင်းပေါ်က အနှောင့်အယှက်ပေးမှုနဲ့ဆိုင်တဲ့ ပြဿနာမျိုးကို အဖက်မလုပ် ပခုံးတွန့်ပြ၊ သူ့အမွေးအတောင်တွေကို အချိန်ယူဆီစွတ်ပြီးတော့မှ 'တွစ်များကို စီးဆင်းစေရမည်' လို့ပြောပြီးတော့ ကျီကျီကျာကျာပဲလုပ်နေတာ (ဒါတောင် အရေးယူဖို့တရားဝင်တောင်းဆိုမှ)"[၆၇] ဟူ၍ ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။ အဆိုပါသဘောထားများနှင့် တွေ့ကြုံရသည့်အခါ အင်တာနက်ကြားခံလုပ်ငန်းများသည် ထိုဖိအားပေးမှုမျိုးကို တစ်စိတ်တစ်ဒေသအားဖြင့် တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် ၎င်းတို့၏ မူဝါဒအချို့ကို ပြန်လည်ထည့်သွင်းစဉ်းစားပြီး ပွင့်လင်းမြင်သာမှုကို မြှင့်တင်လိုသည့် သဘောဆန္ဒကို ပြသခဲ့ကြသည်။[၆၈] ယေဘုယျအားဖြင့် အခြေအနေသည် ရွေ့လျားပြောင်းလဲနေပြီး ဆက်လက်တိုးတက်လျက်ရှိသည်။

## *အမုန်းစကားကို အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့် ထုတ်ဖော်ပြောဆိုနိုင်သည့် ပုဂ္ဂလိကရပ်ဝန်းများတွင် ဥပဒေကြပ်မတ်ပုံ*

အင်တာနက်ကြားခံလုပ်ငန်းများသည် ကွဲပြားခြားနားသော အမုန်းစကားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ၎င်းကို ဥပဒေကြပ်မတ်မည့် လမ်းညွှန်ချက်များကို ရေးဆွဲချမှတ်ပြီးဖြစ်သည်။ အချို့သော ကုမ္ပဏီများသည် အမုန်းစကားဟူသော ဝေါဟာရကို မသုံးနှုန်းကြသော်လည်း ၎င်းတို့တွင် ယင်းနှင့်သက်ဆိုင်သည့် ဝေါဟာရများကို ဖော်ပြထားသော စာရင်းတစ်ခု ရှိပါသည်။ Yahoo! ၏ စည်းမျဉ်းသတ်မှတ်ချက်များတွင် "ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော၊ ထိခိုက်နစ်နာစေသော၊ ခြိမ်းခြောက်သော၊ ရန့်ရင်းကြမ်းတမ်းသော၊ အနှောင့်အယှက်ဖြစ်စေသော၊ အသရေပျက်စေသော၊ ရိုင်းပျသော၊ ညစ်ညမ်းသော၊ စာရေးသား၍အသရေပျက်စေသော၊ တစ်ပါးသူ၏ ကိုယ်ရေးအချက်အလက်လုံခြုံခွင့်ကို ထိပါးနှောင့်ယှက်သော၊ အမုန်းပွားစေသော တင်ဆက်ချက်များ သို့မဟုတ် လူမျိုးရေးအရဖြစ်စေ၊ တိုင်းရင်းသားဖြစ်မှုအရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ မနှစ်မြို့ဖွယ်ဖြစ်သည့် တင်ဆက်ချက်များ" အား တင်ဆက်ပြသခြင်းကို တားမြစ်ထားသည်။[၆၉] ထိုနည်းတူစွာပင် တွစ်တာသည် အမုန်းစကားအား တားမြစ်ကန့်သတ်ကြောင်းကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်းမရှိသော်လည်း အသုံးပြုသူများအား ၎င်းတို့အနေဖြင့် "စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ထိခိုက်နစ်နာစေသော မတိကျသော၊ တစ်နည်းဆိုရသော် ဆီလျော်မှုမရှိသော တင်ဆက်ချက်များ၊ တစ်ခါတစ်ရံတွင်မူ မှားယွင်းသော သို့မဟုတ် လှည့်စားသော တင်ပြချက်များကို တွေ့ရနိုင်သည်" ဟူ၍ သတိပေးထားသည်။ ဆက်လက်၍ အဆိုပါစည်းမျဉ်းသတ်မှတ်ချက်များတွင် "တွစ်တာသည် တင်ဆက်ချက်များတွင်ပါဝင်သည့် အမှားအယွင်းများ သို့မဟုတ် ထိမ်ချန်မှုများသော်လည်းကောင်း တင်ပြထားသော၊ အီးမေးလ်ပို့ထားသော၊ တစ်ဆင့်ပေးပို့ထားသော၊ အခြားတစ်နည်းနည်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် လူအများမြင်ရအောင် ပြုလုပ်ထားသော သို့မဟုတ် အခြားတစ်နေရာရာတွင် ထုတ်လွှင့်ထားသော တင်ဆက်ချက်များကို အသုံးပြုခြင်းကြောင့်ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအမျိုးမျိုးသော်လည်းကောင်း အစရှိသည်တို့ အပါအဝင် မည်သည့်တင်ဆက်ချက်မဆိုအတွက် မည်သို့မျှ တာဝန်ရှိမည်မဟုတ်ပါ" ဟူ၍ ဖော်ပြထားသည်။[၇၀] ၎င်းကို "တစ်ပါးသူများအား တိုက်ရိုက်ရည်ရွယ်ထားသည့် အကြမ်းဖက်မည့် ခြိမ်းခြောက်မှုများကို ဖြန့်ချီခြင်းဖြစ်စေ၊ တင်ပြခြင်းဖြစ်စေ မပြုလုပ်ရ" ကဲ့သို့ တင်ဆက်ချက်ကန့်သတ်ချက်များပါဝင်သည့် အသုံးပြုသူများအတွက်

သတ်မှတ်ချက်များဖြစ်သော တွစ်တာ၏ စည်းကမ်းချက်များဖြင့် ဖြည့်စွက်ထားသည်။[၇၁] အခန်း (၅) နှင့် အောက်တွင် ဆက်လက်ရှင်းပြမည့်အတိုင်း တွစ်တာသည် အစိုးရအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တင်ဆက်ချက်များ အပေါ် အရေးယူရန်ပြောသည့် တောင်းဆိုမှုများနှင့်စပ်လျဉ်းသော အမုန်းစကားများကို တုံ့ပြန်ဖြေရှင်းပြီးဖြစ်သည်။

အခြားသော ကုမ္ပဏီများကမူ အမုန်းစကားကို ရှင်းလင်းပြတ်သားစွာ ရည်ညွှန်းပြောဆိုထားကြသည်။ ဥပမာအားဖြင့် *ယူကျူ့* ၏ စည်းမျဉ်းသတ်မှတ်ချက်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အချို့သော တင်ဆက်ချက်ပုံစံများအပေါ် ကန့်သတ်မှုများကို ဟန်ချက်ညီစေရန် ကြိုးပမ်းထားကြပါသည်။ ၎င်းတို့၏ အဆိုမှာ "ကျွန်ုပ်တို့အနေဖြင့် လွတ်လပ်သော ထုတ်ဖော်ပြောဆိုမှုများကို တိုက်တွန်းအားပေးပြီး လူတိုင်း၏ လူထုအကြိုက်မဟုတ်သော ရှုမြင်ချက်များအား ဖွင့်ဟ ဖော်ထုတ်ခွင့်ကို ခုခံကာကွယ်ပေးပါသည်။ သို့သော်ငြား ကျွန်ုပ်တို့သည် အုပ်စုတစ်စုအား ၎င်းတို့၏ လူမျိုး သို့မဟုတ် တိုင်းရင်းသားဖြစ်မှုဇာစ်မြစ်၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းဖြစ်မှု၊ လိင်ဖြစ်တည်မှု၊ အသက်အရွယ်၊ စစ်မှုထမ်း အခြေအနေနှင့် လိင်စိတ်တိမ်းညွတ်မှု/ လိင်ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာတို့အပေါ် အခြေတည်၍ တိုက်ခိုက်သော အားဖြင့်ဖြစ်စေ၊ သိက္ခာချသောအားဖြင့်ဖြစ်စေ ထုတ်ဖော်ပြောဆိုမှုများဖြစ်သည့် အမုန်းစကားမျိုးကိုမူ ခွင့်ပြုထားခြင်း မရှိပါ။"[၇၂] ထို့ကြောင့် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ICCPR ၏ ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်သည့် အမုန်းတရားဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ တိုက်တွန်းစည်းရုံးခြင်းဖြစ်သည့် ထုတ်ဖော်ပြောဆိုမှုကိုသာ ကန့်သတ်ရန် တောင်းဆိုမှုထက် ပိုမိုကျယ်ပြန့်ပါသည်။ ၎င်းသည် ပုဂ္ဂလိကကုမ္ပဏီများက အမုန်းစကားနှင့်စပ်လျဉ်းသည့် နိုင်ငံတကာဥပဒေအပြင် ဒေသတွင်း သို့မဟုတ် နိုင်ငံလုံးဆိုင်ရာဥပဒေအချို့ထက်ပင် ပိုမို တားမြစ်ကန့်သတ်နိုင်ပုံ၏ သာဓကပင်ဖြစ်သည်။

*ဖေ့စ်ဘုတ်*၏သတ်မှတ်ချက်များတွင်မူ ထိခိုက်နစ်နာစေသော၊ ခြိမ်းခြောက်သော တင်ဆက်ချက်များ သို့မဟုတ် အမုန်းတရား ပေါ်ပေါက်အောင် ဆော်သြပြီး အကြမ်းဖက်မှုဖြစ်ပွားအောင် လှုံ့ဆော်ပေးနိုင်သော တင်ဆက်ချက်များကို ကန့်သတ်ပိတ်ပင် ထားသည်။ ဖေ့စ်ဘုတ်သည် ၎င်း၏လူမှုအသိုက်အဝန်းစံနှုန်းများတွင် ဤသို့အသေးစိတ်ဖော်ပြခဲ့သည်။ "ဖေ့စ်ဘုတ်သည် လူအများ၏လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံသားဇာစ်မြစ်၊ ဘာသာရေးနှီးနွှယ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ လိင်၊ ကျား-မရေးရာ ဖြစ်တည်မှု သို့မဟုတ် ကျား-မရေးရာဖြစ်တည်မှုဆိုင်ရာ ဝိသေသ လက္ခဏာ သို့မဟုတ် ဆိုးရွားစွာမသန်စွမ်းဖြစ်မှု သို့မဟုတ် ရောဂါဖြစ်မှုတို့အပေါ် အခြေပြု၍၎င်းတို့ကို တိုက်ရိုက်တိုက်ခိုက်မှုများ ပြုလုပ်ထားသော တင်ဆက်ချက်များပါဝင်သည့် အမုန်းစကားများကို ဖယ်ရှားသည်။"[၇၃] ထို့ပြင် "ကျွန်ုပ်တို့က အဆိုပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရယ်ရွှင်ဖွယ် သို့မဟုတ် လှောင်ပြောင်သရော်ဖွယ် သို့မဟုတ် လူမှုရေးရာအရ ထင်မြင်ချက်ပေးခြင်းကို ခွင့်ပြုထားပြီး လူအများအနေဖြင့် ၎င်းတို့၏ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားအမှန်ကို အသုံးပြုသည့်အခါ အဆိုပါထင်မြင်ချက်ပေးမှုမျိုးအတွက် ၎င်းတို့တွင် ပိုမိုတာဝန်ရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သို့ဖြစ်၍ ပေ့ချ် (Page) ပိုင်ရှင်များအား တင်ဆက်ချက်များက ကျွန်ုပ်တို့၏ မူဝါဒများအား ချိုးဖောက်ခြင်းမရှိသည့်တိုင်အောင် ၎င်းတို့၏အမည်နှင့် ဖေ့စ်ဘုတ်ကိုယ်ရေးမှတ်တမ်း တို့ကို စာနာစိတ်ကင်းမဲ့သော တင်ဆက်ချက်များနှင့် တွဲဖက်ဖော်ပြစေရန် တောင်းဆိုထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါတင်ဆက်ချက်မျိုးကို မျှဝေသည့်အခါ လူအများအား ၎င်းတို့၏ပရိသတ်ကို သတိထားရန် အမြဲလိုပင် တိုက်တွန်း ပါသည်" ဟူ၍လည်း ထပ်ဆောင်းဖော်ပြထားသည်။[၇၄]

*မိုက်ခရိုဆော့ဖ် (Microsoft)* တွင် အက်ပလီကေးရှင်းအမျိုးမျိုးအတွက် အမုန်းစကားနှင့်စပ်လျဉ်းသော စည်းကမ်းချက်များ ရှိသည်။ မိုဘိုင်းဖုန်းများအတွက် ၎င်း၏မူဝါဒတွင် "လူမျိုးစု၊ တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံသားဇာစ်မြစ်၊ ဘာသာစကား၊ ကျား-မရေးရာဖြစ်တည်မှု၊ အသက်အရွယ်၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ စစ်မှုထမ်းအခြေအနေ သို့မဟုတ် အခြားလူမှုရေးအဖွဲ့များတွင် အဖွဲ့ဝင်ဖြစ်မှုတို့ကို ထည့်သွင်းစဉ်းစားအခြေပြု၍ ခွဲခြားဆက်ဆံမှု သို့မဟုတ် အမုန်းတရား သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားအောင် တိုက်တွန်းစည်းရုံးသည့် တင်ဆက်ချက်များပါဝင်" သော အက်ပလီကေးရှင်းများကို တားမြစ်ပိတ်ပင်ထားသည်။[၇၅] အဆိုပါကုမ္ပဏီတွင် "အမုန်းစကား၊ အငြင်းပွားဖွယ် ဘာသာရေး အကြောင်းအရာများနှင့် ထိရှလွယ်သော လက်ရှိဖြစ်ရပ်များ သို့မဟုတ် သမိုင်းကြောင်းဆိုင်ရာဖြစ်ရပ်များ"အား ညွှန်းဆိုသည့် ဆက်သွယ်ပြောဆိုမှုများကို တားမြစ်ထားသော အွန်လိုင်းဂိမ်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များလည်း ရှိသည်။[၇၆] ၎င်းမှာ ပုဂ္ဂလိကကုမ္ပဏီများက အမုန်းစကားဆိုင်ရာ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာဥပဒေတို့ထက် ပိုမိုတားမြစ် ကန့်သတ်မှုပြုနိုင်ကြောင်းကိုပြသည့် ထပ်ဆောင်းသာဓကတစ်ခုဖြစ်သည်။ "အငြင်းပွားဖွယ် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အကြောင်းအရာများနှင့် ထိရှလွယ်သော လက်ရှိဖြစ်ရပ်များ သို့မဟုတ် သမိုင်းကြောင်းဆိုင်ရာဖြစ်ရပ်များ" ကို နိုင်ငံတကာ ဥပဒေတွင် ဧကန်တားမြစ်ကန့်သတ်ထားခြင်းမရှိသကဲ့သို့ ၎င်းတို့ကို ခွဲခြားဆက်ဆံမှုဟု အလိုအလျောက် ယူဆထားကြ ပါသည်။ သို့သော် ၎င်းတို့တွေ့မြင်နေရသည့်အရာများကို ပိုမိုဘေးကင်းသော အွန်လိုင်းအသိုက်အဝန်းအဖြစ် မြှင့်တင်ရန် အလို့ငှာ မိုက်ခရိုဆော့ဖ်သည် ၎င်းထုတ်လုပ်သည့် ထုတ်ကုန်အချို့အပေါ် တင်းကျပ်သော စည်းမျဉ်းများ ပြဋ္ဌာန်းရန် ရွေးချယ်ခဲ့သည်။ တစ်ဖက်တွင်လည်း အဆိုပါစည်းမျဉ်းသတ်မှတ်ချက်များသည် အချို့သော တရားစီရင်ပိုင်ခွင့်များရှိ တရားဥပဒေရေးရာ ကန့်သတ်ချက်များထက် ပိုမိုလွတ်လပ်မှုရှိနိုင်သည်။

# အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပုံမှန်အားဖြင့် အသုံးပြုသူအနည်းစုကသာ စည်းမျဉ်းသတ်မှတ်ချက်များ[၇၇] ကို ဖတ်ရှုကြပြီး သဘောတူညီချက်အမျိုးအစား အမျိုးမျိုးအနက် “အရည်အသွေး”ဆိုင်ရာ အဆင့်သတ်မှတ်ချက်များသည် တူညီမှုမရှိပေ။[၇၈] အကြီးမားဆုံးအခက်အခဲမှာ အင်တာနက်ကြားခံလုပ်ငန်းများ၏ အမုန်းစကားအား အဓိပ္ပာယ်ဖွင့်ဆိုပုံ မဟုတ်သော်လည်း ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ပြဋ္ဌာန်းပုံပင်ဖြစ်သည်။ ဤနေရာတွင်တွေ့ရသည့်ပြဿနာမှာ အဆိုပါကြားခံလုပ်ငန်းများ၏ တာဝန်ရှိမှုပင်ဖြစ်ပါသည်။ များစွာသော ကြားခံလုပ်ငန်းများသည် ၎င်းတို့အနေဖြင့် အွန်လိုင်းပေါ်ရှိ တင်ဆက်ချက်များကို ထုတ်လုပ်ဖန်တီးခြင်းသော်လည်းကောင်း၊ ထိန်းချုပ်ခြင်းသော်လည်းကောင်း မပြုလုပ်သည့်အတွက် ၎င်းတို့တွင် အနည်းငယ်သာ တာဝန်ရှိသည်ဟု ခုခံငြင်းဆိုခဲ့သည်။[၇၉] ၎င်းတို့ကို တင်ဆက်ချက်များအား ကြိုတင်စိစစ်မှု သို့မဟုတ် ချင့်ချိန်ဆန်းစစ်မှု ပြုလုပ်ရခြင်းမှ ကင်းလွတ်ခွင့်ပြုပြီး ဥပဒေ နှင့်/သို့မဟုတ် ၎င်းတို့၏ စည်းမျဉ်းသတ်မှတ်ချက်များကို ဖောက်ဖျက်သော တင်ဆက်ချက်များအပေါ် စိတ်ဝင်စားမှုရှိနေပါက ၎င်းတို့ကို ဖြန့်ချိပြီးသည့် နောက်ပိုင်းမှသာ ထုတ်ဖော်ပြောဆိုသည်ဟု အဓိပ္ပာယ်ကောက်ယူသည်။ တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ ကမ္ဘာအနှံ့တွင် မတူညီသော တရားဥပဒေစနစ်များနှင့် မတူညီသော သက်ရောက်မှုများရှိသော်လည်း နောက်ဆုံးတွင် အွန်လိုင်းထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ဖြစ်ရပ်တစ်ခုကို တားမြစ်ကန့်သတ်ရန်အလို့ငှာ ကုမ္ပဏီ၏ ကြားဝင်ကူညီမှုကို ခွင့်ပြုပြဋ္ဌာန်းပေးနိုင်သည့် တရားစီရင်ပိုင်ခွင့် စံချိန်စံညွှန်း အနည်းဆုံး တစ်မျိုး ရှိနေနိုင်သည်။

အနည်းငယ်သာတာဝန်ရှိသည်ဟူသောအယူအဆသည် အင်တာနက်ကြားခံလုပ်ငန်းများနှင့် သတင်းမီဒီယာကုမ္ပဏီများ၏ ခြားနားမှုကို ခွဲခြားသိရှိစေနိုင်သည်။ သို့သော် သတင်းမီဒီယာများတွင်လည်း ၎င်းတို့ဝက်ဘ်ဆိုက်များပေါ်ရှိ အသုံးပြုသူများမှပေးသော မှတ်ချက်များအတွက် အနည်းငယ်သာ တာဝန်ရှိသင့်သည်ဟူသော အချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများရှိသည်။ သတင်းမီဒီယာကောင်စီကဲ့သို့သော မိမိကိုယ်တိုင် ဥပဒေကြပ်မတ်သည့်စနစ်များအပြင် တင်ဆက်ချက်များကို ချင့်ချိန်မှုပြုခြင်းတို့အတွက် ၎င်းတို့၏ အလေ့အထများနှင့် စည်းမျဉ်းသတ်မှတ်ချက်များသည် အင်တာနက်ကြားခံလုပ်ငန်းများအတွက် မည်သို့ပင်ဆိုစေကာမူ အရေးပါသည်။ တောင်အာဖရိကရှိ နိုင်ငံခြားသား မုန်းတီးရေးဆိုင်ရာ အမုန်းစကားနှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာထားသော အမှုကိစ္စသည် ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ တို့နှင့်ယှဉ်ပါက အွန်လိုင်းပေါ်၌ အပြန်အလှန်တုံ့ပြန်မှုရှိသည့် သတင်းမီဒီယာများတွင် ထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်မည့် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ မတူညီသော အခန်းကဏ္ဍမျိုးရှိမရှိ မေးမြန်းခြင်းဖြင့် ပြီးဆုံးခဲ့သည်။[၈၀]

အင်တာနက်ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများ (ISPs) အတွက် သတ်မှတ်တရားစီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ တာဝန်ရှိမှုသည် အလွန်ရိုးရှင်းသည်။ အခြားသော အင်တာနက်ကြားခံလုပ်ငန်းများနည်းတူ ၎င်းတို့သည် ၎င်းတို့၏ ဝန်ဆောင်မှုပေးအပ်ရာ၌ ကန့်သတ်ချက်ဘောင်များကို ၎င်းတို့ကိုယ်တိုင် သတ်မှတ်နိုင်သော်လည်း ၎င်းတို့ကို နယ်မြေကန့်သတ်မှုဆိုင်ရာ အခြေခံမှုဖြင့် စည်းနှောင်ထားသောကြောင့် မိမိဝန်ဆောင်မှုပေးသည့် နိုင်ငံ၏ ဥပဒေများအရ လုပ်ငန်းလည်ပတ်ရလေ့ရှိသည် (ရင်ဂတ် (Ryngaert) ၂၀၀၈ ခုနှစ်)။ ယင်းအချက်ကြောင့် ၎င်းတို့သည် ပြင်ပမှ သတ်မှတ်တင်ဆက်ချက်များအား ဖယ်ရှားရန် တောင်းဆိုမှုများကို အခြားသော ကြားခံလုပ်ငန်းများထက်ပို၍ တုံ့ပြန်ဖြေရှင်းရသည် (ဂိုးလ်ဒ်စမစ်နှင့် ဝူ (Goldsmith & Wu) ၂၀၀၆ ခုနှစ်၊ ခိုလ် (Kohl) ၂၀၁၂ ခုနှစ်)။

ဤပြဿနာသည် ကမ္ဘာအနှံ့ချိတ်ဆက်ရောက်ရှိနိုင်သော လူမှုမီဒီယာပလက်ဖောင်းများ (ဥပမာ ဖေ့စ်ဘုတ်၊ တွစ်တာ) အတွက် ပိုမိုရှုပ်ထွေးနက်နဲလာသည်။ လူမှုကွန်ရက်ပလက်ဖောင်းများသည် ၎င်းတို့ထိန်းချုပ်ထားရသည့် များပြားလှစွာသော ဒေတာပမာဏကြောင့် အသုံးပြုသူများထံမှ သင့်လျော်မှုမရှိ သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသည် သို့မဟုတ် အန္တရာယ်များသည်ဟုယူဆ၍ တိုင်ကြားလာသည့် အသိပေးချက်များကို အဓိကအားထားကြသည်။ ထို့နောက် ပလက်ဖောင်းများသည် ၎င်းတို့၏ စည်းမျဉ်းသတ်မှတ်ချက်များကို အဓိကထား၍ အဆိုပါတင်ဆက်ချက်ကို ဖယ်ရှားသင့်မသင့်သော်လည်းကောင်း၊ ယင်းတင်ဆက်ချက် လူအများမမြင်နိုင်အောင် သို့မဟုတ် ပြောဆိုရေးသားသူများက ထိုပလက်ဖောင်း၏ ဝန်ဆောင်မှုအား ဆက်လက်အသုံးချနိုင်မှုနှင့်စပ်လျဉ်း၍ တားမြစ်ကန့်သတ်ရာ၌ အခြားသော အရေးယူမှုများ ပြုလုပ်ရန်လိုအပ်ခြင်းရှိမရှိသော်လည်းကောင်း၊ ဆုံးဖြတ်ကြသည်။ ကုမ္ပဏီအပေါ်ကျင့်သုံးနိုင်သော နိုင်ငံတော်တရားစီရင်ပိုင်ခွင့်ဆိုင်ရာ အခွင့်အာဏာအဆင့်ဆင့်နှင့် လုပ်ငန်းလည်ပတ်မှုအတည်တကျဖြစ်နေသည့် တရားစီရင်ပိုင်ခွင့်မှလွဲ၍ တရားစီရင်ပိုင်ခွင့်များ၏ ကန့်သတ်ချက်ရှိသော လုပ်ကိုင်နိုင်စွမ်းနှင့် လက်လှမ်းမီမှုတို့မရှိပါက များစွာသော ကြားခံလုပ်ငန်းများသည် ၎င်းတို့၏ ဆက်စပ်လွှမ်းခြုံနေသော ကမ္ဘာလုံးဆိုင်ရာ ကိုယ်ပိုင်စည်းမျဉ်းသတ်မှတ်ချက်များအရ လည်ပတ်လေ့ရှိကြသည်။

လူမှုကွန်ရက်ပလက်ဖောင်းများက တင်ဆက်ချက်ဥပဒေကြပ်မတ်မှုဆိုင်ရာ ကဏ္ဍအချို့ကို ဆောင်ရွက်စေရန်အတွက် ပြင်ပကုမ္ပဏီများထံမှ ငှားရမ်းထားသော ဝန်ထမ်းများက ပေါက်ကြားစေခဲ့သည့် လမ်းညွှန်ချက်အဟောင်းများမှလွဲ၍[၈၁] စည်းမျဉ်းသတ်မှတ်ချက်များ၌ မည်သည့်အရာများကို ထိန်းသိမ်းထားမည်၊ မည်သည့်အရာများကို စစ်ထုတ်မည် သို့မဟုတ်

ဖယ်ရှားမည်တို့နှင့်စပ်လျဉ်း၍ လက်တွေ့တွင် ရှင်းလင်းဖော်ပြထားပုံကိုမူ အနည်းငယ်သာသိရှိကြသည်။ အချို့က ဖေ့စ်ဘုတ်သည် အကြမ်းဖက်မှုဖြစ်ပွားစေနိုင်သည်ဟု ယူဆရသော ထုတ်ဖော်ပြောဆိုမှုများကို အရေးယူနိုင်မည့် ဓမ္မဓိဋ္ဌာန်ကျသော စံချိန်စံညွှန်းများကို ရေးဆွဲချမှတ်လျက်ရှိကြောင်း ဖော်ညွှန်းပြောဆိုကြသည်။[၈၂] သို့သော် ဤလေ့လာချက်အတွက် ဖေ့စ်ဘုတ်၏ ကမ္ဘာလုံးဆိုင်ရာ မူဝါဒရေးရာစီမံခန့်ခွဲမှုခေါင်းဆောင်ဖြစ်သော မိုနီကာဘစ်ကာ့ထ် (Monika Bickert) နှင့် လူတွေ့မေးမြန်းကြည့်သည့်အခါ ၎င်းက ဖေ့စ်ဘုတ်သည် စာအုပ်ကြီးအတိုင်း အခြေပြုသည့် ချဉ်းကပ်နည်းကို ရှောင်ကြဉ်ရန် ကြိုးပမ်းပြီး အကြောင်းအရာအခင်းအကျင်းကို တတ်နိုင်သမျှ လေ့လာရသည်ကို ပိုမိုနှစ်သက်သည်ဟူ၍ ညွှန်းဆိုပြောကြားခဲ့သည်။[၈၃]

အချို့သော ကုမ္ပဏီများသည် အချိန်ကြာလာသည်နှင့်အမျှ အသုံးပြုသူများ၏ တိုင်ကြားချက်များကို ပိုမိုအလေးထားဆောင်ရွက်လာကြသည်။ ၂၀၁၂ ခုနှစ်တွင် ဖေ့စ်ဘုတ်သည် အသုံးပြုသူများအနေဖြင့် ပြဿနာကို ပြေလည်အောင်ဖြေရှင်း၍ မပြီးမချင်း ၎င်းတို့၏ တိုင်ကြားမှုများကို ခြေရာခံရန်အတွက် ၎င်းတို့မသင့်လျော်ဟုယူဆသော တင်ဆက်ချက်များကို အချက်ပြသတင်းပို့နိုင်သည့် လုပ်ဆောင်ချက်ကို မိတ်ဆက်ပေးခဲ့သည်။[၈၄] ထို့ပြင် ၎င်းသည် တိုင်ကြားရာ၌ "လူမှုရေးအရ ညှိနှိုင်းဆောင်ရွက်" စေနိုင်မည့် နည်းကိရိယာများကိုလည်း ပံ့ပိုးပေးပြီး ၎င်းတို့သည် အသုံးပြုသူအနေဖြင့် ဖေ့စ်ဘုတ်ထံ တရားဝင်ဖယ်ရှားခိုင်းခြင်းမပြုမီ တင်ဆက်ချက်ကို ရေးသားသူအား သိုသိပ်စွာ အသိပေးစေနိုင်သည်။ အဆိုပါအခွင့်အလမ်းသစ်များသည် အချိန်ကြာလာသည်နှင့်အမျှ မည်မျှထိရောက်သည် သို့မဟုတ် အသုံးပြုသူများအနေဖြင့် ၎င်းတို့ကို ပံ့ပိုးပေးထားသော ရွေးချယ်စရာများအပေါ် ကျေနပ်မှုရှိမရှိတို့နှင့်စပ်လျဉ်း၍ အထောက်အထားပြစရာမရှိသော်လည်း ၎င်းတို့သည် တွေ့ရှိရသော အမုန်းစကားများကို တုံ့ပြန်ဖြေရှင်းပေးမည့် အခြားစီမံဆောင်ရွက်ချက်များကို စိတ်ဝင်စားဖွယ် ဖြည့်စွက်ပြည့်စုံစေသည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့(IS)၏ဝါဒဖြန့်မှုကို ပလက်ဖောင်းပေါ်မှ ဖယ်ရှားရန် ကြိုးပမ်းသည့် ဗြိတိသျှအေဂျင်စီအချို့ထံ အချက်ပြသတင်းပို့ခဲ့ခြင်းကြောင့် ယူကျူကို အထူးလူသိများစေခဲ့သည်ဟုသိရသည်။[၈၅] မလေးရှားနိုင်ငံတွင် ဂူဂဲလ်သည် ယူကျူနှင့်လည်း သက်ဆိုင်သော အသုံးအနှုန်းများဖြစ်သည့် "လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကျား–မရေးရာ ဖြစ်တည်မှု၊ စစ်မှုထမ်းအခြေအနေ သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှု/ ကျား–မရေးရာ ဖြစ်တည်မှုဆိုင်ရာ ဝိသေသလက္ခဏာတို့ကို အခြေပြု၍ အုပ်စုများအား အမုန်းတရား သို့မဟုတ် အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်ပေးသည့် အမုန်းစကား [...] တင်ဆက်ချက်များကို ဖြန့်ချိခြင်းဖြင့်" စည်းမျဉ်းကျော်လွန်ချိုးဖောက်ခဲ့သော ၎င်း၏တင်ဆက်ချက်ကြောင့် ဘလော့ဂ်တစ်ခုကို ဘလော့ဂါပလက်ဖောင်းပေါ်မှ ဖြုတ်ချခဲ့သည်ဟု သိရသည်။[၈၆]

ယေဘုယျအားဖြင့် အောက်ပါအခန်းတွင် ဆန်းစစ်လေ့လာထားသည့် သတ်မှတ်ဖြစ်ရပ်အချို့က ညွှန်ပြသည့်အတိုင်း အင်တာနက်ကြားခံလုပ်ငန်းများသည် တင်ဆက်ချက်အမျိုးအစားတစ်ခုခုကို ဖယ်ရှားရန်သင့်မသင့် ဆုံးဖြတ်ကြသည့်အခါ ၎င်းတို့၏ စည်းမျဉ်းသတ်မှတ်ချက်များကို ကိုးကားကြလေ့ရှိသော်လည်း လူ့ပ်ရှားဆောင်ရွက်သူအမျိုးမျိုးထံမှ တောင်းဆိုချက်များကို လက်ခံရယူသည့်အခါတွင်တွေ့ရသည့် ပြောင်းလွယ်ပြင်လွယ်ရှိမှုကိုလည်း သရုပ်ဖော်ပြသခဲ့သည်။ ဥပမာအားဖြင့် တွစ်တာသည် UK နိုင်ငံရှိ အမျိုးသမီးဝါဒီစည်းရုံးလှုံ့ဆော်သူကို အနိုင်ကျင့်စော်ကားသည့် ဖြစ်စဉ်[၈၇] ဖြစ်ပွားပြီးသည့်နောက် လူအများ၏ ဖိအားပေးမှုကို တုံ့ပြန်သည့်အနေဖြင့် အနိုင်ကျင့်စော်ကားထားသော တွစ်များအတွက် သတင်းပို့တိုင်ကြားနိုင်သည့်ခလုတ်တစ်ခုကို ထည့်သွင်းရန် အစောပိုင်းက ခုခံငြင်းဆိုပြီး နောက်ပိုင်းတွင် ဖန်တီးပေးခဲ့သည်။[၈၈]

## နိဂုံး

ဤအခန်းတွင် ခြုံငုံထည့်သွင်းထားသည့် အကြောင်းအရာမှာ နိုင်ငံတကာနှင့် ဒေသတွင်းဥပဒေများ၏ အခင်းအကျင်းနှင့် နိုင်ငံဖြတ်ကျော် အင်တာနက်ကြားခံလုပ်ငန်းကုမ္ပဏီများ၏ အခြေအနေတို့နှင့်စပ်လျဉ်းသည့် သုံးသပ်ချက်ပင်ဖြစ်ပါသည်။ အမုန်းစကားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးသည် နိုင်ငံတကာစာချုပ်များ၏ ဖော်ပြမှုမျိုးစုံကြောင့် ထင်သာမြင်သာရှိလာပြီး ၎င်းတို့ကို အစိုးရပိုင်း လှုပ်ရှားဆောင်ရွက်သူများနှင့် ပုဂ္ဂလိကကုမ္ပဏီများကလည်း မတူကွဲပြားစွာ အသုံးချကြပါသည်။ ကမ္ဘာလုံးဆိုင်ရာ စာချုပ်များတွင်ပါဝင်သည့် စံသတ်မှတ်ချက်အချို့ကို လှုပ်ရှားဆောင်ရွက်သူအားလုံးက အထူးအလေးထားကျင့်သုံးသင့်သော်လည်း လက်တွေ့အခြေအနေသည် အင်တာနက်ကြားခံလုပ်ငန်းများ၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် အွန်လိုင်းဆက်သွယ်မှုများပြုလုပ်ရာ၌ ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍတို့ကြောင့် ပိုမို၍ အမျိုးမျိုးအထွေထွေဖြစ်နေပြီး ရှုပ်ထွေးနေပါသည်။

ဤအစီရင်ခံစာတွင် ယခုအချိန်မှစ၍ အွန်လိုင်းပလက်ဖောင်းများပေါ်၌ သတိထားမိသည့် အမုန်းစကားများအပေါ် လူမှုရေးရာ တုံ့ပြန်ဖြေရှင်းမှုများကို စူးစမ်းလေ့လာမှုနှင့်စပ်လျဉ်း၍ စတင်ဖော်ပြပါမည်။

# ၅။ လူမှုမီဒီယာပေါ်မှ တုံ့ပြန်ချက်များကို ဆန်းစစ်လေ့လာခြင်း

အွန်လိုင်းပေါ် အကြမ်းဖက်မှုနှင့် ပြင်ပလောက အကြမ်းဖက်မှုတို့အကြားရှိ ဆက်နွယ်မှုများအကြောင်း လူသိများသယောင် ရှိသည့်အတွက် ထင်ရှားသောဖြစ်ရပ်များ ဖြစ်ပွားပြီးနောက် အင်တာနက်ပေါ်တွင် အမုန်းတရားများနှင့် အကြမ်းဖက်မှုများ ပျံ့နှံ့နိုင်ခြေကို ထိန်းချုပ်နိုင်ရန်အတွက် ပိုမိုတင်းကြပ်သော ဆောင်ရွက်ချက်များကိုသော်လည်းကောင်း၊ ပိုမို ဝင်ရောက် စွက်ဖက်သော ဆောင်ရွက်ချက်များကို သော်လည်းကောင်း လုပ်ဆောင်ရန် လိုအပ်လေ့ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် အောက်ပါသာဓကတွင် ဖော်ပြထားသလိုပင် ပြင်ပအသွင်အပြင်များက တစ်ခါတစ်ရံ ထင်ယောင်ထင်မှား ဖြစ်စေသည်။

*စတောင်းဖရန့်တ် (Stormfront)* ကို ပထမဦးဆုံး "အမုန်းတရားဖြန့်ဝေသော ဝက်ဘ်ဆိုက်" အဖြစ် ယူဆကြသည် (မတ်ဒေါင်း နှင့် ကေး (Meddaugh and Kay)၊ ၂၀၀၉ ခုနှစ်)။ အဆိုပါ ဝက်ဘ်ဆိုက်ကို ၁၉၉၅ ခုနှစ် မတ်လတွင် ကူ–ကလပ်ဇ်–ကလန် အဖွဲ့၏ ခေါင်းဆောင်ဟောင်းတစ်ဦးက စတင်မိတ်ဆက်ခဲ့ပြီး ခေတ်သစ်နာဇီဝါဒ၊ လူဖြူအမျိုးသားရေးဝါဒ၊ လူဖြူခွဲထွက်ရေး ဝါဒတို့နှင့် ဆက်စပ်သော ထင်မြင်ယူဆချက်များကို ဆွေးနွေးရာ ရပ်ဝန်းတစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စုတွင် ဦးစွာ ထင်ရှားလာပြီး ကမ္ဘာအနှံ့အပြားတွင်ပါ တစ်ဟုန်ထိုး ထင်ရှားလာခဲ့သည်(ဘိုးမန်း – ဂရိဗ် (Bowman–Grieve)၊ ၂၀၀၉ ခုနှစ်)။ ယင်းဖိုရမ်(forum) တွင် လူမျိုးရေးအခြေပြု ဘာသာရေးစစ်ပွဲဖြစ်ပွားရန် တိုက်တွန်းမှုနှင့် လူဝင်မှုကြီးကြပ်ရေးကို ဖီဆန်ရန်အတွက် အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်မှုတို့ကဲ့သို့ ရက်ဖွယ်လိလိ အတွေးအမြင်များကို ဦးဆောင်ဆွေးနွေးပြီး တက်ကြွလှုပ်ရှားသူများကို စုဆောင်းရန် နှင့် အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးနိုင်သော ရပ်ဝန်းတစ်ခုအဖြစ် ယူဆကြသည် (ချန်နှင့် အခြားစာရေးဆရာများစွာ ((Chang et al) ၊ ၂၀၁၄ ခုနှစ်) 1,18]],"season":" 06:55:30"}}}],"schema":" https://github.com/citation-style-language/schema/raw/master/csl-citation.json"}။ *စတောင်းဖရန့်တ်(Stormfront)* ကို အမှန်တကယ် အသုံးပြုသူများအကြောင်း စူးစမ်းသည့် လေ့လာမှုအချို့ကလည်း ပိုမိုရှုပ်ထွေးသော အခြေအနေကိုသာ ဖော်ပြကြသည်။ ထင်ပေါ်ကျော်ကြားသော အစွန်းရောက် အခွင့်အရေးတက်ကြွ လှုပ်ရှားသူများကမူ ယင်းဖိုရမ်(forum)ကို လှုပ်ရှားမှုများ လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးသည့် ရပ်ဝန်းတစ်ခုဟု မရှုမြင်ဘဲ "ကီးဘုတ်ဖိုက်တာများ" စုဝေးနေခြင်းသာဖြစ်ကြောင်း စွပ်စွဲပြောဆိုကြသည်။ ဒီကိုစတာ နှင့် ဟောက်မန်းတို့(De Koster and Houtman) တင်ပြထားသော သာဓကတစ်ခုတွင် "ဖိုရမ်ပေါ်မှာ အကြောင်းအရာတချို့ကို ဖတ်ကြည့်လိုက်တော့ အငြင်းပွားနေတာက များပြီး လက်တွေ့လုပ်တာ နည်းနည်းဆိုတော့ အံ့အားသင့်မိတယ်။ တက်ကြွလှုပ်ရှားမှု/ နိုင်ငံရေး ကဏ္ဍကိုက အဓိပ္ပာယ်မရှိတာတွေ ဖြစ်နေတယ်။ [...]။ ပြီးတော့ လူလေးယောက်ပဲလာတဲ့ စုဝေးပွဲတွေရောပဲ။" (ဒီကိုစတာ နှင့် ဟောက်မန်း(De Koster and Houtman)၊ ၂၀၀၈ ခုနှစ်)။ ပိုမိုထင်ရှားစေသည့်အချက်များမှာ ယင်းစွပ်စွဲချက်များအပေါ် ဝက်ဘ်ဆိုက်အမြဲတမ်းအဖွဲ့ဝင်များ၏ တုံ့ပြန်ရေးသားချက်အချို့ ဖြစ်ပါသည်။ ထိုသူများအနက်မှ တစ်ဦးက " ရတာပေါ့။ ငါ့အနေနဲ့ ခံယူချက်တစ်ခုကို လက်တွေ့မှာ အင်တိုက်အားတိုက် အကောင်အထည်မဖော်လည်း ခံယူပိုင်ခွင့် ရှိတယ်။ [...] ဆန္ဒပြပွဲတွေ မသွားသလို နိုင်ငံရေးပါတီတွေမှာလည်း မပါဘူး။ အဲဒီအတွက်နဲ့ ငါ့ကို ကီးဘုတ်ဖိုက်တာလို့ ခေါ်ချင်လည်း ခေါ်ပေါ့။ ကိစ္စမရှိဘူး။ [...] ရှက်တယ်လို့ မခံစားရပါဘူး" ဟု ပြန်လည်ချေပခဲ့သည် (ဒီကိုစတာနှင့် ဟောက်မန်း (De Koster and Houtman)၊ ၂၀၀၈ ခုနှစ်)။ ဒီကိုစတာ နှင့် ဟောက်မန်းတို့သည် စတောင်းဖရန့်တ် (Stormfront) ၏ အမျိုးသားရေးကဏ္ဍတစ်ခုနှင့် အသုံးပြုသူများ၏ ကိုယ်စားပြုမှုအပေါ် အခြေမခံသော နမူနာကိုသာ စစ်တမ်း ကောက်ယူခဲ့သော်လည်း အစွန်းရောက်အမြင်များကို ဦးဆောင်ဆွေးနွေးရန် အဓိကဆောင်ရွက်သည့် ရပ်ဝန်းများ တွင်ပင်လျှင် ထုတ်ဖော်ပြောဆိုမှုနှင့် လက်တွေ့လုပ်ရပ်များအကြား ချိတ်ဆက်သည့် အနုမာနထုတ်ရာ၌ အထက်ပါ အဖြေမျိုးကို သတိချပ်သင့်သည်။

သို့ဖြစ်ရာ နောက်အပိုင်းများရှိ ဆန်းစစ်လေ့လာချက်များသည် အမုန်းစကားနှင့် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များက တုံ့ပြန်ဆောင်ရွက်ချက်များစွာနှင့် ကိုက်ညီနိုင်ပုံကို ကွဲပြားသော အခြေအနေတစ်ခု တင်ပြရန် ရည်ရွယ်သည်။ ပထမပိုင်း၌ အွန်လိုင်းပေါ်တွင် ကြုံတွေ့ရနိုင်သော အမုန်းစကားများကို တုံ့ပြန်ဆောင်ရွက်ရန် အားထုတ်မှုများအပြင် မတူညီသော စကားပြောဆိုပုံအမျိုးအစားများကိုဆန်းစစ်လေ့လာရန်အတွက်စောလျင်စွာသတိပေးသည့်စနစ်များနှင့်နည်းလမ်းများကို ဖန်တီးရန် ကြိုးပမ်းအားထုတ်မှုများအပေါ် အလေးပေးထားသည်။ ဒုတိယပိုင်းတွင် အမုန်းတရားနှင့် အကြမ်းဖက်မှုတို့ကို ချိတ်ဆက်မိစေသည့် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် ကြိုးပမ်းနေသော အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ၏ ညှိနှိုင်းဆောင်ရွက်ချက်များကို ဆန်းစစ်ထားသည်။ တတိယပိုင်းတွင် ဖိအားပေးအုပ်စုများက အွန်လိုင်းပေါ်ရှိ အမုန်း စကားများကို ပိုမို ပြင်းပြင်းထန်ထန် တုံ့ပြန်နိုင်ရန်အတွက် လူမှုကွန်ရက်လမ်းကြောင်းများအပြင် အခြားသော အင်တာနက် ဝန်ဆောင်မှုပေးသောကုမ္ပဏီများနှင့် ချိတ်ဆက်ပုံ သာဓကများကို ဖော်ပြထားသည်။ နောက်ဆုံးစတုတ္ထပိုင်းတွင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို အလေးပေးထားပြီး ပညာရေးအဖွဲ့အစည်းများ၊ဒေသန္တရအာဏာပိုင်များနှင့် အခြားသောအဖွဲ့အစည်းများက အမုန်းပွားသော သတင်းစကားများကို အသုံးပြုသူများအနေဖြင့် အဓိပ္ပာယ်ဖော်ယူ၍

တုံ့ပြန်နိုင်ရန်အတွက် ပြင်ဆင်ပေးရန် ထိုသိနားလည်မှုကို ကျင့်သုံးကြပုံနှင့်စပ်လျဉ်းပြီး အလေးပေးထားသည်။

## အမုန်းစကားများကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆွေးနွေးခြင်း

ရွေးကောက်ပွဲကဲ့သို့ နိုင်ငံရေးအရ ယှဉ်ပြိုင်မှု ပြင်းထန်သော အခြေအနေများသည် အမုန်းစကားဖြန့်ဝေရန် အလွယ်အကူဆုံး အနေအထား ဖြစ်လာနိုင်သည်။ ရွေးကောက်ပွဲနေ့မတိုင်မီကာလအတွင်း ကောလာဟလများနှင့် စွပ်စွဲချက်များက အကြမ်းဖက်မှုများ ဖြစ်လာအောင် ဖန်တီးနိုင်သည်။ ထိုကဲ့သို့အခြေအနေများတွင် ပေါ်ပေါက်လာနိုင်သော အွန်လိုင်းပေါ်မှ အမုန်းစကားများကို ဖြေရှင်းရန် ချမှတ်ထားသည့် လက်တွေ့တုံ့ပြန်ချက်များမှ အရင်းခံ၍ ဖြစ်ပေါ်လာသည့် ပိုမိုကျယ်ပြန့်သော ပြဿနာရပ်များကို ဤအပိုင်းတွင် ဆန်းစစ်လေ့လာထားသည်။ ပိုမိုကျယ်ကျယ်ပြန့်ပြန့် စောင့်ကြည့်လေ့လာရန် နောက်ခံဖြစ်ရပ်တစ်ခု ဆောင်ကြဉ်းပေးသော တုံ့ပြန်ဆောင်ရွက်ချက်တစ်ခုမှာ ၂၀၁၃ ခုနှစ် ကင်ညာနိုင်ငံ ရွေးကောက်ပွဲမကျင်းပမီ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ခဲ့သော UMATI သုတေသန စီမံကိန်းဖြစ်ပြီး အမုန်းစကားများ ဖြစ်ပွားနှုန်းနှင့် ပြင်းထန်နှုန်းကို ခန့်မှန်းရန်အတွက် ကင်ညာနိုင်ငံ၏ အွန်လိုင်းပေါ်မှ အရေးအသားအပြောအဆိုများကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ထိုအတွေ့အကြုံသည် အမျိုးမျိုးသော ပတ်သက်ဆက်နွှယ်သူများကို ပြဿနာရပ်များနှင့် ၎င်း၏ ပစ်မှတ်များအကြောင်း ဆန်းစစ်လေ့လာရန်သာမက အကြမ်းဖက်မှုသို့ ဦးတည်နိုင်သော စကားအပြောအဆိုများကို ပူးပေါင်းသုံးသပ်ရန် အခွင့်အရေး ပေးသည်။ ဤအစီအစဉ်၏ ရည်ရွယ်ချက်ကို လူနည်းစုအုပ်စုများ၏ ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လေ့လာချက်တွင် “နိုင်ငံအချို့၌ အမုန်းတရားအခြေပြု ပြစ်မှုများ၊ အကြောင်းအရင်းများ၊ ထိခိုက်နစ်နာသူများနှင့်စပ်လျဉ်းသော ဒေတာများ ကောက်ယူခြင်းအားဖြင့် မူဝါဒရေးဆွဲသူများအနေဖြင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော လူဦးရေအုပ်စုများကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်စေသည်” ဟု ရေးသားထားသည် (HRC၊ ၂၀၁၅ ခုနှစ်)။

ကင်ညာနိုင်ငံသည် ၁၉၉၁ ခုနှစ်၌ ပါတီစုံစနစ် ပြန်လည်ကျင့်သုံးခဲ့သောကြောင့် ၂၀၀၇ ခုနှစ်တွင် အငြင်းပွားမှုအမြင့်မားဆုံး၊ ရက်စက်ကြမ်းကြုတ်ဆုံး ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး လူဦးရေ တစ်ထောင်ကျော် သေဆုံးကာ ၆၀၀,၀၀၀ ကျော် အိုးအိမ်စွန့်ခွာပြေးခဲ့ရသည်။[၃၉] အားမာန်ပြည့်ဝသော နိုင်ငံရေးအခင်းအကျင်းနှင့် စီးပွားရေးတိုးတက်ကြွယ်ဝမှုကြောင့် ချီးကျူးထောပနာပြုခံရသော နိုင်ငံတစ်နိုင်ငံက ဤမျှထိ ကြီးမားသော ပဋိပက္ခဖြစ်ပွားခဲ့သည့်အတွက် လူအများက အံ့အားသင့်ခဲ့ကြသည်။ အခြားသူများက အမြစ်တွယ်နေသည့် တင်းမာမှုများကို ထောက်ပြခဲ့ကြသည် (ကန်ညင်ဂါ(Kanyinga)၊ ၂၀၀၈ ခုနှစ်)။ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာသစ်များက ရွေးကောက်ပွဲ၏ မပါမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည့် ပထမဦးဆုံး ရွေးကောက်ပွဲလည်း ဖြစ်သည် (ချိစ်မန်း(Cheeseman)၊ ၂၀၀၈ ခုနှစ်)။ ထောက်ခံသူများကို လှုံ့ဆော်စည်းရုံးရန်သာမက သတင်းအချက်အလက်များရော ကောလာဟလများပါ ဖြန့်ဝေရန်အတွက် လူမှုမီဒီယာ၊ အီးမေးလ်နှင့် စာတိုများကို အံ့လောက်ဖွယ် အတိုင်းအတာထိ အသုံးပြုခဲ့ကြသည်။ မြို့ပြဆင်ခြေဖုံးရပ်ကွက်ကဲ့သို့ သီးခြားအဖြစ်ဆုံးနေရာများတွင် မတူညီသော နိုင်ငံရေးအုပ်စုများနှင့် လူမျိုးစုအုပ်စုများမှ သက်ဆိုင်ရာလူပုဂ္ဂိုလ်များသည် ၎င်းတို့၏ ပြိုင်ဖက်များက လူတစ်ဦးချင်းစီသာမက ရပ်ရွာလူထုကိုပါ တိုက်ခိုက်၊ သတ်ဖြတ်၊ နှင်ထုတ်ရန် စီစဉ်နေသည်ဟု အယုံသွင်းကြသောကြောင့် ဖြစ်ရပ်များကို ပြန်ပြောင်းပြောပြရာ၌ ကောလာဟလများက အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်(အော့စ်ဘွန်း((Osborn)၊ ၂၀၀၈ ခုနှစ်)။ သမ္မတကိုယ်စားလှယ်လောင်းများအပေါ် သံသယဖြစ်စေရန် အတွက် စာရွက်စာတမ်းများကို အတုပြုလုပ်၍ အွန်လိုင်းပေါ်တွင် ဖြန့်ဝေခဲ့သည်။ အကြမ်းဖက်ရေး လှုံ့ဆော်မှုများအပြင် ပူးပေါင်းလှုပ်ရှားမှုများ ဆောင်ရွက်ရန် တိုက်တွန်းချက်များ ဖြန့်ဝေရန်အတွက် မီဒီယာအသစ်များသာမက မီဒီယာဟောင်းများကို အသုံးပြုခဲ့သည့် ရွေးကောက်ပွဲလွန် ကာလတစ်လျှောက်တွင်ပါ အိုင်စီတီ၏ အခန်းကဏ္ဍသည် ဆက်လက်အရေးပါခဲ့သည် (ဆိုမာဗီးလ်(Sommerville)၊ ၂၀၁၁ ခုနှစ်)။ ကင်ညာနိုင်ငံသည် အကြမ်းဖက်မှုများကြောင့် လူမျိုးစုရေးရာ တင်းမာမှုပြဿနာများကို ဖြေရှင်းရန်အတွက် မီဒီယာနှင့် ဥပဒေကြပ်မတ်ရေး အရာရှိများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် သမူဟပြုရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

ဤဖြစ်ရပ်ကို သတိပြုမိကြသော သုတေသီအုပ်စုတစ်စုနှင့် စွန့်ဦးတီထွင်သူများသည် ကင်ညာနိုင်ငံ၏ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ အတူတကွ ပူးပေါင်းဆောင်ရွက်၍ အွန်လိုင်းပေါ်မှ အမုန်းစကားဖြစ်ရပ်များကို စောင့်ကြည့် လေ့လာရန် ကြိုးပမ်းသည့် (ကီစွာဟီလီ(Kiswahili) ဘာသာစကားအရ “လူထု”ဟု အဓိပ္ပာယ်ရသော) UMATI စီမံကိန်းကို မိတ်ဆက်ခဲ့သည်။ UMATI ၏ ယေဘုယျပန်းတိုင်မှာ ရွေးကောက်ပွဲ၏ အဆင့်အမျိုးမျိုးကို ဖော်ပြရာ၌ အဓိကဝိဝါဒကွဲလွဲသည့် အခြေအနေများကို ပြသရန်နှင့် အချိန်မလွန်မီ သတိပေးနိုင်ရန်အတွက် ကင်ညာနိုင်ငံသားများ အကြား တိုးပွားလာနိုင်သည့် တင်းမာမှု အရိပ်အယောင်များကို ရှာဖွေရန် ဖြစ်သည်။

ရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့ပြီး စီမံကိန်းသည် ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ ၂၀၁၃ ခုနှစ် မေလအထိ ကိုးလတာ ကြာမြင့်ခဲ့သည်။ ထိုစီမံကိန်းသည် ဘလော့ဂ်များ(blogs)၊ ဖိုရမ်များ(forums)၊ အွန်လိုင်းသတင်းစာများအပြင်

ဖေ့စ်ဘုတ်နှင့် တွစ်တာပေါ်ရှိ ကင်ညာနိုင်ငံသားများ၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော တင်ဆက်များ နှင့် ကင်ညာနိုင်ငံ၏ အဓိကဘာသာစကားများဖြစ်သည့် ခခူးရူ(Kikuyu)၊ လူးယာ(Luhya)၊ ခါလင်ဂျင်(Kalenjin)၊ လူအို(Luo)၊ ကီစွာဟီလီ(Kiswahili)၊ ရှန်းဂ်(Sheng) (အများအားဖြင့် မြို့ပြတွင် ပြောဆိုသော ဗန်းစကားတစ်မျိုး) နှင့် ဆိုမာလီ(Somali) ဘာသာစကားတို့ဖြင့် ရေးသားထားသော တင်ဆက်ချက်များကို ခြေရာခံပါသည်။ အန္တရာယ်ရှိသော စကားများကို အမုန်းစကားများ၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး အကြမ်းဖက်မှုများသို့ ဦးတည်နိုင်ခြေအများဆုံး အပြောအဆိုဖြစ်သည်ဟု ဆူဆန်ဘနက်ရှ်(Susan Benesch၊ ၂၀၁၂ ခုနှစ်) က အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့်အတိုင်း UMATI အဖွဲ့သည် အမျိုးမျိုးသော စကားပြောဆိုပုံများကို သိမြင်စေရန်နှင့် ထိုစကားများ၏ အကြမ်းဖက်မှု ဖြစ်ပွားရန် တွန်းအားပေးနိုင်ခြေကို အလေးပေးရန်အတွက် လက်တွေ့ကျသော စံများ သတ်မှတ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် ပြောဟောသူ၏ အွန်လိုင်းအသိုက်အဝန်းအပေါ် ဩဇာလွှမ်းမိုးမှု၊ ထုတ်ဖော်ရေးသားသည့် အကြောင်းအရာနှင့် ထိုစကား၏ လူမှုရေးနှင့် သမိုင်းနောက်ခံအကြောင်းအရာ တို့ပေါ် မူတည်ပြီး မေးခွန်းများကို အကဲဖြတ်ဆန်းစစ်ခဲ့ကြသည်။ ဤစံများကို ပေါင်းစည်းလိုက်သည့်အခါတွင် စော်ကားရိုင်းပျသော စကား၊ အနည်းငယ် အန္တရာယ်ရှိသော စကား နှင့် အန္တရာယ်ရှိသော စကားဟူ၍ စကားပြောဆိုပုံအမျိုးအစား သုံးမျိုး ခွဲခြားနိုင်သည်။ နေ့စဉ် စောင့်ကြည့်လေ့လာခြင်းအားဖြင့် အမျိုးမျိုးသော စကားပြောဆိုပုံများကို အစဉ်တစ်ခုတွင် နေရာချထားနိုင်ပြီး အမုန်းစကား၏ ပစ်မှတ်ထားရာများနှင့် ဖြစ်ရပ်တစ်ခုခုကို ညွှန်းဆို၍ ပြောဆိုနေခြင်း ရှိ၊ မရှိကဲ့သို့ အခြားသော ကိန်းရှင်များကို ခြေရာခံခြင်းဖြင့် အမုန်းစကားများ၏ တဖြည်းဖြည်း ဆင့်ကဲပြောင်းလဲလာမှုကို စောင့်ကြည့်လေ့လာနိုင်စေပြီး စင်စစ်ကြုံတွေ့ရသော ဘေးအန္တရာယ်များနှင့် မှန်းဆထားသော ဘေးအန္တရာယ်များအကြောင်း ပိုမို ကွဲကွဲပြားပြား နားလည်သဘောပေါက်စေသည်။

ကင်ညာနိုင်ငံ၏ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲအတွင်း အကြမ်းဖက်သည့် အမှုအခင်းများ ရှိ၊မရှိ ဆက်စပ်ရာတွင် UMATI စီမံကိန်း၏ တွေ့ရှိချက်များသည် အွန်လိုင်းပေါ်မှ စကားများနှင့် ပြင်ပလောကတွင် လက်တွေ့လုပ်ဆောင်ချက်များကို ချိတ်ဆက်ရာ၌ ကြုံတွေ့ရသည့် ရှုပ်ထွေးမှုများကို ပိုမို ကျယ်ပြန့်စွာ ညွှန်ပြပေးသည်။ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲ အခြေအနေနှင့် ကွဲပြားစွာပင် အလွန် ငြိမ်းငြိမ်းချမ်းချမ်း ရှိခဲ့သည်။ သို့သော် အမုန်းစကားများ၊ ရိုင်းရိုင်းပြပြ ပြောဆိုမှု သို့မဟုတ် အမုန်းစကားများ ပျံ့နှံ့မှု လျော့နည်းသွားသည်ဟု မဆိုလိုပေ။ ပိုမို ရှင်းရှင်းလင်းလင်း နှိုင်းယှဉ်နိုင်စေသည့် အခြေခံတစ်ခု မရှိသော်လည်း ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် UMATI စီမံကိန်းသည် ပြင်းထန်ပြီး ပြဿနာကြီးသည့် မပြီးပြတ်သေးသော အမုန်းစကားကိစ္စရပ်များ နှင့် အကြမ်းဖက်ရန် တိုက်တွန်းမှုများကို ဆက်လက်ဖော်ထုတ်နိုင်ခဲ့သည် (အိုင်ဟက်ဗ် သုတေသန(iHub Research)၊ ၂၀၁၃ ခုနှစ်)။ သို့သော် ဤစကားအပြောအဆိုများသည် လက်တွေ့တွင် အကြမ်းဖက်မှုများ တိုက်ရိုက် မဖြစ်ပွားစေခဲ့ပေ။ ထိုအဖွဲ့က ဆိုခဲ့သလိုပင် အကြမ်းဖက်သော ရလဒ်များ သို့မဟုတ် ငြိမ်းချမ်းသော ရလဒ်များ ရရှိစေရန် အခြားအကြောင်းအရင်းများက ပိုမိုအရေးပါသော ကဏ္ဍမှ ပါဝင်နေပုံရသည်။ မီဒီယာ၊ ဘာသာရေးအုပ်စုများ၊ နိုင်ငံရေးနယ်ပယ်တွင်းရှိ မတူညီသော ဘက်မှ နိုင်ငံရေးသမားများအပါအဝင် လူမှုအသိုက်အဝန်း၏ ကဏ္ဍအမျိုးမျိုးမှ ပုဂ္ဂိုလ်များ၏ ငြိမ်းချမ်းရေးအတွက် တောင်းဆိုမှုများစွာသည် အကြမ်းဖက်လုပ်ရပ်များကို ပြင်းပြင်းထန်ထန် ရှုတ်ချသော ဝန်းကျင်တစ်ခု ဖြစ်လာစေခဲ့သည် (အိုင်ဟက်ဗ် သုတေသန(iHub Research)၊ ၂၀၁၃ ခုနှစ်)။

UMATI စီမံကိန်းသည် ပညာရှင်များနှင့် နိုင်ငံရေးရပ်ဝန်းများထဲတွင် သုတေသနပြုသလို ပုံစံအတိုင်း အမုန်းစကားများ အပေါ် ပြည်သူလူထု၏ ထင်မြင်ချက်များကို စစ်ဆေးရန် အခွင့်အလမ်းလည်း ပေးအပ်ခဲ့သည်။ ကင်ညာနိုင်ငံသားများကို စစ်တမ်းကောက်ယူခဲ့သော ရလဒ်အရ သုတေသနတွင် ပါဝင်ဖြေဆိုခဲ့သူအများစုသည် ပုဂ္ဂိုလ်ရေး စော်ကားမှု၊ ဝါဒဖြန့်မှု နှင့် နိုင်ငံရေးသမားများအပေါ် အပြုသဘောမဆောင်စွာ ဝေဖန်မှုတို့ကို အမုန်းစကားဟု မှတ်ယူကြကြောင်း စီမံကိန်းက ပြသခဲ့သည်။ အလားတူပင် ၎င်းတို့သည်လည်း ကင်ညာနိုင်ငံ၏ ၂၀၁၀ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက် ပိုမို ကျယ်ပြန့်သော သဘောတရားကို စွဲကိုင်ထားကြသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၃ တွင် "စစ်ဖြစ်ရန် ဝါဒဖြန့်မှု၊ အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်မှု၊ အမုန်းစကား သို့မဟုတ် တိုင်းရင်းသားများကို သွေးထိုးလှုံ့ဆော်သော၊ တစ်ပါးသူကို ပုတ်ခတ်ဝေဖန်သော သို့မဟုတ် အန္တရာယ်ပြုရန် သွေးထိုးလှုံ့ဆော်သော အမုန်းပွားဖွယ် အကြံပြုတိုက်တွန်းနှိုးဆော်မှု" တို့ကို တားမြစ်ထားသည်။ UMATI ၏ စီမံကိန်းဦးစီးအရာရှိဖြစ်သူ နန်ဂျီရာ ဆန်ဘူလီ(Nanjira Sambuli)က ရှင်းပြ ထားသလိုပင် ကင်ညာနိုင်ငံသားများ၏ အမုန်းစကားနှင့်စပ်လျဉ်းသော အတွေးအမြင်များကို သိရှိခြင်းသည် အမုန်းစကား၏ ဆိုလိုရင်းကို ဆွေးနွေးရန် အခွင့်အလမ်းသာမက ပိုမိုကျယ်ပြန့်သော အခြေအနေနှင့်ဆက်စပ်ရန် အခွင့်အလမ်းပါ ရရှိစေ သည်။ "မီဒီယာတွေက အမုန်းစကားနဲ့ပတ်သက်ပြီး ထုတ်လွှင့်ဖို့၊ ဆွေးနွေးဖို့ တောင်းဆိုကြတယ်။ ပြီးတော့ အန္တရာယ် ဖြစ်စေနိုင်တဲ့ စကားနဲ့ နိုင်ငံရေးခေါင်းဆောင်တွေအပေါ်မှာ သာမန် စော်ကားပြောဆိုတာနဲ့ ကြားထဲက ကွာခြားချက် တွေကို ရှင်းပြရတယ်။ ဒါပေမဲ့ အဲဒါဟာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ပတ်သက်လို့ ပိုပြီး အကျယ်တဝင့် ဆွေးနွေးဖို့ အခွင့်အလမ်းလည်း ဖြစ်တယ်။ ဒါကြောင့် အမုန်းစကားနဲ့ပတ်သက်ပြီး ပြောဖို့ ဖိတ်ခေါ်ခံခဲ့ရပေမဲ့ လွတ်လပ်ခွင့်နဲ့ ပတ်သက်တာတွေ ပြောမိသွားတယ်" ဟု သူမက ဆိုသည်။ [၉၀]

နောက်ဆုံးအနေဖြင့် အမျိုးမျိုးသော လူမှုကွန်ရက်ပလက်ဖောင်းများသည် အမုန်းပွားဖွယ် သတင်းစကားများ ဖြန့်ဝေရန် နှင့် ယင်းသတင်းစကားများကို တန်ပြန်ရန်အတွက် ကွဲပြားခြားနားသော နည်းလမ်းများကို ထောက်ကူပေးနိုင်ကြောင်း

အဆိုပါစီမံကိန်းက အတန်အသင့် ညွှန်ပြခဲ့သည်။ UMATI က စုစည်းခဲ့သော အမုန်းစကား မှတ်ချက်များ၏ ၃ ရာခိုင်နှုန်းသည် တွစ်တာမှဖြစ်ပြီး ၉၀ ရာခိုင်နှုန်းမှာ ဖေ့စ်ဘုတ်မှ ဖြစ်သည်။ UMATI ၏ နောက်ဆုံးအစီရင်ခံစာတွင် ထိုကိစ္စက အဘယ်ကြောင့် ပြဿနာဖြစ်နိုင်ကြောင်း အနည်းငယ် ထောက်ပြခဲ့သည်။ ထိုအစီရင်ခံစာတွင် "ဖေ့စ်ဘုတ်၏ တည်ဆောက်ပုံသည် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ အပြန်အလှန်ပြောဆိုခွင့်ပေးပြီး ထိုအကြောင်းအရာနဲ့ပတ်သက်သည့် အပြန်အလှန် ပြောဆိုမှုများကို ဆက်လက်ထားရှိပေးသည်။ ဖေ့စ်ဘုတ်ပေါ်တွင် သီးသန့်အပြန်အလှန်ပြောဆိုမှုများ (Facebook threads)၊ ဂရုများ(groups) နှင့် စာမျက်နှာများ(pages)မှတစ်ဆင့် ထိုသို့ ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုအရာများအားလုံးတွင် သီးခြား သက်တမ်းများ ကိုယ်စီ ရှိကြသည်။ ဆန့်ကျင်ဘက်အားဖြင့် တွစ်တာတွင် အကြောင်းအရာများ၏ လူသိများမှုပေါ်မူတည်ပြီး သက်တမ်းများ ရှိသည်။ ဟက်ရှ်တက်ဂ်များ(Hashtags) အသုံးပြုရာမှတစ်ဆင့် အများဆုံးဆွေးနွေးသည့် အကြောင်းအရာများက "ရေပန်းစားနေသော အကြောင်းအရာများ(trending topics)" ဖြစ်လာသောကြောင့် တွစ်တာပေါ်တွင် ပိုမို ထိတွေ့ခွင့် ရရှိသည်။ သို့သော် ထို့ထက်ပိုမိုခေတ်စားသည့် အကြောင်းအရာတစ်ခု ပေါ်ပေါက်လာပါက လက်ရှိ ရေပန်းစားနေသော အကြောင်းအရာကို ဖုံးလွှမ်းသွားသောကြောင့် ထိုအကြောင်းအရာ၏ သက်တမ်းကုန်သွားပါသည်။ တွစ်တာနှင့်ခြားနားစွာပင် ဖေ့စ်ဘုတ်ပေါ်ရှိ ဂရုများ(groups) နှင့် စာမျက်နှာများ(pages)သည် အကြောင်းအရာများနှင့်ဆက်စပ်၍ မည်သို့သော ဆောင်ရွက်မှုများ လုပ်ဆောင်သည်ဖြစ်စေ ထိုအကြောင်းအရာကို ဆက်လက်ထားရှိပေးထားသည်" ဟု ရှင်းပြထားသည် (အိုက်ဟက်ဗ် သုတေသန(iHub Research)၊ ၂၀၁၃ ခုနှစ်)။ ဖေ့စ်ဘုတ်၏ တည်ဆောက်ပုံသည် အသုံးပြုသူများကို မတူညီသော ရပ်ဝန်းများတွင် မတူညီသော အပြုအမူများ လုပ်ဆောင်ခွင့် ပေးထားသည်။ အသုံးပြုသူတစ်ဦး၏ ကိုယ်ပိုင် ပရိုဖိုင်း(personal profile) တွင် "ရှင်းလင်းသော" တိုင်းမ်လိုင်း(timeline) ရှိနေလင့်ကစား ဂရုများ(groups) နှင့် စာမျက်နှာများ(pages)တွင်မူ အမုန်းပွားဖွယ် သတင်းစကားများ တင်ပြနေနိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့် တွစ်တာတွင်မူ အသုံးပြုသူတိုင်း၏ ပို့စ်များကို တစ်ခုတည်းသော သတင်းအချက်အလက်ဒိုမိန်းတွင် ထိန်းချုပ်ထားပြီး ထိုအသုံးပြုသူကို ဖောလိုး(follow) လုပ်ထားသူတိုင်းက တွေ့မြင်နိုင်သည်။

အမုန်းတရားများကို ဆန့်ကျင်ရာတွင် အမျိုးမျိုးသော ပလက်ဖောင်းများကလည်း ကွဲပြားခြားနားပြီး အခြေအနေပေါ် မူတည်၍ ထိရောက်သော တုံ့ပြန်ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်စေကြောင်း ထိုစီမံကိန်းက ပြသခဲ့သည်။ ဖြစ်ရပ် တော်တော်များများတွင် လက်သင့်ခံနိုင်ဖွယ်မရှိသော တွစ်များ(tweets)ကို ရှောင်ဖယ်ကြပြီး ရေးသားသူများကိုလည်း လူသိရှင်ကြား လှောင်ပြောင်ကြသည်။ အချို့သော အခြေအနေများတွင် လူထု၏ တုံ့ပြန်အကြံပြုချက်ပေါ် မူတည်ပြီး "ကျူးလွန်သူ"၏ တင်ပြချက်များကို ပြန်လည်ရုပ်သိမ်းရန် သို့မဟုတ် ၎င်း၏ တွစ်တာအကောင့်ကို အပြီးတိုင် ပိတ်သိမ်းရန်ပင် ဖိအားပေးသည်။ အစီရင်ခံစာ၌ "တွစ်တာပေါ်တွင် ပို့စ်များအားလုံးကို တိုင်းမ်လိုင်း(timeline) တစ်ခု တည်းတွင် ထိန်းချုပ်ထားပြီး လူတိုင်းတွေ့မြင်နိုင်သောကြောင့် တွစ်တာ၏ တစ်ခုတည်းသော အပြန်အလှန်စကားပြောနိုင်သည့် ရေစီးကြောင်း၏ တည်ဆောက်ပုံက [ဤကဲ့သို့သော တုံ့ပြန်ဆောင်ရွက်ချက်မျိုးကို] လွယ်ကူချောမွေ့စေသည်" ဟု သုံးသပ်ထားသည် (အိုင်ဟက်ဗ်သုတေသန(iHub Research)၊ ၂၀၁၃ ခုနှစ်)။ ဖေ့စ်ဘုတ်၏ တည်ဆောက်ပုံသည် အပြန်အလှန်ပြောဆိုမှုများကို သီးခြားခွဲထားပြီး ပိုမိုကျယ်ပြန့်သော ပရိသတ်ထံ ရောက်ရှိမှုအားနည်းအောင် လုပ်ဆောင် ထားသောကြောင့် ထိုကဲ့သို့သော တုံ့ပြန်ဆောင်ရွက်ချက်မျိုးကို ဖေ့စ်ဘုတ်ပေါ်တွင် တွေ့ရခဲသည်။

အမုန်းစကားများနှင့်ပတ်သက်၍ သတင်းတင်ပြခြင်းသည် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများ လုပ်ဆောင်ရန် သွေးထိုးလှုံ့ဆော်မှုများကို အကြံပြုတိုက်တွန်းနှိုးဆော်ခြင်းနှင့် ယေဘုယျအားဖြင့် ကွဲပြားသည့်အတွက် ဤလေ့လာချက်သည် အမုန်းစကားများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၏ အခန်းကဏ္ဍကိုသာ အကြွင်းမဲ့ လေ့လာခြင်းမျိုးမဟုတ်ပေ။ သို့သော် သတင်းမီဒီယာ အဖွဲ့အစည်းများသည် ဆောင်းပါးများအောက်ရှိ မှတ်ချက်ကဏ္ဍများ(comment sections)ကဲ့သို့ ၎င်းတို့၏ အွန်လိုင်းပလက်ဖောင်းများတွင် အသုံးပြုသူများ၏ စကားများကို အသိအမှတ်ပြု၍ တုံ့ပြန်ရန်သော်လည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့်ရာတွင် ပေးပို့စာများ (live text messages) သို့မဟုတ် တွစ်များ(tweets) ၏ ဖိဒ်များ(feeds) ကို ပြသရန်သော်လည်းကောင်း မကြာမကြာ လိုအပ်နေဆဲ ဖြစ်သည်။ လုပ်ငန်းလည်ပတ်ရာတွင် အမျိုးမျိုးသော စနစ်များ ရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းများစွာကို ထဲထဲဝင်ဝင် ဆန်းစစ်လေ့လာထားသော လေ့လာချက်နှစ်ခု ရှိပါသည်။ လေ့လာချက် တစ်ခုမှာ အယ်ဘေးနီးယန်း မီဒီယာသိပ္ပံ(Albanian Media Institute)၏ အရှေ့တောင် ဥရောပတွင် ဥပဒေ နှင့် အဖွဲ့အစည်း ဆိုင်ရာ ဖြေလျှော့မှုများ အစီရင်ခံစာဖြစ်ပြီး အသင့်လျော်ဆုံးသော ကိုယ်တိုင်စည်းကမ်းကြပ်မတ်ရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍လည်း အကြံပြုချက်များ ပေးသည်။ ဒုတိယလေ့လာချက်၏ ခေါင်းစီးမှာ "အွန်လိုင်းပေါ်မှ မှတ်ချက်များကို စောင့်ကြည့်လေ့လာခြင်း – ပေါ်ပေါက်လာသော လုပ်ထုံးလုပ်နည်းကောင်းများ" ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ သတင်းစာ အဖွဲ့အစည်းက ထုတ်ဝေခြင်းဖြစ်ကာ နိုင်ငံ ၆၃ နိုင်ငံမှ သတင်းအဖွဲ့အစည်းပေါင်း ၁၀၄ ဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို ဆန်းစစ်လေ့လာထားသည် (ဂွတ်ဒ်မန်းနှင့် ခီရူဘီနီ (Goodman and Cherubini)၊ ၂၀၁၃ ခုနှစ်)။ သတင်းမီဒီယာများ အနေဖြင့် တရားဝင်ထုတ်ဖော်ပြောဆိုမှုကို မကန့်သတ်ဘဲ အသုံးပြုသူများထံမှ ပေးပို့စာများ အလျှဉ်မပြတ် စီးဝင်လာမှုကို ဖြေရှင်းရန်မှာ စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ယင်းစိန်ခေါ်မှုမှာ အဖွဲ့အစည်းတစ်ဖွဲ့ချင်းစီအနေဖြင့် အမုန်းစကားများကို တန်ပြန်ရန်နှင့် အမုန်းစကားများအကြောင်း ဆွေးနွေးရန် တိုက်တွန်းအားပေးသော တုံ့ပြန်ဆောင်ရွက်ချက်များ အပါအဝင် မည်သို့သော ညှိနှိုင်းတုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်နိုင်သည်ကို အမုန်းစကားပေါ် အခြေခံ၍

သတ်မှတ်ပုံနှင့်စပ်လျဉ်းပြီး မူဝါဒများ ချမှတ်ရန် လိုအပ်သည်က အစပြုသည်။ ဖြစ်ရပ်များကို ပလက်ဖောင်း၏ အယ်ဒီတာများက ဆက်လက်စုံစမ်း စစ်ဆေးနိုင်စေရန်အတွက် အသုံးပြုသူများအနေဖြင့် အချက်ပြသတင်းပို့ တိုင်ကြားနိုင်ရန် အသေးငယ်ဆုံး လုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်စေကာမူ မီဒီယာအဖွဲ့အစည်းတိုင်းတွင် စောင့်ကြည့်လေ့လာသည့် စနစ်တစ်ခု လိုအပ်သည်။ သတင်းမီဒီယာများနှင့် အင်တာနက်ကြားခံကုမ္ပဏီများ၏ ရပ်တည်ချက်များ ကွဲပြားသော်ငြား သတင်းမီဒီယာများ၏ အွန်လိုင်းပေါ်မှ အမုန်းစကားများကို စောင့်ကြည့်လေ့လာ၊ ဆွေးနွေးသည့် လုပ်ထုံးလုပ်နည်းများကို အင်တာနက်ကြားခံ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းကို စည်းရုံးခြင်း

မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အမုန်းစကားသံများနှင့်စပ်လျဉ်း၍ အသိပညာပေးရန်နှင့် တန်ပြန်ရန်အတွက် အောင်အောင်မြင်မြင် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သော သာဓကများ ရှိသည်။ မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာမှုရှိရေးသို့ အသွင်ကူးပြောင်းလျက်ရှိပြီး အင်တာနက်ရရှိမှုသည် တစ်ဟုန်ထိုး မြင့်တက်လျက်ရှိသည်။ သို့သော် အချို့သူများသည် အကြမ်းဖက်ဝါဒ ဖြန့်ဝေရန် လူမှုမီဒီယာကို အသုံးပြုတတ်ကြသည်။[၆၁] ၂၀၁၄ ခုနှစ်တွင် လူနည်းစုအုပ်စုများ၏ ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်သည် မီဒီယာနှင့် အင်တာနက်ပေါ်တွင် လူနည်းစုအသိုက်အဝန်းများကို အဓိကပစ်မှတ်ထားကာ သတင်းမှား ဖြန့်ဝေမှု၊ အမုန်းစကားနှင့် အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်မှု၊ ခွဲခြားဆက်ဆံမှုသာမက ရန်လိုမှုတို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ဖွင့်ဟခဲ့သည် (HRC၊ ၂၀၁၅ ခုနှစ်)။ အွန်လိုင်းပေါ်မှ စကားနှင့် လက်တွေ့လုပ်ရပ်တို့ အကြား တိုက်ရိုက်ကြောင်းကျိုးဆက်နွှယ်မှုကို ရှာဖွေခြင်းသည် အပေါ်ယံမျှသာဖြစ်ကြောင်း ဤလေ့လာချက်တစ်လျှောက် ထောက်ပြထားသလိုပင် အွန်လိုင်းပေါ်ရှိ တင်းမာမှုများ တစ်စတစ်စ တိုးပွားလာသည့် တစ်ချိန်တည်းမှာပင် ပြင်ပလောက၌ အကြမ်းဖက်သည့် ကိစ္စရပ်များကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာပြေးကြရသည်။[၆၂]

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများ ကျင်းပအပြီး၌ ပွင့်လင်းမှုနှင့် လူမှုပူးပေါင်းပါဝင်မှုရှိရေးသို့ ဦးတည်သော လမ်းကြောင်းသစ်တစ်ရပ် စတင်ခဲ့သည်။ ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သူ သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရသည် မီဒီယာအပါအဝင် အဓိကကျသော ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခွင့် ပေးခဲ့သောကြောင့် အပြန်အလှန်ဆွေးနွေးရန် ရပ်ဝန်းများစွာ တိုးပွားသွားစေသည်။ ၂၀၁၃ ခုနှစ်တွင် လူဦးရေ၏ ၁.၂ ရာခိုင်နှုန်းသာ အင်တာနက်ရရှိခဲ့ပြီး လူဦးရေ ၁၂ ရာခိုင်နှုန်းကျော်သာ မိုဘိုင်းဖုန်းသုံးစွဲခွင့် ရရှိခဲ့သည် (၂၀၀၉ ခုနှစ်တွင် ဤရာခိုင်နှုန်းသည် ၁ ရာခိုင်နှုန်းအောက်သာ ရှိခဲ့သည်)။ သို့သော် မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်အတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့သော ကုမ္ပဏီနှစ်ခု ဖြစ်သည့် ကာတာအခြေစိုက် အော်ရီဒူးနှင့် နော်ဝေအခြေစိုက် တယ်လီနောတို့သည် ငါးနှစ်အတွင်း မိုဘိုင်းလွှမ်းခြုံနိုင်မှု ၉၀ ရာခိုင်နှုန်းကျော် ဖြစ်အောင် ဆောင်ရွက်မည်ဟု ကတိပြုခဲ့သည်။[၆၃]

ဤလုပ်ငန်းစဉ်၏ စိန်ခေါ်မှုတစ်ရပ်မှာ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများနှင့် ဆက်စပ်နေသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ အနောက်ဘက်ရှိ ရခိုင်ပြည်နယ်တွင် အငြင်းပွားဖွယ် ကိစ္စရပ်တစ်ခုကြောင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး လူ ၄၃ ဦး သေဆုံးခဲ့သည်။[၆၄] ယင်းမတိုင်မီနှစ်တွင် မုဒိမ်းမှုတစ်ခုနှင့် ပတ်သက်၍ စွပ်စွဲပြောဆိုခဲ့ပြီးနောက် တိုင်းရင်းသားအခြေပြု အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သောကြောင့် လူ ၂၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာပြေးခဲ့ရသည်။[၆၅] သို့ဖြစ်ရာ လူဦးရေအနည်းငယ်မှလွဲ၍ အွန်လိုင်းရပ်ဝန်းသစ်များ တစ်ဟုန်ထိုးပေါ်ပေါက်လာခြင်းကြောင့် ခိုင်မာစွာ အမြစ်တွယ်နေသည့် တင်းမာမှုအချို့ကို ပုံစံအသစ်ဖြင့် ထင်ဟပ်စေသည်။ အွန်လိုင်းပေါ်ရှိ အမြင်ကျဉ်းမြောင်းမှုနှင့် အမုန်းစကားများကို ကိုင်တွယ်ဖြေရှင်းရခြင်းသည် အရေးပါသော ပြဿနာတစ်ရပ် ဖြစ်လာသည်။

ဖေ့စ်ဘုတ်သည် အွန်လိုင်းစတင်အသုံးပြုမည့် မြန်မာနိုင်ငံသားများအတွက် ရွေးချယ်စရာ လမ်းကြောင်းတစ်ခု တစ်ဟုန်ထိုး ဖြစ်လာသည်။ ဤအခင်းအကျင်းတွင် အထူးသဖြင့် တရားနည်းလမ်းကျသည်ဟူသော ယုတ္တိဖြင့်သာမက နိုင်ငံတော်အကျိုး ခုခံကာကွယ်သည့်အနေဖြင့် ပြုမူသည်ဟူသော အဆိုဖြင့် ထောက်ကန်ပေးထားသည့် အခါမျိုးတွင် ပိုမိုရန်မူသောပုံစံဖြင့် အင်တာနက်ကြားခံအသုံးပြုခြင်းကို ထောက်ခံသော လူပုဂ္ဂိုလ်များနှင့် အုပ်စုများ ရှိသည်။ နိုင်ငံရေးသမားများသည်လည်း အွန်လိုင်းမီဒီယာကို အရေးကိစ္စအချို့အတွက် အသုံးပြုကြသည်။ လူမှုမီဒီယာတွင် လူနည်းစုများကို ညွှန်းဆိုရာ၌ ရိုင်းစိုင်းသော အသုံးအနှုန်းများ သုံးနှုန်းကြသည်။[၆၆]

ဤကဲ့သို့ ရှုပ်ထွေးလှသော အခြေအနေတွင် လှုပ်ရှားဆောင်ရွက်သူများစွာသည် အကြမ်းဖက်မှုများ ရှေ့လျှောက် မဖြစ်ပွားအောင် တားဆီးနိုင်သော တုံ့ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ရည်မျှော်၍ စည်းရုံးပြောဆိုမှုများ စတင်လုပ်ဆောင်လာကြသည်။ ဖေ့စ်ဘုတ်သည် မြန်မာနိုင်ငံတွင် လူမှုကွန်ရက်လမ်းကြောင်းအသုံးပြုမှုများကို စောင့်ကြည့်လေ့လာရန်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်ရန်နှင့် ပြဿနာရပ်များ တင်ပြရေးဆိုင်ရာ လမ်းညွှန်ချက်များကို

မြန်မာဘာသာစကားဖြင့် ရရှိအောင် လုပ်ဆောင်ပေးရန်အတွက် ပိုမိုထိရောက်သော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။[၉၇] မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်သည် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန်အတွက် တိုး၍ ဆောင်ရွက်မည်ဟု ကတိပြုခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့သည် အွန်လိုင်းပေါ်မှ အမုန်းစကားများကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်မည့် ဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်ရန်အလို့ငှာ အမေရိကန်ပြည်ထောင်စုနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေး တည်ဆောက်ရန် စိတ်ဝင်စားကြောင်း ဖွင့်ဟခဲ့သည်။[၉၈] အောက်တွင် ဆန်းစစ်ထားသော တုံ့ပြန်ဆောင်ရွက်ချက်များမှာ ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆန်းသစ်သော တုံ့ပြန်ဆောင်ရွက်ချက်များ ဖြစ်သည်။

ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အွန်လိုင်းပေါ်တွင် အမုန်းစကားများ ပြန့်ပွားမှုကို ပွင့်ပွင့်လင်းလင်း ရှုတ်ချရန်နှင့် တစ်ချိန်တည်းမှာပင် ဆင်ဆာဖြတ်ခြင်းကဲ့သို့ အလားတူ နည်းလမ်းများကို တောင်းဆိုရန် အားကောင်းသော လှုံ့ဆော်မှုတစ်ရပ် ဖော်ဆောင်လျက်ရှိသည်။ ဆန်းသစ်မှုအရှိဆုံးသော တုံ့ပြန်ဆောင်ရွက်မှုတစ်ခုမှာ မြန်မာဘာသာစကားအရ “ပန်းစကား”ဟု အဓိပ္ပာယ်ရသော Panzagar ဖြစ်ပြီး အမုန်းစကားများကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ရန်အတွက် ဘလော့ဂါ(Blogger)နှင့် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သော ဦးနေဘုန်းလတ်ဆိုသူက မိတ်ဆက်ခဲ့သော ကမ်ပိန်းတစ်ခု ဖြစ်ပါသည်။ ဤစီမံချက်၏ ပန်းတိုင်မှာ လူတစ်ဦးနှင့်တစ်ဦး အွန်လိုင်းပေါ်တွင်သာမက ပြင်ပတွင်ပါ ပျော်ပျော်ရွှင်ရွှင် ပြောဆိုဆက်ဆံနိုင်ကြောင်း သာဓကပြရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပန်းများကို လေးလေးနက်နက် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ “ပြည်သူလူထုက ဒီသတင်းစကားကို ရမယ်ဆိုရင် အန္တရာယ်များတဲ့ အမုန်းစကားပြောနေသူတွေကို ဆန့်ကျင်ကြလိမ့်မယ်။ ပြီးတော့ အမုန်းစကားဖြန့်နေတဲ့ အစွန်းရောက်အုပ်စုတွေကို ရပ်တန်းက ရပ်ကြဖို့ တဖြည်းဖြည်း စည်းရုံးသွားချင်တယ်” ဟု ဦးနေဘုန်းလတ်က ရှင်းပြခဲ့သည်။[၉၉] ထိုကမ်ပိန်းသည် ဖေ့စ်ဘုတ်အသုံးပြုသူများ၏ ပရိုဖိုင်(profile)တွင် နှုတ်ခမ်းဖျား၌ ပန်းတစ်ခက် ကိုက်ထားဟန် ဓာတ်ပုံများ တင်ရန် လှုံ့ဆော်ခဲ့သည်။

ကမ်ပိန်းသည် နိုင်ငံတွင်းသာမက နိုင်ငံတကာအဆင့်တွင်ပါ အာရုံစိုက်မှု အလုံးအရင်း ရရှိခဲ့သော်လည်း ကမ်ပိန်းများကို ကျေးလက်ဒေသနေပြည်သူများနှင့် အတန်းပညာ အားနည်းသူများထိ ပေါက်ရောက်အောင် ဆောင်ရွက်ရန် လိုနေသေးကြောင်း သတိပြုမိသည်ဟု ဤလေ့လာချက်အတွက် မေးမြန်းခဲ့သော တက်ကြွလှုပ်ရှားသူအချို့က ဆိုခဲ့သည်။ အကျိုးဖြစ်ထွန်းစေသော မဟာမိတ်ဆက်ဆံရေးများ တည်ဆောက်ရန် လိုအပ်ပြီး အထင်ကရ ဘာသာရေးခေါင်းဆောင်များ အချင်းချင်း ရိုင်းပင်းစုရုံးကြရန် လိုအပ်သည်။ ထို့ပြင် “ပန်းစကား” တစ်ခုတည်းကိုသာ တိုက်တွန်းနေသည်ထက် အကြမ်းဖက်မှုများကို ရှုတ်ချရန် သတိပြုရမည်။ မည်သည်ကို ပြောသင့်ပြီး မည်သည်ကို မပြောသင့်ကြောင်း ကန့်သတ်ချက်များသာမက ပြဿနာရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍအကြောင်း ရှင်းလင်းတင်ပြရန် လိုအပ်သည်ဟု တက်ကြွလှုပ်ရှားသူများက ဖွင့်ဟကြသည်။

ပန်းစကားကဲ့သို့သော အစီအစဉ်များသည် အုပ်စုအမျိုးမျိုး စုရုံးလာအောင် လှုံ့ဆော်စည်းရုံးနိုင်ခဲ့သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အမုန်းစကားပြဿနာကို ဖြေရှင်းရန် အဖြေထုတ်ရာတွင် ညီညွတ်မှု မရှိကြပေ။ ဥပမာအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် မတူညီသော သဘောထားအမြင်များ တစ်ခါတစ်ရံတွင် အလွန်ကွဲလွဲသော သဘောထားအမြင်များ ရှိနေကြောင်း ဦးမြတ်ကိုကိုဆိုသူက ထောက်ပြခဲ့သည်။ အချို့က အမုန်းစကားများကို ပိုမိုတင်းတင်းကျပ်ကျပ် အပြစ်ပေးမည့် ဥပဒေများကို ဆန့်ကျင်ကြပြီး အချို့ကမူ နှစ်သက်ကြသည်။ တစ်ချိန်တည်းမှာပင် “အမုန်းစကားတွေက ငြိမ်းချမ်းရေးအကူးအပြောင်းကို ထိခိုက်မှာ ကြောက်ကြတယ်။ နိုင်ငံက ထိလွယ်ရှလွယ်ဖြစ်နေတာကြောင့် သတိကြီးကြီး ထားကြတယ်” ဟု ဆိုခဲ့သည်။ “တုံ့ပြန်ဆောင်ရွက်ချက်က အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီက အခြေတည်ရင် သူတို့ကိစ္စပေါ့။ သူတို့ ထိန်းချုပ်မှာပေါ့။ တုံ့ပြန်ဆောင်ရွက်ချက်က ဥပဒေဆိုရင်တော့ နိုင်ငံတော်က ထိန်းချုပ်ရမယ်” ဟု ဆက်လက် ပြောကြားခဲ့သည်။ [၁၀၀]

ပြည်တွင်းတက်ကြွလှုပ်ရှားသူများသည် ဤကိစ္စရပ်နှင့်ပတ်သက်၍ နိုင်ငံတကာမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို စည်းရုံးဖို့ ကြိုးပမ်းသည်ထက် ပြည်တွင်း၌ ဖြေရှင်းရန်သာ အာရုံစိုက်လျက်ရှိသည်။ ယင်းသည် လျစ်လျူရှုခံ ပြဿနာရပ်များကို ကမ္ဘာတစ်ဝန်းမှ အာရုံစိုက်မှု ရရှိအောင် ဆွဲဆောင်နိုင်ခဲ့သည့် အခြားသော အွန်လိုင်းကမ်ပိန်းအချို့နှင့်ယှဉ်လျှင် ကွဲလွဲလျက်ရှိသည်။ ဆူဒန်ပြည်တွင်းစစ်အတွက် ဒါဖာကယ်ဆယ်ရေးစုပေါင်းအဖွဲ့ (Save Darfur Coalition) က ဆော်ဩခဲ့သော အစီအစဉ် သို့မဟုတ် လော့ဒ်ရီစစ်စတန့်အာမီ (Lord Resistance Army) ၏ ရက်စက်ကြမ်းကြုတ်မှုများကို ရှုတ်ချသည့် Invisible Children အဖွဲ့၏ ကိုနီ ၂၀၁၂ (Kony 2012) ကမ်ပိန်းကဲ့သို့ အစီအစဉ်များသည် လူသိများသော သာဓကများ ဖြစ်သည်။ ဤကမ်ပိန်းများအပေါ် သုံးသပ်ချက်များတွင် ထောက်ပြထားသလိုပင် ထိုကဲ့သို့သော နိုင်ငံတကာ တုံ့ပြန်ဆောင်ရွက်ချက်များသည် ပြည်တွင်း၌ ဖြေရှင်းချက်ထုတ်နိုင်စွမ်းအပေါ် အနှုတ်သဘောဆန်ဆန် သက်ရောက်နိုင်ပေသည် ( ရှိုမီယားအက်စ်(Schomerus)၊ ၂၀၁၂ ခုနှစ်) ။

အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ကြိုတင်စည်းရုံးမှုများ လုပ်ဆောင်နိုင်ပြီး ပေါ်ပေါက်လာသည့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သော ပြည်တွင်းမဟာမိတ်ဆက်ဆံရေးများ တည်ဆောက်နိုင်ကြောင်း မြန်မာနိုင်ငံရှိ ဖြစ်ရပ်က သာဓကပြနေသည်။ ပန်းစကားအရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သော ဦးဟယ်ရီမျိုးလင်းက “အခုချိန်မှာ ဘုန်းတော်ကြီးသင်

စာသင်ကျောင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ မွတ်စလင်ဘာသာရေးခေါင်းဆောင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဇောက်ချ လုပ်ချင်တယ်။ အချိန်အကြာကြီး လုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်။ ဒါပေမဲ့ လူမှုမီဒီယာမှာ ရှိနေတဲ့ အမုန်းစကားတွေ ပေါ်ကိုပဲ အာရုံစိုက်နေတာမျိုး မဖြစ်စေချင်ဘူး” ဟု ရှင်းပြခဲ့သည်။[၁၀၁]

ဤလေ့လာချက်အတွက် မေးမြန်းခဲ့သော တက်ကြွလှုပ်ရှားသူများ၏ အဆိုအရ နိုင်ငံတကာ၏ အာရုံစိုက်မှု မြှင့်တင်ရေး၊ ပြည်တွင်းနှင့်ဆီလျော်သော ရလဒ်များ ဖော်ထုတ်ရေးနှင့် ထိခိုက်လွယ်သော အကူးအပြောင်းကို ကမောက်ကမဖြစ်အောင် တားဆီးခြင်းတို့ကဲ့သို့ ပြည်တွင်းရှိ အာရုံစိုက်ရမည့် ကိစ္စရပ်များအကြား ဟန်ချက်ညီရေးမှာ ထိရှလွယ်လှသည်။ သို့သော် အွန်လိုင်းပေါ်တွင် ဂယက်ရိုက်နေသည့် ပဋိပက္ခများကို ဖြေရှင်းရန် နည်းဗျူဟာများထဲတွင် အွန်လိုင်းပေါ်ရှိ အမုန်းတရားများနှင့် စပ်လျဉ်း၍ စည်းရုံးလှုံ့ဆော်ခြင်းသည် အင်တာနက်အသုံးပြုရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ၎င်းတို့၏ အားထုတ်မှုများက ပြသနေသည်။

## ပုဂ္ဂလိကကုမ္ပဏီများကို တိုက်တွန်းစည်းရုံးခြင်း

အမုန်းစကားများကို အခြားပုံစံများဖြင့် တန်ပြန်နေသည့် အမျိုးမျိုးသော အဖွဲ့အစည်းများ သို့မဟုတ် အုပ်စုအချို့၏ အခွင့်အရေးအတွက် ယခင်ကတည်းက ခုခံပြောဆိုပေးနေသည့် အမျိုးမျိုးသော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့သည် အွန်လိုင်းပေါ်တွင် တစ်စထက်တစ်စ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရှိလာကြသည်။ ဤအခြင်းအရာသည် အထူးသဖြင့် အင်တာနက်ထိုးဖောက်မှု မြင့်မားပြီး ပုဂ္ဂလိကကုမ္ပဏီများက အဓိကကြားခံလုပ်ငန်းများ အဖြစ် ဆောင်ရွက်သည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထင်ရှားသည်။ ဤအပိုင်းတွင် ဘာသာရေး၊ လူမျိုးရေးနှင့် ကျား-မရေးရာတို့အပေါ် အခြေခံ၍ အွန်လိုင်းပေါ်တွင် အမုန်းတရားပြဿနာများ ဖြစ်ပွားလျက်ရှိသော အမေရိကန်ပြည်ထောင်စု၊ ဩစတေးလျနှင့် ယူကေတို့ရှိ ကမ်ပိန်းများနှင့် အစီအစဉ်များကို စူးစမ်းလေ့လာသွားမည် ဖြစ်ပါသည်။ ဤအပိုင်းတွင် ထိုတုံ့ပြန်ဆောင်ရွက်ချက်များက အမုန်းစကားကိစ္စရပ်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း ပိုမို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုပြထားပါသည်။

## *ဆောင်ရွက်ရန် နည်းဗျူဟာအမျိုးမျိုး*

အမေရိကန်ပြည်ထောင်စုအခြေစိုက် အသရေဖျက်မှုဆန့်ကျင်ရေးအဖွဲ့(ADL)၊ အမျိုးသမီး၊ တက်ကြွလှုပ်ရှားမှုနှင့် မီဒီယာ (WAM!)၊ ဩစတေးလျနိုင်ငံအခြေစိုက် အွန်လိုင်းပေါ်မှ အမုန်းတရား ကာကွယ်တားဆီးရေးအဖွဲ့ (Online Hate Prevention Institute)၊ ကနေဒါနိုင်ငံအခြေစိုက် လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့များ (Sentinel Groups for Genocide Prevention)၊ ဗြိတိန်နိုင်ငံအခြေစိုက် တဲလ်မာမား – မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှု တိုင်းတာရေးအဖွဲ့(Tell Mama – Measuring Anti – Muslim Attacks) တို့သည် အင်တာနက်ကြားခံ လုပ်ငန်းများကို ပစ်မှတ်ထား၍ တင်ဆက်ချက်များကို စောင့်ကြည့်လေ့လာရေးနှင့်ပတ်သက်ပြီး ၎င်းတို့ကို ပိုမိုတာဝန်ယူစေကာ အသုံးပြုသူများကို အသိပညာမျှဝေရန် ကြိုးပမ်းခြင်းဖြင့် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန်အတွက် တိုး၍ တိုး၍ မြှုပ်နှံဆောင်ရွက်လာကြသည်။

ADL ၏ ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ္စတိုဖာဝုဖ်(Christopher Wolf) က “ဒီနေ့ခေတ်မှာ လူတွေက အွန်လိုင်းပေါ်က အမုန်းစကားတွေကို တွေ့ရင် ဂရုမစိုက်ဘဲ ဘာမှမဖြစ်သလို နေလိုက်ကြတယ်။ ဘာလို့လဲဆိုတော့ တွေ့ရပါများတော့ ရိုးနေပြီ၊ ထုံနေပြီလေ။ အွန်လိုင်းအသိပညာနဲ့ ပတ်သက်ပြီး လုံလုံလောက်လောက် သိနားလည်မှု မရှိကြဘူး။ လူတွေကို စက်ပစ္စည်းတွေ သုံးဆိုပြီး ထုတ်ပေးလိုက်ပေမဲ့ ရှင်းလင်းတဲ့ လမ်းညွှန်ချက်တွေမရှိဘဲ အသုံးပြုနေကြတယ်။ ပြီးတော့ အသိပညာပေးတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဒီထက်ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ထင်တယ်” ဟု အခိုင်အမာဆိုသည်။[၁၀၂] အွန်လိုင်းပေါ်မှ အမုန်းစကားများကို ဆန့်ကျင်ရန်အတွက် ပိုမိုကောင်းမွန်သော ပညာရေးနှင့် လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များ လိုအပ်နေကြောင်း လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စောင့်ကြည့်စီမံကိန်း၏ လုပ်ငန်းဒါရိုက်တာဖြစ်သူ ဒရူးဘွိုက်ဒ်(Drew Boyd)က အကြံပြုတိုက်တွန်းနှိုးဆော်ခဲ့ပြီး“ အွန်လိုင်းပေါ်က အမုန်းစကားနဲ့ ပြင်ပက အမုန်းစကားတွေကို များသောအားဖြင့် ဆက်စပ်ပေးနေတဲ့ အရာဟာ မသိနားမလည်မှု ဖြစ်တယ်” ဟု ကောက်ချက်ချခဲ့သည်။ သတင်းအချက်အလက်အားနည်းခြင်းကြောင့် ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ကမ္ဘာ့အခင်းအကျင်းအပေါ် ပြည်သူလူထု၏ အမြင်ကျဉ်းမြောင်းသွားစေပြီး တစ်ပါးသူအပေါ် မုန်းတီးသော အမြင်များဖြင့် ရှုမြင်စေနိုင်သည်။ သတင်းအချက်အလက်မှားများနှင့် အထင်အမြင်မှားစေသော သတင်းများ

လည်ပတ်စီးဆင်းလျက်ရှိသည့် သီးသန့်ပူးပေါင်း သတင်းကွန်ရက်(collaborative networks of information) တွင် မှန်ကန်သော အချက်အလက်များနှင့် အခြားသော ကမ္ဘာ့အမြင်အခင်းအကျင်းများကို လှစ်ဟပြသမည့် သတင်းအချက်အလက်များ ဖြန့်ဝေရန်အတွက် ပူးပေါင်းကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။[၁၀၃]

အသုံးပြုသူများ နီးနီးကြားကြားရှိအောင် လှုံ့ဆော်သည်မှအပ ဤအုပ်စုများသည်လည်း အွန်လိုင်းပေါ်မှ အမုန်းစကားများကို ပိုမို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြရန်အတွက် အင်တာနက်ကြားခံလုပ်ငန်းများကို ဖိအားပေးရန် အာရုံစိုက်ကြသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များကို အပြန်အလှန်ချိတ်ဆက်နေသော နည်းဗျူဟာနှစ်ရပ်အဖြစ် ခွဲခြားနိုင်သည်။

အချို့သော အခြေအနေများတွင် အဖွဲ့အစည်းများသည် အလျင်လိုနေသည့် ကိစ္စရပ်အချို့ကို ရွေးချယ်၍ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပုဂ္ဂလိကကုမ္ပဏီများကို တိုက်ရိုက် တိုက်တွန်းစည်းရုံးရန် အာရုံစိုက်ကြသည်။ ဤလုပ်ငန်းစဉ်တွင် ယင်းအဖွဲ့အစည်းများက အွန်လိုင်းကမ်ပိန်းများ၊ စနစ်တကျ တိုင်ကြားချက်များ၊ အိတ်ဖွင့်ပေးစာများ၊ အွန်လိုင်းပေါ်မှ အသနားခံစာများ နှင့် ထောက်ခံသူများကို အွန်လိုင်းပေါ်သာမက ပြင်ပတွင်ပါ စည်းရုံးလှုံ့ဆော်ပေးကြဖို့ နှိုးဆော်ခြင်းဖြင့် ၎င်းတို့၏ ကိစ္စရပ်များ အကြောင်း လူသိများအောင် ဆော်ဩခြင်းတို့ ပါဝင်နိုင်သည်။ သို့သော် ထိုအဖွဲ့အစည်းများက အဓိက ဦးဆောင်သူ ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂူဂဲလ်(Google)တွင် "ဂျူး" ဟူသော စကားလုံးကို ရှာဖွေလျှင် ထိပ်ဆုံး၌ ပေါ်လာသော စကားလုံးများအနက် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့က ဂျူးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်ဖြစ်ရပ်ကို ငြင်းဆန်ရန် ဆော်ဩသော ဂျူးဝှက်ချ် (Jew Watch)၊ ဂျူးဆန့်ကျင့်ရေးဝက်ဘ်ဆိုက်  မပါဝင်အောင် ၎င်း၏ ရှာဖွေရေး စံနှုန်းများကို ပြုပြင်မွမ်းမံရန် ဂူဂဲလ်ထံ တောင်းဆိုခြင်းအပြင် (ဖောက်ခ်စ်မန်း (Foxman)နှင့် ဝုဖ် (Wolf)၊ ၂၀၁၃ခုနှစ်) အောက်တွင် ဖော်ပြထားသည့် WAM! က ဆော်ဩခဲ့သော ကမ်ပိန်းကဲ့သို့သော ကိစ္စရပ်များ ဖြစ်သည်။

ဤအဖွဲ့အစည်းများအနက်မှ အချို့သော အဖွဲ့အစည်းများက ဆော်ဩသည့် ဒုတိယ အစီအစဉ် အမျိုးအစားမှာ တင်ဆက်ချက် အမျိုးအစားအချို့နှင့်စပ်လျဉ်း၍ အသုံးပြုသူများထံမှ တိုင်းကြားချက်များ စုစည်းခြင်း ဖြစ်သည်။ ဤလုပ်ဆောင်ချက်ကို အွန်လိုင်းပေါ်မှ အမုန်းစကားပြဿနာများ ဖြေရှင်းရန် အင်တာနက်ကြားခံလုပ်ငန်းများ ကျင့်သုံးသည့် လုပ်ငန်းစဉ်နှင့် ဆက်စပ်၍ သုံးသပ်ဆင်ခြင်ပါက အထူး စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ဥပမာအားဖြင့် ဂူဂဲလ်(Google) ကဲ့သို့သော ကုမ္ပဏီများသည် အစိုးရက ထုတ်ဖော်ရန် သို့မဟုတ် ဖယ်ရှားရန် ကြိုတင်တောင်းဆိုထားသည့် ဒေတာ၊ သတင်းအချက်အလက်နှင့် တင်ဆက်ချက်များကို စာရင်းပြုစုထားသော ပွင့်လင်းမြင်သာမှုအစီရင်ခံစာများကို အများပြည်သူထံ စတင် ချပြလာကြသော်လည်း တစ်သီးပုဂ္ဂလ အသုံးပြုသူများ၏ တောင်းဆိုချက်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ခြင်း မရှိသေးပေ။ တစ်သီးပုဂ္ဂလ အသုံးပြုသူများက တင်ဆက်ချက်တစ်ခုခုကို မသင့်လျော်ကြောင်း အချက်ပြသတင်းပို့ပါက ၎င်းတို့၏ တိုင်ကြားချက်ကို အရေးယူဆောင်ရွက်နေကြောင်း အသိပေးသော်လည်း (ဥပမာ – ဖေ့စ်ဘုတ်သည် သီးသန့် သတင်းအချက်အလက်စီမံခန့်ခွဲရေးလုပ်ဆောင်ချက်များရှိသည့် စာမျက်နှာမှတစ်ဆင့် အသိပေးနိုင်သည်) ဤလုပ်ငန်းစဉ်ကို အခြားသော အသုံးပြုသူများနှင့် အဖွဲ့အစည်းများထံ အများအားဖြင့် ချပြခြင်း မရှိပေ။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် မည်သည်က စိတ်အနှောင့်အယှက်ဖြစ်စေသောစကား၊ မသင့်လျော်သောစကား၊ စော်ကားသောစကား သို့မဟုတ် အမုန်းစကားဟု မှတ်ယူကြကြောင်း ပိုမိုကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်မည့် အခွင့်အလမ်းနည်းသွားစေသည်။

အချို့သော သတင်းစကားအမျိုးအစားများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန်အတွက် ဝိုင်းဝန်းတောင်းဆိုကြဖို့ လူထုကို စည်းရုံးတိုက်တွန်းသော အစီအစဉ်သာဓကများမှာ လူမျိုးတုန်းသတ်ဖြတ်မှု ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့နှင့် မိုဘိုင်အိုကရေစီ (Mobiocracy) တို့ ကမကထပြုခဲ့သည့် *ဟိတ်ဘေ့စ် (HateBase)*၊ တဲလ်မာမား (Tell Mama) ၏ *အစ္စလာမ်ကြောက်မုန်းတီးတိုက်ခိုက်သောဖြစ်ရပ်များကို တိုင်ကြားနိုင်သော ပလက်ဖောင်း(Islamophobic incidents reporting platform)* နှင့် အွန်လိုင်းပေါ်မှ အမုန်းတရား ကာကွယ်တားဆီးရေးအဖွဲ့၏ *အမုန်းတရားဆန့်ကျင်ရေး(Fight Against Hate)* တို့ ဖြစ်သည်။ ဤအစီအစဉ်များသည် အွန်လိုင်းအမုန်းစကား တန်ပြန်ရေးကို တိုးတက်ကောင်းမွန်စေပြီး လူမှုမီဒီယာများတွင် ပျံ့နှံ့နေသော အမုန်းစကားများကို ခြေရာခံရန်သာမက အမျိုးမျိုးသော ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ထိုအမုန်းစကားများကို မည်သို့ထိန်းချုပ်နေကြကြောင်း ခြေရာခံရန်အတွက် ဆန်းသစ်သော နည်းကိရိယာများအနေဖြင့်လည်း အသုံးဝင်သည်။

ဟိတ်ဘေ့စ် (HateBase) သည် အွန်လိုင်းပေါ်တွင် ဖြန့်ဖြူးနေသော အမုန်းပွားဖွယ် တင်ဆက်ချက်များ၏ တည်နေရာပြ ပထဝီမြေပုံ ချပြနိုင်ရန်အတွက် လူမှုကွန်ရက်လမ်းကြောင်းများပေါ်မှ လူအများတွေ့မြင်နိုင်သည့် သတင်းစကားများတွင် ပါဝင်သော အမုန်းစကားများကို မြေပုံထုတ်ရန် အလေးပေး လုပ်ဆောင်နေသည်။ ထိုသို့မြေပုံထုတ်ခြင်းအားဖြင့် ကမ္ဘာနှင့်ချီ ခြုံငုံသုံးသပ်နိုင်ရုံသာမက အသုံးပြုသည့် ဘာသာစကား၊ လူသိများသော အမုန်းတရား ရေစီးကြောင်းများနှင့် ပစ်မှတ်များ အလိုက် ပိုမို ကန့်သတ်မှုရှိစွာ အာရုံစိုက်နိုင်စေသည်။ ဤဒေတာဘေ့စ်တွင် အသုံးပြုသူများကို သတ်မှတ်ထားသည့် အသိုက်အဝန်းတွင်းရှိ အွန်လိုင်းပေါ်မှ အမုန်းစကားများကို စိစစ်ခိုင်းပြီး ၎င်းတို့၏ အမုန်းပွားဖွယ် သဘောသဘာဝကို အတည်ပြုစေခြင်းဖြင့် ဆန်းစစ်လေ့လာချက်၏ တိကျမှုနှင့် နယ်ပယ်အတိုင်းအတာကို တိုးတက်ကောင်းမွန်အောင် အသုံးချနိုင်သော လူပုဂ္ဂိုလ်တစ်ဦးချင်း တိုင်ကြားနိုင်သည့် ဖန်ရှင်(function)လည်း ပါဝင်ပါသည်။[၁၀၄] အလားတူပင် အမုန်းတရားဆန့်ကျင်ရေး(Fight Against Hate) သည် မတူညီသော လူမှုကွန်ရက်များပေါ်မှ အွန်လိုင်းအမုန်းစကားများကို

ပလက်ဖောင်းခုတည်းတွင် တိုင်ကြားနိုင်စေပြီး အမုန်းတရားဆိုင်ရာ တင်ဆက်ချက်တစ်ခုကို လူဦးရေ မည်မျှလောက်က တိုင်ကြားထားကြောင်း၊ မည်သည့်နေရာက အခြေတည်ကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တိုင်ကြားချက်များကို အရေးယူဆောင်ရွက်ရန် အချိန်မည်မျှယူနေကြောင်းနှင့် တင်ဆက်ချက်ကို ထိထိရောက်ရောက် စောင့်ကြည့်လေ့လာမှုရှိမရှိ အသုံးပြုသူများ ခြေရာခံနိုင်ရန်လည်း ကူညီပေးသည်။[၁၀၅] နောက်ဆုံးအနေဖြင့် ယူကေအခြေစိုက် တဲလ်မာမား (Tell MaMa) အဖွဲ့သည် မြောက်များစွာသော ဆိုက်(site)များက ပလက်ဖောင်းတစ်ခုတည်းတွင် စုပေါင်းတိုင်ကြားနိုင်သော အလားတူ ဖန်ရှင်တစ်ခု ပံ့ပိုးပေးသော်လည်း မွတ်စလင်ဆန့်ကျင်ရေး တင်ဆက်ချက်ပေါ်တွင်သာ အဓိကထားသည်။ ဤတိုင်ကြားရေး ပလက်ဖောင်းသည် နောင်အခါတွင် ဆန်းစစ်လေ့လာချက်များ လုပ်ဆောင်နိုင်ရန်အတွက် လူမျိုးရေးနှင့် ဘာသာရေး နောက်ခံဆိုင်ရာ ဖြစ်ရပ်များကိုလည်း မှတ်တမ်းတင်ပေးထားသည်။ ထိုပလက်ဖောင်းပေါ်တွင် လက်ခံရရှိထားသော တိုင်ကြားချက်များကို အဆိုပါအဖွဲ့အစည်းက စိစစ်၍ နစ်နာသူများကို ဆက်သွယ်ပြီး အချို့သော ဖြစ်ရပ်များကို သက်ဆိုင်ရာ ဥပဒေစိုးမိုးရေးအာဏာပိုင်များထံ တိုင်ကြားသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်အောင် ကူညီပေးသည်။[၁၀၆] ယူကေတွင် “မွတ်စလင်များအပေါ် အွန်လိုင်းနှင့် ပြင်ပ၌ အမုန်းစကားပြောဆိုသည့် ခေတ်ရေစီးကြောင်းများကို ခြေရာခံရန်အတွက်လည်း မှတ်တမ်းပြုစုထားသော သတင်းအချက်အလက်များကို အသုံးပြုထားသည်။[၁၀၇]

အထောက်အထားအခြေပြုဒေတာများကို ထုတ်လုပ်ရန် အရေးကြီးပုံကို ဆွေးနွေးရာတွင် အွန်လိုင်းပေါ်မှ အမုန်းတရား ကာကွယ်တားဆီးရေးအဖွဲ့(Online Hate Prevention Institute) ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ အန်ဒရီ အိုဘိုလာ (Andre Oboler)က ထိုကဲ့သို့သော ပလက်ဖောင်းများသည် တင်ဆက်ချက်ကို မည်သည့်အချိန်က ဦးဆုံး တိုင်ကြားခဲ့ကြောင်း၊ လူဦးရေ မည်မျှက တိုင်ကြားခဲ့ကြောင်းအပြင် ၎င်းကို ဖယ်ရှားရန် ပျမ်းမျှအားဖြင့် အချိန်မည်မျှ ကြာနိုင်ကြောင်း အခြားသော စာရင်းသွင်းထားသည့် အသုံးပြုသူများ စောင့်ကြည့်နိုင်ရန်အတွက် တောင်းဆိုချက်များကို ၎င်းတို့ မြင်နိုင်အောင် လုပ်ဆောင်ပေးနိုင်သည်ဟု ဆိုသည်။

ဤနည်းနှင့် အခြားနည်းလမ်းအားဖြင့် အဆိုပါအဖွဲ့အစည်းများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့ဂုဏ်သိက္ခာ လေးစားမှုတို့အကြား ဟန်ချက်ညီရန် လိုအပ်ကြောင်း အပြန်အလှန်ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသော မိတ်ဖက် အစုအဖွဲ့၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာနိုင်သည်။ ဖေ့စ်ဘုတ်၏ ဝန်ဆောင်မှုစည်းမျဉ်းများကို တိုက်ရိုက်ချိုးဖောက်ခြင်း မဟုတ်သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖိအားပေးအုပ်စုများ၊ စည်းကမ်းကြပ်မတ်သူများနှင့် တစ်သီးပုဂ္ဂလ အသုံးပြုသူများကဲ့သို့ လှုပ်ရှားဆောင်ရွက်သူအမျိုးအစားများစွာက စော်ကားရိုင်းပျသည်ဟု ထင်မြင်ကြသည့်အတွက် အဘိုရီဂျယ်နယ်ဩစတေးလျလူမျိုးများအပေါ် အမုန်းစကားဆိုသော ဖေ့စ်ဘုတ်စာမျက်နှာ(facebook page) တစ်ခုကို ဖေ့စ်ဘုတ်က ဖြုတ်ချခဲ့ကြောင်း အောက်ပါသာဓကတွင် ရှင်းရှင်းလင်းလင်း ပုံဖော်ပြသထားသည်။

## *ကာလရှည် စည်းရုံးလှုံ့ဆော်ခြင်း*

အမုန်းစကားများနှင့်ဆက်စပ်၍ အခြေခံအကျဆုံးသော အငြင်းပွားဖွယ် ကိစ္စရပ်ကြီးတစ်ခုက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်များထံ ပေါက်ရောက်သွားသောကြောင့် အွန်လိုင်းပေါ်ရှိ အပြန်အလှန်ဆွေးနွေးပွဲများတွင် ထိုသူများက တက်တက်ကြွကြွ ပါဝင်လာပြီး အွန်လိုင်းပေါ်မှ အမုန်းစကားနှင့်ဆက်စပ်သည့် ကိစ္စတစ်ခုကို ဖြေရှင်းရန် ပုဂ္ဂလိက ကုမ္ပဏီများအား ဖိအားပေးကြပုံကို ဤဖြစ်ရပ်က သာဓကပြနေသည်။ ၂၀၁၂ ခုနှစ်တွင် “အဘိုရီဂျင်နယ် မီးမ်များ(Aboriginal Memes)” ဟု ခေါ်သော ဒေသရင်း ဩစတေးလျလူမျိုးများကို လှောင်ပြောင်သည့် ဖေ့စ်ဘုတ်စာမျက်နှာတစ်ခုကြောင့် တင်ဆက်ချက် အလွဲသုံးစားမှုအဖြစ် ရီပို့တင်ပြတိုင်ကြားမှုများ(content abuse reports)၊ ကျယ်ပြန့်သော မီဒီယာလွှမ်းခြုံမှု၊ အွန်လိုင်းလှုပ်ရှားမှုကမ်ပိန်းနှင့် ထိုတင်ဆက်ချက်ကို ဖယ်ရှားပေးရန် ဖေ့စ်ဘုတ်သို့ အိတ်ဖွင့်ပေးစာ ပေးပို့သော အွန်လိုင်း အသနားခံလွှာရေးသွင်းခြင်းတို့လုပ်ဆောင်ကြသဖြင့်ပြည်တွင်းအွန်လိုင်းရပ်ဝန်းပေါ်တွင်အုတ်အော်သောင်းတင်းဖြစ်စေခဲ့ သည်။ ဤနေရာတွင် ညွှန်းဆိုထားသော မီးမ်(meme) ဆိုသည်မှာ ရုပ်ပုံများကို ပေါင်းစပ်ပြီး ယင်းရုပ်ပုံပေါ်တွင် စာများ ရေးသား၍ သတင်းစကားတိုများကို ရုပ်ပြပုံစံ ဖော်ပြခြင်းကို ညွှန်းဆိုခြင်း ဖြစ်သည်။

“အဘိုရီဂျင်နယ် မီးမ်များ(Aboriginal Memes)” ဖေ့စ်ဘုတ်စာမျက်နှာကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရာ၌ အမျိုးမျိုးသော လူမှုမီဒီယာနှင့် သတင်းပလက်ဖောင်းများပေါ်တွင် အွန်လိုင်းမှ ထောက်ခံအားပေးမှု အများအပြားရရှိခဲ့ပြီး နိုင်ငံတကာ သတင်းလိုင်းများ၏ စိတ်ဝင်စားမှုလည်း အစပျိုးလာခဲ့သည်။ မီဒီယာပေါ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်လာသောကြောင့် ဖေ့စ်ဘုတ်သည် ဩစတေးလျမီဒီယာတစ်ခုတွင် “ဩစတေးလျလူမျိုးများက ဖေ့စ်ဘုတ်ပေါ် ဖွင့်ထားသော အငြင်းပွားဖွယ် မီးမ်စာမျက်နှာတွေ(meme pages)နှင့်ပတ်သက်ပြီး ပြည်သူလူထုတွေ စိတ်ဝင်စားနေသည်ကို သတိပြုမိပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ သတင်းအချက်အလက်မျှဝေခြင်း၊ ပွင့်လင်းမြင်သာလာမှုရှိလာခြင်းတို့ကြောင့် စကားပြောဆိုရန်၊ အပြန်အလှန်ဆွေးနွေးရန် ဖိတ်ခေါ်မှုမျိုး၊ပိုမိုနားလည်မှုရှိလာခြင်းမျိုးဖြစ်လာပါသည်။တစ်ချိန်တည်းမှာပင် မျှဝေထားသော တင်ဆက်ချက်အချို့မှာ အငြင်းပွားဖွယ်၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ် သို့မဟုတ် အချို့နိုင်ငံများတွင် ဥပဒေနှင့်ပင်

ဆန့်ကျင်နေနိုင်သည်ကို သိရှိပါသည်” ဟု အတိအလင်း ထုတ်ပြန်ခဲ့သည်။[၁၀၈] ဖေ့စ်ဘုတ်၏ တရားဝင်ထုတ်ပြန်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ဩစတေးလျနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဝန်ရှင်တော်မင်းကြီးက ထိုအငြင်းပွားဖွယ် စာမျက်နှာကို ကန့်ကွက်ကြောင်းနှင့် ဖေ့စ်ဘုတ်သည် ဩစတေးလျလူမျိုး ပြစ်မှုကျူးလွန်သူနှင့် ဩစတေးလျလူမျိုးနစ်နာသူတို့ ပါဝင်ပတ်သက်နေသည့် ပြဿနာကို အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမဦးဆုံး ပြင်ဆင်ဖြည့်စွက်ချက်နှင့်အညီ ဆောင်ရွက်ခြင်းကို ကန့်ကွက်ကြောင်း အများပြည်သူပိုင်ရုပ်သံတွင် လူတွေ့မေးမြန်းစဉ် ပြတ်ပြတ်သားသား ဆိုခဲ့သည်။[၁၀၉]

တင်ဆက်ချက် အလွဲသုံးစားမှုအဖြစ် တိုင်ကြားချက်များစွာကို ဖေ့စ်ဘုတ်က “သင်၏ တိုင်ကြားချက်ကို စိစစ်ပြီးသည့်အခါ၌ သင်တိုင်ကြားသော စာမျက်နှာသည် ဖေ့စ်ဘုတ်၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားဆိုင်ရာ ထုတ်ပြန်ချက်ကို ဖောက်ဖျက်ကြောင်း အတည်ပြုနိုင်ခြင်း မရှိပါ” ဟု အလိုအလျောက် ဖြေဆို၍ တင်ဆက်ချက်ကို ဖယ်ရှားရန် ငြင်းဆန်ခဲ့ခြင်းကြောင့် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် အွန်လိုင်းအသနားခံလွှာတစ်ခုကို စတင်ခဲ့သည်။[၁၁၀] အသနားခံလွှာတွင် ပါဝင်သော အိတ်ဖွင့်ပေးစာတွင် လူမျိုးရေးခွဲခြားသည့် အကြောင်းအရာဖြင့် အုပ်စုတစ်စုအပေါ် ထပ်ဖန်တလဲလဲ တိုက်ခိုက်နေခြင်းကြောင့် ယင်းတင်ဆက်ချက်ကို စော်ကားရိုင်းပျသည်ဟု ထင်မြင်ကြောင်း ရှင်းပြထားပြီး မေးခွန်းထုတ်ခံနေရသော စာမျက်နှာများနှင့် ဒေသရင်း ဩစတေးလျလူမျိုးများကို ပစ်မှတ်ထား တိုက်ခိုက်နေသော အလားတူ စာမျက်နှာများကိုပါ ဖယ်ရှားခြင်းဖြင့် အရေးယူဆောင်ရွက်ပေးရန် ဖေ့စ်ဘုတ်ကို တောင်းဆိုထားသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ယင်းအသနားခံလွှာကို စတင်ခဲ့သူ ဂျာစင်တာ အိုကိဖ်(Jacinta O’Keefe)က ပါဝင်သူများကို ကျေးဇူးတင်စကားဆိုပြီး တိုင်ကြားထားသော တင်ဆက်ချက်နှင့် ဒေသရင်း ဩစတေးလျလူမျိုးများကို ပစ်မှတ်ထားနေသည့် နောက်ထပ် အမုန်းပွားဖွယ် စာမျက်နှာတစ်ခုကို ဖေ့စ်ဘုတ်က ဖယ်ရှားခဲ့သောကြောင့် အသနားခံလွှာ အောင်မြင်ကြောင်း ကြေညာသည့် ရှင်းလင်းချက်တစ်ခု ထုတ်ပြန်ခဲ့သည်။[၁၁၁] သို့သော် တင်ဆက်ချက်ကို ပြန်လည်သုံးသပ်ရန်အတွက် အဆိုပါစာမျက်နှာများကို ခေတ္တမျှသာ ဖယ်ရှားခဲ့ပြီး လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာ ဝန်ရှင်တော်မင်းကြီးနှင့် အဖွဲ့အစည်းတို့နှင့် ဆွေးနွေးပြီးနောက် ထိုတင်ဆက်ချက်သည် ၎င်းတို့၏ ဝန်ဆောင်မှုစည်းမျဉ်းများကို ချိုးဖောက်ခြင်း မရှိဟု ဆုံးဖြတ်ခဲ့ပြီး ထိုစာမျက်နှာများတွင် အငြင်းပွားဖွယ် တင်ဆက်ချက်များ ပါဝင်ကြောင်း ရှင်းရှင်းလင်းလင်း ပြသရန်အတွက် စာမျက်နှာခေါင်းစီးတွင် “အငြင်းပွားဖွယ်” ဟူသော စကားလုံးကို ထည့်သွင်းရမည်ဟူသော သတ်မှတ်ချက်ဖြင့် ဆက်လက် ခွင့်ပြုခဲ့သည်။ [၁၁၂]

“အဘိုရီဂျင်နယ် မီးမ်(Aboriginal Memes) ဖြစ်ရပ်” ကြောင့် ဖေ့စ်ဘုတ်အသုံးပြုသူတစ်ဦးက အွန်လိုင်းပေါ်တွင် အမုန်းတရားဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများကို ပုဂ္ဂိုလ်ရေးအမုန်းစကားတိုက်ခိုက်မှုများ စတင်ပစ်မှတ်ထား လုပ်ဆောင်ခဲ့ပြီးနောက် တင်ဆက်ချက် စည်းကမ်းကြပ်မတ်ရေး ဒုတိယအဆင့် စတင်ခဲ့သည်။ ဖေ့စ်ဘုတ်သည် ပြစ်မှုကျူးလွန်သူများ ဖန်တီးခဲ့သော အယောင်ဆောင်အသုံးပြုသူများစွာကို ခြေရာခံ၊ ပိတ်ပင်ကာ တုံ့ပြန်ဆောင်ရွက်ခဲ့သော်လည်း အကောင့်တစ်ခုကိုမူ အသုံးပြုနိုင်အောင် ခွင့်ပြုခဲ့သည်။ နောက်ဆုံးအနေဖြင့် တတိယအဆင့်တွင် လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာ ဝန်ရှင်တော်မင်းကြီးနှင့် ဩစတေးလျနိုင်ငံ ဆက်သွယ်ရေးနှင့် မီဒီယာဆိုင်ရာ အာဏာပိုင်တို့က လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သောကြောင့် ဖေ့စ်ဘုတ်သည် ဩစတေးလျနိုင်ငံတွင် အငြင်းပွားလျက်ရှိသော စာမျက်နှာတစ်ခုကို သုံးစွဲခွင့် ပိတ်ပင်ခဲ့သည်။ သို့သော် ပိတ်ပင်ထားသော ဖေ့စ်ဘုတ်စာမျက်နှာသည် ဩစတေးလျနိုင်ငံပြင်ပတွင် ဆက်လက် လည်ပတ်သုံးစွဲနိုင်လျက်ရှိပြီး ဩစတေးလျနိုင်ငံအတွင်း သုံးစွဲနိုင်သော အခြားစာမျက်နှာများတွင် အမုန်းပွားဖွယ် တင်ဆက်ချက်များ ဆက်လက် ဖြန့်ဝေလျက် ရှိသည်။ အငြင်းပွားဖွယ် “အဘိုရီဂျင်နယ် မီးမ်များ(Aboriginal Memes)” ကို ဆက်လက် ဖြန့်ဝေနေသည့် အသုံးပြုသူများကို ကန့်သတ်ရန် ကြိုးပမ်းချက်အချို့မှာ ဖေ့စ်ဘုတ်သုံးစွဲခွင့် ၂၄ နာရီ ပိတ်ပင်ခြင်း ဖြစ်သည်။ ဤနည်းလမ်းများကို ထိရောက်မှု မရှိသော အပေါ်ယံအတားအဆီးများသာဖြစ်ကြောင်း ဝေဖန်ခဲ့ကြသည် (အိုဘိုလာ((Oboler)၊ ၂၀၁၂ ခုနှစ်)။

## *ကြော်ငြာလုပ်ငန်းများကို ဆန့်ကျင်ခြင်း*

ဤဖြစ်ရပ်တွင် ပါဝင်ဆောင်ရွက်သော အဖွဲ့အစည်းများသည် အွန်လိုင်းပေါ်မှ ကာလရှည်ကြာ အငြင်းပွားမှုများတွင် ဝင်ရောက်ဆွေးနွေးကြပြီး တိုင်ကြားချက်များအတွက် ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးသည့်အပြင် ၎င်းတို့ကိုယ်တိုင် ကုမ္ပဏီများကို တက်တက်ကြွကြွ တိုက်တွန်းစည်းရုံးပြီး တင်ဆက်ချက်များကို ပိုမိုနီးနီးကပ်ကပ် စောင့်ကြည့်လေ့လာရန် သာမက ခိုင်မာသော ကိုယ်ပိုင်စည်းကမ်းကြပ်မတ်ရေး လုပ်ဆောင်ချက်များ ဆောင်ရွက်ရန် တောင်းဆိုကြသည်။ ၂၀၁၃ ခုနှစ်တွင် အမျိုးသမီး၊ တက်ကြွလှုပ်ရှားမှုနှင့် မီဒီယာ (WAM!)[၁၁၃] နှင့် ယူကေရှိ နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသော ကျား-မရေးရာခွဲခြားဆက်ဆံမှုဆိုင်ရာစီမံကိန်း(Everyday Sexism Project)တို့သည် လူထုဆက်ဆံရေးချဉ်းကပ်နည်းကိုခိုင်ခိုင်မာမာအသုံးပြု၍ ထင်ရှားသောကုမ္ပဏီများ၏ဖေ့စ်ဘုတ်စာမျက်နှာပေါ်မှအမျိုးသမီးများအပေါ်အနိုင်ကျင့်စော်ကားသောတင်ဆက်ချက်များ

ဖြန့်ဝေသည့် ကြော်ငြာများကို ပြသသည့် ကမ်ပိန်းတစ်ခုကို ပူးပေါင်းမိတ်ဆက်ခဲ့သည်။[၁၁၄] ထိုကမ်ပိန်းကြောင့် နီဆန်း (Nissan) နှင့် နေရှင်ဝိုက်ဒ်(Nationwide) အာမခံကုမ္ပဏီတို့သည် ၎င်းတို့၏ ကြော်ငြာများကို ဖေ့စ်ဘုတ်ပေါ်မှ ဖယ်ရှားခဲ့သည်။ ထိုကဲ့သို့ အောင်မြင်ခဲ့သည့်အတွက် စီစဉ်သူများသည် အွန်လိုင်းမှ ထောက်ခံအားပေးသူများနှင့် တက်ကြွလှုပ်ရှားသူများ၏ ပံ့ပိုးမှုဖြင့် ဒွါဗ် (Dove) နှင့် အမေရိကန်အိတ်စ်စပရက်ဇ်(American Express) ကဲ့သို့ အခြားသော ကုမ္ပဏီကြီးများ၏ လူမှုမီဒီယာလမ်းကြောင်းများသို့ တိုင်ကြားစာများနှင့် အမုန်းပွားဖွယ် စာမျက်နှာများပေါ်မှ အမျိုးမျိုးသော ကြော်ငြာခေတ်ပုံများ ပေးပို့၍ ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။ ဤကမ်ပိန်းကြောင့် ကုမ္ပဏီကြီး ၁၅ ခု သည် ဖေ့စ်ဘုတ်ပေါ်မှ ၎င်းတို့၏ ကြော်ငြာများကို ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ကြသည်။[၁၁၅]

ဤကမ်ပိန်းတွင် အထက်ပါအုပ်စုနှစ်စုက မုဒိမ်းမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတို့ကို အားပေးလှုံ့ဆော်သော စာမျက်နှာများကို စာရင်းပြုစု၍ ထိုစာမျက်နှာများကို ဖျက်သိမ်းရန်နှင့် ဖေ့စ်ဘုတ်၏ တင်ဆက်ချက်စည်းကမ်းကြပ်မတ်ရေးမူဝါဒကို ပြန်လည်ပြင်ဆင်ရန် တောင်းဆိုသည့် တရားဝင်အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့မှုလည်း ပါဝင်သည်။ အိတ်ဖွင့်ပေးစာအပြင် change.org ပေါ်ရှိ အွန်လိုင်းအသနားခံလွှာတွင် လက်မှတ်ပေါင်း ၂၂၅,၀၀၀ ကျော် စုစည်းရရှိပြီး အွန်လိုင်းအသုံးပြုသူများအကြား အသိပညာမျှဝေနိုင်ခဲ့သည်။[၁၁၆] ကမ်ပိန်းကို ထောက်ခံအားပေးသော တက်ကြွလှုပ်ရှားသူများသည် ထို့ထက်ပိုတိုး၍ ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ပြီး ဖေ့စ်ဘုတ်၏ ရှယ်ယာရှင် အစည်းအဝေးရှေ့တွင် လူထုဆန္ဒပြပွဲတစ်ခု ဦးဆောင်ကာ အွန်လိုင်းမှ ကြော်ငြာရန် ဖေ့စ်ဘုတ်ပလက်ဖောင်း အသုံးပြုနေသော နာမည်ကြီး ကုမ္ပဏီများအားလုံး၏ အမည်ကို ထုတ်ပြန်ခဲ့ပြီး တိုင်ကြားစာများပေးပို့ရန် လူထုကို တိုက်တွန်း၍ ၎င်းတို့၏ ကြော်ငြာများကို ဖေ့စ်ဘုတ်မှ ဖယ်ရှားရန် တောင်းဆိုခဲ့သည်။ ထို့အပြင် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ လူမှုမီဒီယာစာမျက်နှာများတွင် ဘဏ္ဍာရေးဆိုင်ရာ စာရေးသားသူများနှင့် ချိတ်ဆက်၍ နုတ်ထွက်သည့် ကုမ္ပဏီအရေအတွက် တိုးပွားလာမှုကြောင့် ဖေ့စ်ဘုတ်၏ ဘဏ္ဍာရေးထိခိုက်နိုင်ခြေအပေါ် တောင့်ခံနိုင်မှုကို ဆန်းစစ်စေသည်။ ဟက်ရှ်တဂ်သင်္ကေတ (Hashtag) #FBrape ကို အသုံးပြု၍ ဖေ့စ်ဘုတ်နှင့် ယင်းပလက်ဖောင်းပေါ်တွင် ကြော်ငြာနေသော ကုမ္ပဏီများကို ဆန့်ကျင်သည့် အွန်လိုင်းကမ်ပိန်းကြောင့် ပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုရန် သက်ဆိုင်ရာအဖွဲ့အစည်းများကို ဖေ့စ်ဘုတ်က ဆက်သွယ်လာခဲ့သည်။ #FBrape ကမ်ပိန်းသည် ဖေ့စ်ဘုတ်ကို တိုက်ရိုက် ပစ်မှတ်ထားခြင်းထက် ကုမ္ပဏီအချို့နှင့် ၎င်းတို့၏ ကြော်ငြာကမ်ပိန်းများကို ပစ်မှတ်ထားသည့် အထိနာစေသောလုပ်ရပ်ဖြစ်သည့်အတွက် အမျိုးသမီးများကို ဦးတည်တိုက်ခိုက်နေသည့် အမုန်းပွားဖွယ် တင်ဆက်ချက်များကို တက်တက်ကြွကြွ ဆန့်ကျင်ရန် ဖေ့စ်ဘုတ်ကို အောင်မြင်စွာ ဖိအားပေးနိုင်ခဲ့ပြီးနောက်မှသာ မီဒီယာအာရုံစိုက်မှု ကြီးကြီးမားမား ရရှိခဲ့သည်။[၁၁၇]

သို့သော် ဖေ့စ်ဘုတ်သည် အိတ်ဖွင့်ပေးစာတွင် စာရင်းပြုစုထားသော စာမျက်နှာများက ၎င်း၏ ဝန်ဆောင်မှုစည်းမျဉ်းများကို မဖောက်ဖျက်သည့်အတွက် ထိုစာမျက်နှာများကို ဆက်လက်ထားရှိထားသဖြင့် ကနဦးတွင် ပူးပေါင်းဆောင်ရွက်မှု အားနည်းပေသည်။ သို့သော် ကမ်ပိန်းစတင်ပြီး မကြာမီ ကုမ္ပဏီများ စတင်နုတ်ထွက်လာသောကြောင့် စော်ကားရိုင်းပျသော တင်ဆက်ချက်ကို အလျင်အမြန် ဖယ်ရှားလိုက်သည်။ ထို့နောက် ဖေ့စ်ဘုတ်သည် ၎င်း၏ ဝက်ဘ်ဆိုက်တွင် တရားဝင်ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ၎င်းတို့အနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုစည်းမျဉ်းများ၊ တင်ဆက်ချက်စည်းကမ်းကြပ်မတ်ရေးမူဝါဒများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုကြောင်းသာမက အုပ်စုအချို့နှင့် လူပုဂ္ဂိုလ်အချို့ကို ပစ်မှတ်ထားနေသော အွန်လိုင်းအမုန်းစကားများကို တားဆီးရင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လူအများ သိရှိအောင် ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လိုကြောင်းလည်း ဖော်ပြခဲ့သည်။ ထုတ်ပြန်ချက်အဆုံးတွင် "ယခုလတ်တလောတွင် အထူးသဖြင့် ကျား–မရေးရာ အခြေပြုအမုန်းတရားပြဿနာများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ အမုန်းစကားများ ရွေးထုတ်၊ ဖယ်ရှားသည့် စနစ်များ မျှော်မှန်းထားသလောက် ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခြင်း မရှိသည်မှာ ထင်ရှားနေပါသည်။ အချို့သော အခြေအနေများတွင် တင်ဆက်ချက်ကို ကျွန်ုပ်တို့ အလိုရှိသလို လျင်လျင်မြန်မြန် ဖယ်ရှားမရနိုင် ဖြစ်ရသည်။ အခြားသော အခြေအနေများတွင် ဖယ်ရှားသင့်သော တင်ဆက်ချက်ကို စစ်ဆေးအကဲဖြတ်ခြင်း မရှိသလို ခေတ်နောက်ကျနေသော စံနှုန်းများကို အသုံးပြု၍ စစ်ဆေးအကဲဖြတ်ခြင်းလည်း ရှိတတ်သည်" ဟု ထပ်ဆောင်း ဖော်ပြထားသည်။[၁၁၈] ဖေ့စ်ဘုတ်သည် အမုန်းစကားများကို စောင့်ကြည့်လေ့လာခြင်းနှင့်စပ်လျဉ်းသော လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်လိုကြောင်း၊ ၎င်း၏ တင်ဆက်ချက်စောင့်ကြည့်လေ့လာသူများကို ပိုမိုအရည်အသွေးပြည့်ဝသည့် လေ့ကျင့်ရေးသင်တန်းများ ပေးလိုကြောင်း၊ အွန်လိုင်းပေါ်ရှိ အမုန်းပွားဖွယ် တင်ဆက်ချက်များကို အတူတကွ လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်၍ ပိုမိုထိထိရောက်ရောက် တန်ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလိုကြောင်းနှင့် ထိုကဲ့သို့ စော်ကားရိုင်းပြသော တင်ဆက်ချက် ဖြန့်ဝေသူများကိုလည်း ၎င်းတို့၏ လုပ်ရပ်အပေါ် တာဝန်ခံစေမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[၁၁၉]

သီးခြားဖြစ်သော်လည်း ဆက်စပ်နေသည့် ဖြစ်ရပ်တစ်ခုမှာ တွစ်တာသည်လည်း WAM! နှင့် ပူးပေါင်း၍ တိုင်ကြားထားသော တင်ဆက်ချက်များကို ၂၄ နာရီအတွင်း စောင့်ကြည့်လေ့လာမည့် တိုင်ကြားရေး ပလက်ဖောင်းပုံစံ ဖက်စပ်ရှေ့ပြေးစီမံကိန်း တစ်ခု မိတ်ဆက်၍ အမျိုးသမီးများကို အွန်လိုင်းပေါ်တွင် ထိပါးပုတ်ခတ်မှုကို ဆန့်ကျင်ခဲ့သည်။ အမျိုးသမီးများကို အွန်လိုင်းပေါ်တွင် အနိုင်ကျင့်စော်ကားမှုကြောင့် ထိခိုက်နစ်နာသူများက တိုင်ကြားသော တိုင်ကြားစာများကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် အသုံးချရန်

ရည်ရွယ်ထားသည်။ ထိုရည်ရွယ်ချက်နှစ်ရပ်မှာ WAM! အနေဖြင့် အွန်လိုင်းပေါ်တွင် ကျား-မရေးရာ အခြေပြု ထိပါးပုတ်ခတ်မှုကိုဦးတည်သည့် စော်ကားရိုင်းပျသောတင်ဆက်ချက်များနှင့်ဆက်စပ်၍ ဖြစ်ရပ်ကို အတွင်းကျကျ လေ့လာနိုင်အောင် ဒေတာများ ကောက်ယူနိုင်ရန်နှင့် အွန်လိုင်းပေါ်တွင် ကျား-မရေးရာ အခြေပြု ထိပါးပုတ်ခတ်၊ အနိုင်ကျင့်မှုနှင့် စပ်လျဉ်းသော တွစ်တာ၏တင်ဆက်ချက်စည်းကမ်းကြပ်မတ်ရေး စနစ်များကို ပြုပြင်မွမ်းမံနိုင်ရန်တို့ ဖြစ်သည်။[၁၂၀] တိုင်ကြားရေးနည်းကိရိယာသည် အမျိုးသမီးများအပေါ် ထိပါးပုတ်ခတ်သော အသုံးပြုသူများ သို့မဟုတ် ၎င်းတို့အနေဖြင့် စော်ကားရိုင်းပျသည်ဟု ထင်မြင်သော တွစ်များ(tweets)ကို တိတိကျကျ ဖော်ပြခိုင်းပြီး ထိပါးပုတ်ခတ်မှုအမျိုးအစားခွဲခြားစေကာ အကြိမ်ရေမည်မျှခန့် ထိပါးပုတ်ခတ်ခံရကြောင်း၊ မည်သည့် ပလက်ဖောင်းများတွင် ထိပါးပုတ်ခတ်ခံရကြောင်းနှင့် တစ်ဦးတည်းက ထိပါးပုတ်ခတ်ခြင်းလား၊ အသုံးပြုသူများစွာက ထိပါးပုတ်ခတ်ခြင်းလားစသည့် အထွေထွေမေးခွန်းများကို ဖြေဆိုစေသည်။ တိုင်ကြားချက်ကို တင်ပြပြီးပါက ထိုတိုင်ကြားချက်များကို WAM! က စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးမှုများနှင့် စောင့်ကြည့်မှုများ ဆက်လက်ဆောင်ရွက်ရန် တွစ်တာထံ လွှဲပြောင်းပေးသည်။[၁၂၁]

တွစ်တာသည် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရေးအတွက် ၎င်း၏ ကြိုးပမ်းအားထုတ်မှုနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး "ကျွန်ုပ်တို့အနေဖြင့် အနိုင်ကျင့်စော်ကားသည့် ပြဿနာရပ်များကို ဖြေရှင်းသည့် နည်းလမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ရန် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိပြီး အသုံးပြုသူများ၏ လုံခြုံရေးအတွက် အကောင်းမွန်ဆုံးသော နည်းလမ်းများကို ဖြည့်ဆည်းပေးနိုင်ရန် ကျွန်ုပ်တို့နှင့်အတူ မိတ်ဖက်ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် WAM! က တစ်ခုအပါအဝင် ဖြစ်ပါသည်" ဟု ဆော်သြခဲ့သည်။[၁၂၂] WAM! ၏ အလုပ်အမှုဆောင် ဒါရိုက်တာဖြစ်သူ ဂျက်ကလင် ဖရိုင်းမန်း(Jaclyn Friedman)က ယင်းအစီအစဉ်၏ အရေးကြီးပုံကို အလေးပေးပြောကြားခဲ့ပြီး "တွစ်တာပလက်ဖောင်းကို အမျိုးသမီးတွေအတွက် ပိုပြီး လုံခြုံစိတ်ချရအောင် လုပ်ဆောင်ဖို့ တွစ်တာနဲ့ မိတ်ဖက်ဆောင်ရွက်ရတာ ပီတိဖြစ်မိပါတယ်။ အွန်လိုင်းပေါ်မှာ အမျိုးသမီးတွေအပေါ် မမျှမတ ပစ်မှတ်ထားတိုက်ခိုက်နေတဲ့သူတွေရဲ့ လှုံ့ဆော်သံတွေကို အများပြည်သူ စကားဝိုင်းတွေကနေ ဖယ်ထုတ်လိုက်ခြင်း ဖြစ်ပါတယ်။ တွစ်တာပလက်ဖောင်းပေါ်မှာ အသုံးပြုသူတွေအားလုံး တန်းတူညီမျှ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုခွင့် ရရှိစေဖို့အတွက် အကောင်းဆုံးနည်းလမ်းက ထိပါးပုတ်ခတ်မှု၊ အနိုင်ကျင့်မှုနဲ့ ခြိမ်းခြောက်မှုတွေ မရှိဘဲ အသုံးပြုသူတွေအားလုံး တန်းတူညီမျှ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုနိုင်အောင် လုပ်ဆောင်ပေးဖို့ဆိုတာ တွစ်တာအနေနဲ့ သိရှိတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။" ဟု ဆိုပါသည်။[၁၂၃] တိုင်ကြားရေးနည်းကိရိယာ ရှေ့ပြေးစီမံကိန်းကို ရက်သတ္တပတ် သုံးပတ်ကြာ လုပ်ဆောင်ခဲ့ပြီး တိုင်ကြားချက်ပေါင်း ၇၀၀ စုစည်းနိုင်ခဲ့ကာ တွစ်တာဘက်မှ ပိုမို မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်ပေးအောင် လူပေါင်း ၁၀၀ ကျော်ကို ကူညီနိုင်ခဲ့သည်။ အဆိုပါအဖွဲ့အစည်းသည် ထိုလုပ်ငန်းစဉ်တွင် စုစည်းရရှိခဲ့သောဒေတာများကို အစီရင်ခံတစ်စောင် ထုတ်ရန် စီစဉ်ထားပြီး အွန်လိုင်းတွင် အမျိုးသမီးများအပေါ် ပြောဆိုသော အမုန်းစကားများကို ပိုမို နားလည်သဘောပေါက်နိုင်စေရန် ရည်ရွယ်သည်။[၁၂၄]

## *အွန်လိုင်းပေါ်မှအမုန်းစကားများကို တန်ပြန်ရာနှင့် အင်တာနက်ကြားခံလုပ်ငန်းများက တုံ့ပြန်ဆောင်ရွက်ရာတို့တွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ*

အွန်လိုင်းပေါ်မှ အမုန်းစကားများကို ဆန့်ကျင်မှုသည် အစိုးရအဖွဲ့အစည်းများမှသည် ပုဂ္ဂလိကကုမ္ပဏီများ၊ အင်တာနက်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများသာမက တစ်စတစ်စ တိုးပွားလာသည့် တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းများနှင့် ထိခိုက်ခံစားရသော လူပုဂ္ဂိုလ်များကဲ့သို့ သက်ဆိုင်ရာအဖွဲ့အစည်းများစွာထံ စတင် ပေါက်ရောက်လာသည်။ တရားဝင်နည်းလမ်းတကျ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယှဉ်တွဲ၍ အွန်လိုင်းပေါ်မှ အမုန်းပွားဖွယ် တင်ဆက်ချက်များကို နေ့စဉ်နှင့်အမျှ ဆန့်ကျင်နေသော အွန်လိုင်းအသိုက်အဝန်းများနှင့် လူပုဂ္ဂိုလ်များစွာလည်း ရှိပါသည်။ သို့သော် အွန်လိုင်းပေါ်မှ အမုန်းစကားများကို ထိထိရောက်ရောက်၊ ဆက်စပ်မှုရှိရှိ ဖော်ထုတ်၍ ရေရှည်တွင် ပပျောက်အောင် ဖြေရှင်းနိုင်ရန်မှာ အရေးယူဆောင်ရွက်မှု ကြီးကြီးမားမား လုပ်ဆောင်ရန် လိုအပ်ပြီး တရားဝင်ထုတ်ဖော်ပြောဆိုမှုကို ပိတ်ပင်ခြင်းမပြုဘဲ အမုန်းစကားများကို ဖော်ထုတ်၍ တန်ပြန်တိုက်ဖျက်ရန်အတွက် အသုံးပြုသူများအား လုပ်ပိုင်ခွင့်ပေးရန် လိုအပ်ပါသည်။ ဤနည်းအားဖြင့် လူတိုင်းအကျုံးဝင်မှုရှိရှိ ပိုမို ထုတ်ဖော်ပြောဆိုနိုင်သော နေရာများ ပေါ်ပေါက်လာစေမည် ဖြစ်သည်။

အထူးသဖြင့် အင်တာနက်ကြားခံလုပ်ငန်းများနှင့် လူမှုကွန်ရက်ပလက်ဖောင်းများသည် အသုံးပြုသူများ၏ တိုင်ကြားချက်များကို ဂရုတစိုက် တုံ့ပြန်ပြီး ၎င်းတို့၏ စည်းကမ်းကြပ်မတ်ရေးလုပ်ငန်းစဉ်များကို ပိုမို ပွင့်လင်းမြင်သာမှုရှိစွာ ချပြခြင်းအားဖြင့် အွန်လိုင်းတွင် စွပ်စွဲပြောဆိုထားသော အမုန်းစကားများအပေါ် တုံ့ပြန်ဆောင်ရွက်မှုကို အဆင့်မြှင့်တင်ထားသည်။ ဖေ့စ်ဘုတ်မှ မိုနီကာ ဘိကတ်(Monika Bickert ) နှင့် ကီယာရာ လိုင်ဒန်(Ciara Lyden) တို့ကို တွေ့ဆုံမေးမြန်းထားသည့် မေးမြန်းချက်တစ်ခုတွင် ၎င်းတို့အနေဖြင့် ရီပို့လုပ်တိုင်ကြားထားသော တင်ဆက်ချက်များကို တတ်နိုင်သမျှ အမြန်ဆုံး၊

အထိရောက်ဆုံး ဖြေရှင်းနိုင်ရန်အတွက် ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားသော တင်ဆက်ချက်အမျိုးအစား အမျိုးမျိုးကို ကိုင်တွယ်ရန် အဖွဲ့များစွာအပေါ် မှီခိုနေရကြောင်း ဖွင့်ဟခဲ့သည်။[၁၂၅] ထို့ပြင် ဖေ့စ်ဘုတ်သည် ရီပို့လုပ်တိုင်ကြားရေး ဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေး လုပ်ဆောင်ချက်များ ရှိသည့် စာမျက်နှာတစ်ခုကို မိတ်ဆက်ခဲ့ပါသည်။ အသုံးပြုသူအယောက်တိုင်းနှင့် တစ်ဦးချင်းဆက်ဆံရေး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့၏ တိုင်ကြားချက်များကို ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်ကို ထိုစာမျက်နှာတွင် ခြေရာခံစောင့်ကြည့်ခွင့်ပေးထားသည်။ တစ်သီးပုဂ္ဂလအသုံးပြုသူတစ်ဦးက အွန်လိုင်းအသနားခံလွှာတစ်ခု လုပ်ဆောင်ခဲ့ပြီးနောက် [၁၂၇] တွစ်တာသည် အမုန်းပွားဖွယ် စကားများကို ရင်ဆိုင်ရန် အလားတူယန္တရားများ ကျင့်သုံးသည့်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ရီပို့လုပ်တိုင်ကြားရေးခလုတ် တစ်ခုကို မိတ်ဆက်ခဲ့သည်။ [၁၂၆]

အနှစ်ချုပ်ဆိုရသော် အင်တာနက်ကြားခံလုပ်ငန်းများသည် ၎င်းတို့၏ ပလက်ဖောင်းများပေါ်ရှိ အမုန်းစကားများကို မြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက် တုံ့ပြန်နိုင်ရန်အတွက် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ပိုမို နီးနီးကပ်ကပ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တိုင်ကြားချက်များကို မျှမျှတတ ကြည့်ရှုစစ်ဆေးရန် သာမက အသနားခံလွှာနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သကဲ့သို့ပင် ထိုရီပို့လုပ်တိုင်ကြားချက်များ ကို အလေးအနက်ထား ကိုင်တွယ်ရန်လည်း အလေးထားသည်။ နောက်ဆုံးအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီအချို့သည် အစိုးရ၏ တရားဝင်တောင်းဆိုမှုကြောင့် အသုံးပြုသူများ၏ တိုင်ကြားချက်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ပေးအပ်ကြသော်လည်း ၎င်းတို့၏ မူဝါဒများနှင့် ကိုယ်ရေးလုံခြုံမှုဆက်တင်တို့တွင် အပြောင်းအလဲတစ်စုံတစ်ရာရှိပါက အသုံးပြုသူများကို အသိပေးရန်အတွက် ပွင့်လင်းမြင်သာမှုအစီရင်ခံစာများလည်း စတင်ထုတ်ပြန်လာကြသည်။ [၁၂၈]

## အွန်လိုင်းပေါ်မှ အမုန်းစကားများကို မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဖြင့် တန်ပြန်ခြင်း

ယခင်အပိုင်းများတွင် တစ်ဟုန်ထိုး တိုးပွားလာသည့် အွန်လိုင်းမှ အမုန်းစကားများအပေါ် တုံ့ပြန်ဆောင်ရွက်မှုများအကြောင်း အများဆုံး ဖော်ပြခဲ့ပြီး ဤအပိုင်းတွင်မူ အသိပညာပေးခြင်းဖြင့် အွန်လိုင်းပေါ်မှ အမုန်းစကားများကို ပိုမိုစနစ်တကျ ဖြေရှင်းနိုင်မည့် နည်းလမ်းများ ပေးစွမ်းနိုင်ရန် ကြိုးပမ်းမှုများနှင့်စပ်လျဉ်းသော ထိုးထွင်းအမြင်များကို ဖော်ပြထားသည်။ ဤအခန်းတွင် အွန်လိုင်းပေါ်မှ အမုန်းစကားပြဿနာများနှင့် ထိုပြဿနာများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးရန်အတွက် လူငယ်များကို ပစ်မှတ်ထားသော အစီအစဉ်များ သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်သော အစီအစဉ်များအကြောင်း ဆန်းစစ်လေ့လာထားသည်။

### *နိုင်ငံသားပညာရေးနှင့် ဒစ်ဂျစ်တယ် နိုင်ငံသားဖြစ်မှု*

နိုင်ငံသားပညာရေးသည် အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် တာဝန်ဝတ္တရားများအကြောင်း လေ့လာခြင်းဖြင့် အသိအမြင်ပြည့်ဝ၍ တာဝန်သိတတ်သော နိုင်ငံသားများဖြစ်လာအောင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ပြင်ဆင်ပေးရန် အာရုံစိုက်ပြီး အကြမ်းဖက်ပဋိပက္ခများမှတစ်ဆင့် ပေါ်ပေါက်လာသော လူမှုအဖွဲ့အစည်းများတွင် အမျိုးမျိုး အသုံးချကြသည် (အော်စလာနှင့် စတာစခီ(Osler and Starksey)၊ ၂၀၀၅ခုနှစ်)။ ၎င်း၏ အဓိကရည်မှန်းချက်များအနက်မှ တစ်ချက်မှာ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် တာဝန်ဝတ္တရားများကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အုပ်စုများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများအကြောင်းသာမက ယင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော လူမှုရေးဂယက်ရိုက်မှုများ အကြောင်း အသိပညာပေးရန် ဖြစ်သည်။ အချို့သော အခြေအနေများတွင် အကျိုးသင့်အကြောင်းသင့်ဆွေးနွေးတတ်မှု သာမက တစ်ကိုယ်ရေ ယုံကြည်မှုများနှင့် ထင်မြင်ချက်များကို လေးစားမှုရှိရှိ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောပြနိုင်ရန် အတွက် လိုအပ်သော ကျွမ်းကျင်မှုများအကြောင်းကို နိုင်ငံသားပညာရေးအစီအစဉ်များ၏ သင်ယူရေးရလဒ်များတွင် ထည့်သွင်းကြသည်။

အွန်လိုင်းပေါ်မှ အမုန်းစကားများနှင့်စပ်လျဉ်း၍ နိုင်ငံသားပညာရေး၏ အလေးထားဖွယ်ကိစ္စရပ်နှစ်ရပ်ရှိပြီး အမုန်းစကားများကို ခွဲခြားရွေးထုတ်နိုင်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ခြုံငုံပါဝင်စေရန်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား အမုန်းတရား ဖြန့်ဝေသည့် သတင်းစကားများကို တန်ပြန်ခွင့် ပေးရန် ဖြစ်သည်။ လက်ရှိစိန်ခေါ်မှုများအနက်မှ တစ်ခုမှာ

၎င်း၏ ပန်းတိုင်များနှင့် နည်းဗျူဟာများကို ဒစ်ဂျစ်တယ်ကမ္ဘာကြီးနှင့်လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်းဖြစ်ပြီး အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်တိုက်ဖျက်ရန် နိုင်ငံသားတစ်ဦးအနေဖြင့် လိုအပ်နိုင်သည့် အကျိုးသင့် အကြောင်းသင့် ဆွေးနွေးမှုဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများအပြင် နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ ပံ့ပိုးပေးခြင်း ဖြစ်သည်။ မီဒီယာသုံးစွဲသူများနှင့် ထုတ်လုပ်သူများအတွက် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအပြင် အလွန်အရေးပါသော ကျွမ်းကျင်မှုများ ပျိုးထောင်ပေးရန် ရည်ရွယ်သော မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၏ အဓိက ရည်မှန်းချက်များကို ထည့်သွင်းထားပြီး ပိုမိုကျယ်ပြန့်သော ကျင့်ဝတ်နှင့် ပြည်သူ့နီတိဆိုင်ရာ ကိစ္စရပ်များနှင့် ချိတ်ဆက်ပေးသော ဒစ်ဂျစ်တယ်နိုင်ငံသားဖြစ်မှု အယူအဆသစ်တစ်ရပ်ကို ဤလေ့လာချက်ပါ အဖွဲ့အစည်း အချို့က အဆိုပြုထားသည်။

ဤအခြေအနေနှင့် ဆက်စပ်နေသည်မှာ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားပညာရေး (GCED) ဖြစ်ပြီး ယူနက်စကို ပညာရေး အစီအစဉ် (၂၀၁၄ – ၂၀၁၇) ၏ နည်းဗျူဟာကျ လုပ်ငန်းနယ်ပယ်များအနက်မှ တစ်ခုဖြစ်၍[၂၉] ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် မိတ်ဆက်ခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ ကမ္ဘာလုံးဆိုင်ရာ ပညာရေး ပဏာမခြေလှမ်း (GEFI) ၏ ဦးစားပေးသုံးရပ်အနက် တစ်ရပ်လည်း ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားပညာရေးသည် လူ့အခွင့်အရေး၊ လူမှုရေးတရားမျှတမှု၊ ကွဲပြားစုံလင်မှု၊ ကျား–မရေးရာတန်းတူညီမျှမှု နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ အပေါ် အခြေခံပြီး ထိုအရာများကို လေးစားတတ်သော စိတ်ဓာတ်များ မွေးမြူပေးသော တန်ဖိုးထားမှုများ၊ အသိပညာများနှင့် ကျွမ်းကျင်မှုများကို  အသက်အရွယ်မရွေးသင်ယူသူများအတွက် သင်ကြားပေးရန် ရည်ရွယ်သည်။ GECD သည် ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးနှင့် အနာဂတ်တစ်ခု ဖြစ်လာစေရန်အတွက် သင်ယူသူများအား ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း သဘောပေါက်စေမည့် တတ်ကျွမ်းမှု များနှင့် အခွင့်အလမ်းများ ပေးစွမ်းသည်။

ပိုမို ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် ယူနက်စကိုသည်လည်း မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို အားပေးမြှင့်တင်သည်။ ယင်းသည် (အွန်လိုင်းနှင့် ပြင်ပ) တတ်ကျွမ်းမှုများစွာကို ခြုံငုံမိသော ထီးသဖွယ် သဘောတရား ဖြစ်ပါသည်။ ၎င်းတွင် ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရန် လိုအပ်သော ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စွမ်းရည်များ ပျိုးထောင်ခြင်းသာမက မီဒီယာစာသားအချို့ကို ရှာဖွေ၊ ဆန်းစစ်၊ အကဲဖြတ်သုံးသပ်ရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုရန်၊ မီဒီယာသတင်းစကားများ ဖန်တီးရန်နှင့် ၎င်းတို့၏ လူမှုရေးနှင့် နိုင်ငံရေး လွှမ်းမိုးမှုများကို သိရှိရန်အတွက် လိုအပ်သော အသိပညာနှင့် စွမ်းရည်များ ပျိုးထောင်ပေးခြင်းတို့ ပါဝင်သည် (ဟို့ချ်မန်းနှင့် ပွိုက်စ် (Hoechsmann and Poyntz)၊ ၂၀၁၂)။ လတ်တလောနှစ်များတွင် မီဒီယာဆိုင်ရာ သိနားလည်မှုကို အလေးပေးကြသူများသည် နည်းပညာအသုံးပြုမှု၏ လူမှုရေးအရ အရေးပါမှု၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဂယက်ရိုက်မှု နှင့် ၎င်းတို့၏ အသုံးပြုမှုမှတစ်ဆင့် ပေါ်ပေါက်လာသော နိုင်ငံသားအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း စတင် ပြောဆိုလာကြပါသည်။ ယနေ့ခေတ်၌ သတင်း အချက်အလက်ဆိုင်ရာ သိနားလည်မှုတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးအချက်အလက် လုံခြုံမှု၊ ဆန်းစစ်ဝေဖန်တတ်သော နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့် အားကောင်းစေခြင်းကဲ့သို့ ကိစ္စရပ် များက မပါမဖြစ် ဖြစ်လာသည်။ (မော့စ်ဗာကာနှင့် အခြားစာရေးဆရာများစွာ(Mossberger et al)၊ ၂၀၀၈ခုနှစ်)။ အမျိုးမျိုးသော၊ လိုက်လျောညီထွေသော သိနားလည်မှုများက အရေးကြီးလာပါသည်။

အသစ်အသစ်သော နည်းပညာများနှင့် လူမှုမီဒီယာများ ပေါ်ပေါက်လာခြင်းသည် ဤအပြောင်းအလဲတွင် အရေးပါသော ကဏ္ဍမှ ပါဝင်နေသည်။ လူထုသည် မီဒီယာသတင်းစကားများကို သုံးစွဲသူအဖြစ်မှသည် သတင်းအချက်အလက်များကို ထုတ်လုပ်သူ၊ ဖန်တီးသူ၊ ထိန်းသိမ်းသူဖြစ်လာပြီး ဆန္ဒမဲပေးခြင်း သို့မဟုတ် နိုင်ငံရေးပါတီများတွင် ပါဝင်ခြင်းတို့ကဲ့သို့ သမားရိုးကျ ပါဝင်မှုများနှင့် အပြန်အလှန် ဆက်နွယ်နေသော ပါဝင်မှုပုံစံသစ်များ ပေါ်ပေါက်လာစေပါသည်။ သင်ကြားရေး နည်းဗျူဟာများသည် လိုအပ်သလို ပြောင်းလဲနေပြီး မီဒီယာသတင်းစကားများကို ဆန်းစစ်ဝေဖန်ပြီးမှ လက်ခံကြရန် တိုက်တွန်းအားပေးခြင်းမှသည် မီဒီယာတင်ဆက်ချက် ဖန်တီးမှုများလုပ်ဆောင်ရန် စွမ်းရည်မြှင့်တင်ပေးမှုများပါ ထည့်သွင်းလာကြသည် (ဟို့ချ်မန်းနှင့် ပွိုက်စ်((Hoechsmann and Poyntz)၊ ၂၀၁၂ခုနှစ်)။ မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ သိနားလည်မှု သဘောတရားသည် စဉ်ဆက်မပြတ် ဆင့်ကဲပြောင်းလဲလျက်ရှိနေပြီး အင်တာနက်ပေါ်မှ အပြောင်းအလဲများကြောင့် အငြင်းပွားမှုများလည်း ရှိသည်။ ဆိုက်ဘာရပ်ဝန်းရှိ ဖြစ်တည်မှု၊ ကျင့်ဝတ်နှင့် အခွင့်အရေးဆိုင်ရာ ပြဿနာများကို စတင် လက်ခံယုံကြည်လာသည်။ ( ပဲရစ် ကြေညာစာတမ်းတွင် ကြည့်ပါ)။[၃၀]

ယင်းကျွမ်းကျင်မှုအချို့သည် အထူးသဖြင့် အွန်လိုင်းပေါ်မှ အမုန်းစကားများကို ခွဲခြားဖော်ထုတ်ရာတွင်နှင့် တုံ့ပြန်ရာတွင် အရေးကြီးပြီး ဤအပိုင်းတွင် အသုံးပြုသူများအနေဖြင့် တက်ကြွသော ဒစ်ဂျစ်တယ် နိုင်ငံသားများ ဖြစ်လာစေရန် သတင်းအချက်အလက်ဆိုင်ရာနည်းကိရိယာများနှင့်လက်တွေ့ကျသောနည်းကိရိယာများထောက်ပံ့ပေးရန်ရည်ရွယ်သော အစီအစဉ်များအကြောင်း ဆန်းစစ်လေ့လာထားသည်။ ဤတုံ့ပြန်ဆောင်ရွက်မှုအမျိုးအစားတွင် ခြုံငုံပါဝင်သော စီမံကိန်းများနှင့် အဖွဲ့အစည်းများမှာ –

- အမေရိကန်ပြည်ထောင်စု၊ အသရေဖျက်မှုဆန့်ကျင့်ရေးအဖွဲ့(ADL)၏ "အမုန်းတရားအတွက် နေရာမရှိ" ('No place for hate')

- ပရိုဗင်စီယာဒီ မန်တိုဗာ(Provincia di Mantova) နှင့် ဥရောပကော်မရှင်တို့၏ "အခြားစကားဆိုပါ" ('In other words') စီမံကိန်း

- ကနေဒါနိုင်ငံ၊ မီဒီယာစမတ်စ်(MediaSmarts) ၏ "အွန်လိုင်းပေါ်မှ အမုန်းတရားများကို ရင်ဆိုင်ခြင်း (' Facing online hate')

- ဥရောပကောင်စီ လူငယ်ရေးရာဌာန၏ "အမုန်းစကား အလိုမရှိ လှုပ်ရှားမှု" ('No hate speech movement')[၁၃၁]

- ဩစတေးလျနိုင်ငံ၊ အွန်လိုင်းအမုန်းစကား ကာကွယ်တားဆီးရေးအဖွဲ့၏ "အွန်လိုင်းပေါ်မှ အမုန်းတရား" ('Online hate')

အထက်ပါ စာရင်းပြုစုထားသော စီမံကိန်းများအားလုံးနှင့် အွန်လိုင်းပေါ်မှ အမုန်းစကားများနှင့်ဆက်စပ်၍ ၎င်းတို့ဖန်တီးသော သင်ထောက်ကူပစ္စည်းများကို နှိုင်းယှဉ်ချိန်ထိုးပြီး ကြိုတင်ခန့်မှန်းချက်တစ်ခု လုပ်ဆောင်ခဲ့သည်။ ထို့ပြင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သို့မဟုတ် ပညာရေးအစီအစဉ်များ၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။

## *ပညာရေးကို အမုန်းစကားများ ဆန့်ကျင်ရေး နည်းကိရိယာတစ်ခုအနေဖြင့် အသုံးချခြင်း*

တင်ပြခဲ့သော အစီအစဉ်များနှင့် အဖွဲ့အစည်းများတွင် ကွဲပြားသော ဝိသေသလက္ခဏာများနှင့် ရည်မှန်းချက်အသီးသီး ရှိကြသော်လည်း ၎င်းတို့အားလုံးသည် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် ပညာရေးဆိုင်ရာ နည်းဗျူဟာများ၏ အရေးပါမှုကို အမုန်းစကား တန်ပြန်ရန် ထိရောက်သော နည်းလမ်းများအဖြစ် အလေးထားကြသည်။ အွန်လိုင်းတင်ဆက်ချက်တစ်ခုကို ပိတ်ပင်ရန် သို့မဟုတ် ဆင်ဆာဖြတ်ရန် ဆုံးဖြတ်ရာတွင် ကြုံတွေ့ရသော ခက်ခဲရှုပ်ထွေးမှုများ သို့မဟုတ် လက်ဆုပ်လက်ကိုင်ပြနိုင်သော ရလဒ်များ ရရှိအောင် ဥပဒေအရ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်အတွက် ပေးရသည့် အချိန်နှင့် စရိတ်တို့နှင့်ယှဉ်လျှင် အမုန်းစကားများကို ပိုမို စနစ်တကျ၊ ဆီလျော်မှုရှိရှိ တုံ့ပြန်နိုင်စွမ်းရှိသော ပညာရေးဘက်မှ ချဉ်းကပ်နည်းကို အလေးပေးကြသည်။ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုတွင် ပါဝင်သော တတ်ကျွမ်းမှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို စွမ်းရည်မြှင့်တင်ပေးပြီး အမုန်းစကားများကို ပိုမို မြန်ဆန်စွာ တုံ့ပြန်နိုင်ရန် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးသည်။ အနိုင်ကျင့်မှု၊ အမုန်းတရား ဖြန့်ဝေလှုံ့ဆော်မှု သို့မဟုတ် ထိပါးပုတ်ခတ်မှု ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တိုင်ကြားချက်များအပေါ် လူမှုကွန်ရက်ပလက်ဖောင်းများက အလေးထားကြသောကြောင့် ထိုကျွမ်းကျင်မှုများက အထူး အရေးပါနိုင်ပေသည်။

သို့သော် ဤအစီအစဉ်များတွင် ပါဝင်သော လူပုဂ္ဂိုလ်များသည် ၎င်းတို့အနေဖြင့် အားထုတ်မှုများ လုပ်ဆောင်ရာတွင် မှီငြမ်းကိုးကားရမည့် ဥပဒေမူဘောင်၏ အရေးပါပုံကို သိရှိကြသည်။ "အမုန်းစကား အလိုမရှိ လှုပ်ရှားမှု" မှ လော်ရာ ဂျယ်ရတီက အောက်ပါအတိုင်း အခိုင်အမာဆိုခဲ့သည်။

> **အွန်လိုင်းပေါ်က အမုန်းစကားတွေကို တားဆီးဖို့ ပညာရေးက အဓိကပါပဲ။ လူထုအနေနဲ့ အွန်လိုင်းကို တာဝန်ယူမှုရှိရှိ အသုံးပြုကြဖို့ အသိပညာပေးရပါမယ်၊ စွမ်းရည်မြှင့်တင်ပေးရပါမယ်။ ဒါပေမဲ့ အွန်လိုင်းပေါ်က အမုန်းစကားအပါအဝင် အမုန်းတရားကနေ အခြေတည်တဲ့ အမှုအခင်းတွေကို အရေးယူဆောင်ရွက်ဖို့ ဥပဒေနောက်ခံနဲ့ စာချုပ်စာတမ်းတွေကတော့ လိုအပ်ဆဲဖြစ်ပါတယ်။ အဲလိုမှမဟုတ်ရင် ကာကွယ်တားဆီးရေးအပိုင်းက အကူအညီဖြစ်စေမှာ မဟုတ်ပါဘူး။**[၁၂]

အစီအစဉ်အများစုတွင် အွန်လိုင်းအမုန်းစကား ဖြန့်ဝေသည့် ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ရာတွင် အသုံးပြုသော ဥပဒေစာချုပ်စာတမ်းများနှင့် လုပ်ငန်းစဉ်များအကြောင်း အသိပညာပေးမှု ပါဝင်ပြီး အများအပြားကမူ ဥပဒေရှုထောင့်နှင့် ပညာရေးရှုထောင့်တို့အကြား အပြန်အလှန်ချိတ်ဆက်သော ရှုထောင့်တစ်ခုရှိရန် အားပေးတိုက်တွန်းကြသည်။ မီဒီယာဆိုင်ရာ သိနားလည်မှုနှင့် ပညာရေးတို့သည် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန်အတွက် တစ်စတစ်စ ပိုအရေးကြီးလာသော နည်းဗျူဟာတစ်ခုအဖြစ် ကိုယ်စားပြုခံရသော်လည်း ပြဿနာ၏ အတိုင်းအတာပမာဏနှင့်ထောက်ဆလျှင် အခြားသော တုံ့ပြန်ဆောင်ရွက်ချက်အမျိုးအစားများနှင့် အချိုးကျ သုံးသပ်ဆင်ခြင်သင့်ပါသည်။

## *အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန် ဆန်းစစ်ဝေဖန်တတ်သော ကျွမ်းကျင်မှုများ ပျိုးထောင်ပေးခြင်း*

ဆန်းစစ်လေ့လာခဲ့သည့် အစီအစဉ်များ၏ ဘုံတူညီသော အင်္ဂါရပ်တစ်ခုမှာ အွန်လိုင်းပေါ်မှ အမုန်းစကားများကို တန်ပြန်ရန်အတွက် လေးနက်စွာ ဆန်းစစ်ဝေဖန်တတ်သော ကျွမ်းကျင်မှုများ ပျိုးထောင်ပေးခြင်းနှင့် လူမှုမီဒီယာကို ကျင့်ဝတ်နှင့်အညီ အသုံးပြုခြင်းတို့ကို မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုင်ရာ ကျွမ်းကျင်မှုများ၏ အခြေခံအုတ်မြစ်အဖြစ် အလေးထားခြင်းဖြစ်သည်။ ဤမီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းမှုများ ရှိခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အွန်လိုင်းပေါ်မှ အမုန်းပွားဖွယ် တင်ဆက်ချက်များကို ခွဲခြားဖော်ထုတ်နိုင်စွမ်း၊ မေးခွန်းထုတ်နိုင်စွမ်းနှင့် ထိုတင်ဆက်ချက်များ၏ အချို့သော ယူဆချက်များ၊ ဘက်လိုက်မှုများနှင့် မလိုမုန်းထားမှုများကို နားလည်သဘောပေါက်နိုင်စွမ်းတို့ တိုးတက်စေသည်သာမက ထိုပြဿနာရပ်ကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အကျိုးသင့်အကြောင်းသင့် ဆွေးနွေးစရာ အချက်အလက်များကို အသေးစိတ်ပြင်ဆင်ရန် အားပေးမြှင့်တင်နိုင်သည်ဟု မျှော်မှန်းထားသည်။

အွန်လိုင်းပေါ်မှ အမုန်းစကားများကို ခွဲခြားဖော်ထုတ်ခြင်းသည် အချို့သောသူများအတွက် ထင်ထားသလောက် မလွယ်ကူမရိုးစင်းသည်မှာ အံ့သြဖွယ်တော့ မဟုတ်ပေ။ မီဒီယာစမတ်စ်(MediaSmarts) က ဦးစီးသော ဦးတည်အုပ်စုတွင် ပါဝင်သည့် ဆရာမတစ်ဦးက –

> **နာဇီတွေကို စာနာထောက်ထားနေတဲ့ ဝက်ဘ်ဆိုက် တစ်ခုပေါ် ရောက်နေမှန်း မိနစ်တော်တော်ကြာမှ သတိထားမိတယ်။ ရေးထားတာ အရမ်းကောင်းပေမဲ့ အမုန်းပွားဖွယ်ရာတွေ ဖြစ်နေတယ်။ တကယ့်ကို လူမျိုးရေးခွဲခြားတဲ့ မုန်းတီးရေး သတင်းစကားတွေကို စကားပြေအရေးအသားနဲ့ ဖုံးပစ်လိုက်တယ်။ သိတယ်မလား စကားလုံးလှလှတွေ သုံးပြီးတော့လေ။ ပြီးတော့ ကျွန်မကလေးတွေ အဲဒါကို ဖတ်ကြတယ်။ ကျွန်မမီးပိတ်တဲ့ထိ သူတို့မပိတ်ဘူး။ သူတို့ဘာကြည့်နေလဲဆိုတာ သူတို့မသိကြဘူး။ သူတို့ကို သေချာဖတ်ကြည့်ဖို့ ပြောတော့ တချို့ကတော့ စပြီး သတိထားမိလာတယ်။ ကျန်တဲ့ကလေးတွေက သတိမထားမိကြဘူး။ ပြီးတော့ သူတို့သတိမထားမိတဲ့အရာကို ကျွန်မက သတိထားမိတော့ သူတို့စိတ်ဝင်စားသွားတယ်။ တစ်စုံတစ်ယောက်က မသိမသာနဲ့ အမုန်းတရားတွေ ပြောဟောနေတယ်ဆိုတဲ့ သဘောတရားမျိုးကို သူတို့စိတ်ဝင်စားလာစေမယ့်၊ သူတို့သိသွားစေမယ့် နည်းလမ်းတစ်ခုပဲ။**[၁၃]

ဆန်းစစ်လေ့လာထားသော အစီအစဉ်များသည် အွန်လိုင်းပေါ်မှ အမုန်းစကားများတွင် ပါဝင်ပတ်သက်ပြီး ထိုအမုန်းစကားများ၏ သက်ရောက်မှုရှိသော ကွဲပြားစုံလင်သည့် ပရိသတ်အမျိုးမျိုးကို ဦးတည်သည်။ ဤစာအုပ်တွင် လေ့လာခဲ့သော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အားထုတ်မှုများကို ထိခိုက်လွယ်အုပ်စုများနှင့် အမုန်းတရားများ၏ ပစ်မှတ်ဖြစ်နိုင်ခြေများသော သို့မဟုတ် အမုန်းစကားဖြန့်ဝေသော အုပ်စုများက စည်းရုံးရလွယ်နိုင်သော အုပ်စုများအပေါ် အလေးပေးရန် အထူး အရေးကြီးပါသည်။ ထိုအစီအစဉ်များ၏ အဓိက ပစ်မှတ်ထားရာ ပရိသတ်များအနက် ကလေးငယ်များနှင့် လူငယ်များက အပါအဝင် ဖြစ်ပါသည်။ မီဒီယာစမတ်စ်(MediaSmarts)၏ ပညာရေးဆိုင်ရာ ဒါရိုက်တာဖြစ်သူ မက်သူး ဂျွန်ဆန်(Matthew Johnson)က အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

> **မီဒီယာဟာ အမုန်တရားကိုကိုယ်စားပြုပြီး လူငယ်တွေမြင်တဲ့အရာတွေရဲ့ နောက်ကွယ်မှာ ဘယ်သူက ကြိုးကိုင်နေလဲဆိုတာ နားလည်ဖို့ လိုအပ်တယ်ဆိုတာကို သိမြင်စေမယ့် အဆောက်အအုံတွေဖြစ်ကြောင်း သူတို့ကို သင်ကြားပေးခြင်း၊ မီဒီယာမှာ တန်ဖိုးထားမှု၊ အာဏာနဲ့ လုပ်ပိုင်ခွင့်လိုမျိုး အတွေးအမြင်နဲ့ပတ်သက်တဲ့ သတင်းစကားတွေ ပါဝင်ပြီး အဲဒီသတင်းစကားတွေက လူမှုရေးနှင့် နိုင်ငံရေးအပေါ် ဂယက်ရိုက်နိုင်ကြောင်း သင်ကြားပေးခြင်းအားဖြင့် အမုန်းတရားနဲ့ပတ်သက်တဲ့တင်ဆက်ချက်တွေပါတဲ့ သီချင်းတွေ၊ ဂိမ်းတွေနဲ့ အခြားအသေးစားမီဒီယာတွေကို ရင်ဆိုင်ဖြေရှင်းဖို့ လိုအပ်တယ်ဆိုတာ နားလည်သဘောပေါက်သွားစေပါတယ်။[၁၃၄]**

မိဘများ၊ ဆရာများနှင့် စာသင်ကျောင်းအသိုက်အဝန်းသည်လည်း ကလေးငယ်များကို အမုန်းစကားများနှင့် ထိတွေ့စေသည့် အခန်းကဏ္ဍမှ ပါဝင်နေသလို အမုန်းစကားများမှ ကာကွယ်ပေးသည့် အခန်းကဏ္ဍမှလည်း ပါဝင်နေသောကြောင့် အရေးပါသော ပရိသတ်များ ဖြစ်သည်။ အခြားပါဝင်သော အုပ်စုများမှာ မူဝါဒရေးဆွဲသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် အွန်လိုင်းပေါ်မှ အမုန်းစကားများ၏ ဥပဒေရေးရာအခင်းအကျင်း နှင့် နိုင်ငံရေးအခင်းအကျင်းများကို ပုံဖော်နိုင်စွမ်းရှိသူများအပြင် အထူးသဖြင့် သတင်းထောက်များ၊ ဘလော့ဂါများ(Blogger)နှင့် တက်ကြွလှုပ်ရှားသူများကဲ့သို့ အမုန်းစကားများနှင့် ထိတွေ့မှုရှိပြီး အွန်လိုင်းအသိုက်အဝန်းများအပေါ် ကြီးကြီးမားမား သက်ရောက်နိုင်စွမ်းရှိသူများကိုလည်း ဦးတည်ထားသည်။ ဆန်းစစ်လေ့လာထားသော အစီအစဉ်များ၏ ပစ်မှတ်ထားရာ ပရိသတ်များကို ဇယား (၁) တွင် အနှစ်ချုပ်ပြထားပါသည်။

| | ကလေးငယ်များ | လူငယ်များ | ဆရာများ | မိဘများ | မူဝါဒရေးဆွဲသူများ | ဘလော့ဂါများ | အစိုးရမဟုတ်သော အဖွဲ့အစည်းများ | အထွေထွေ ပရိသတ် |
|---|---|---|---|---|---|---|---|---|
| အသရေဖျက်မှု ဆန့်ကျင်ရေးအဖွဲ့ | x | x | x | x | x | | | |
| အခြားစကားဆိုပါ | | | | | x | x | x | x |
| အမုန်းစကားအလိုမရှိလှုပ်ရှားမှု | | x | | | | x | | x |
| မီဒီယာစမက်စ် | x | x | x | x | | | | |
| အွန်လိုင်းပေါ်မှ အမုန်းတရားကာကွယ်တားဆီးရေး | | x | | | | x | x | x |

ဇယား (၁) – အသိပညာပေးအစီအစဉ်တစ်ခုချင်းစီက ခြုံငုံလွှမ်းခြုံသော ပရိသတ်များ

မျှော်မှန်းထားသလိုပင် စီမံကိန်းတစ်ခုချင်း၏ တင်ဆက်ချက်များသာမက ပန်းတိုင်များနှင့် ဦးတည်ချက်များသည် အစီအစဉ်တစ်ခုချင်းက ပေါက်ရောက်ရန် ရည်မှန်းထားသော ပရိတ်သတ်၏ စိတ်ဝင်စားမှုများ၊ လိုအပ်ချက်များနှင့် နီးနီးကပ်ကပ် ဆက်နွယ်နေပေသည်။ ဥပမာအားဖြင့် မီဒီယာစမတ်စ်(MediaSmarts)သည် အသက် ၁၂ နှစ်မှ ၁၄ နှစ်အရွယ်ရှိ ကလေးများအတွက် အွန်လိုင်းဗီဒီယိုဂိမ်းတစ်ခု ဖန်တီးခဲ့ပြီး ဘက်လိုက်မှု၊ မလိုမုန်းထားမှုနှင့် အမုန်းတရားဝါဒဖြန့်မှုများကို ကျောင်းသားများ သိမြင်နိုင်စွမ်း တိုးပွားလာစေရန် စီစဉ်ထားသည်။ ထိုဗီဒီယိုဂိမ်းတွင် ဟာသ၊ သတင်း သို့မဟုတ် ဗီဒီယိုပုံစံဖြင့် မလိုမုန်းထားမှုနှင့် ခွဲခြားဆက်ဆံမှုရေချိန်အမျိုးမျိုးကို ကလေးငယ်များ တွေ့မြင်ရသည့်အခါမျိုးတွင် ထိုကဲ့သို့သော သတင်းစကားများက အမုန်းတရားများကို မည်သို့ အားပေးတိုက်တွန်းနေကြောင်း ၎င်းတို့ကို ခွဲခြားဖော်ထုတ်စေပြီး ထိုသတင်းစကားများကို မသိကျိုးကျွံပြုမည်လား၊ ရင်ဆိုင်မည်လားဟူ၍ ကိုင်တွယ်ဖြေရှင်းမည့် နည်းဗျူဟာများ ရေးဆွဲစေသည်။

ADL သည် ၎င်းတို့၏ ဖြန့်ဝေမှုနှင့် ပညာပေးရေး ကြိုးပမ်းအားထုတ်များကို ဆရာများနှင့် မိဘများအပေါ် များစွာ အလေးပေးပြီး အမုန်းတရားနှင့် အကြမ်းဖက်မှုတို့အကြောင်း ကလေးငယ်များနှင့် မည်သို့ဆွေးနွေးရမည်၊ အသင့်လျော်ဆုံးသော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် လူငယ်များကို မည်သို့ အားပေးတိုက်တွန်းသင့်သည်ဟူသော အလွန်အရေးကြီးသည့် သတင်းအချက်အလက်များ ပေးအပ်သည်။ စာသင်ကျောင်းများနှင့် ရပ်ရွာအလုပ်ရုံဆွေးနွေးပွဲများတွင် လက်ကမ်းစာစောင်များ ဝေခြင်း၊ သင်တန်းပေးပွဲများ လုပ်ဆောင်ခြင်းတို့သည် လူတိုင်းအကျုံးဝင်သောဓလေ့နှင့် လေးစားမှုရှိသော စာသင်ကျောင်းဝန်းကျင်တစ်ခု တည်ဆောက်ရန်အတွက်  ADL က ဖော်ဆောင်နေသော နည်းဗျူဟာ သာဓကများ ဖြစ်သည်။

အမုန်းစကား အလိုမရှိ လှုပ်ရှားမှုသည် ဘလော့ဂါများ(Bloggers) နှင့် လူငယ်တက်ကြွလှုပ်ရှားသူများ ကြုံတွေ့ခဲ့ရသော အွန်လိုင်းပေါ်မှ အမုန်းစကားဆိုင်ရာ ကိုယ်တွေ့ဖြစ်ရပ်အချို့ကို ဖော်ရွေရှင်းနီးသော ပတ်ဝန်းကျင်တစ်ခုတွင် ဆွေးနွေးနိုင်ပြီး ထိုအမုန်းစကားများကို တန်ပြန်ရန် နည်းလမ်းကောင်းများ မျှဝေနိုင်သော သင်တန်းပေးပွဲများ စီစဉ်ပေးသည်။ ဥပမာအားဖြင့် ခွဲခြားဆက်ဆံမှုများကို ကာကွယ်တားဆီးရန် လူနည်းစုအုပ်စုများကို အပြုသဘောဆောင်သည့်ပုံစံဖြင့် ဖော်ပြသော ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ကမ်းပိန်းများကို မည်သို့ဖော်ဆောင်မည် သို့မဟုတ်  အွန်လိုင်းပေါ်ရှိ ခွဲခြားဆက်ဆံသော တင်ဆက်ချက်နှင့် လုပ်ဆောင်ချက်များကို တိုင်ကြား၊ ကန့်သတ်ရန်အတွက် တားဆီးရေးကမ်ပိန်းများ မည်သို့လုပ်ဆောင်မည်တို့ ဖြစ်သည်။[၁၃၇] သင်တန်းပေးပွဲများသည် အမုန်းစကားများကို အခြေခံအဆင့်မှစ၍ နားလည်သဘောပေါက်စေရန်သာမက အမုန်းပွားဖွယ်  တင်ဆက်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ဘလော့ဂါများ(Bloggers) နှင့် တက်ကြွလှုပ်ရှားသူများ၏ သက်ရောက်မှုနှင့်ပတ်သက်၍ အသိပညာပေးရန် ရည်ရွယ်သည်။

ကွဲပြားခြားနားစွာပင် “အခြားစကားဆိုပါ(In Other Words)” စီမံကိန်းသည် အမျိုးမျိုးသော မီဒီယာများကို စောင့်ကြည့်လေ့လာရန်အတွက် မူဝါဒရေးဆွဲသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် လွှမ်းမိုးရန် ကြိုးပမ်းသည်။ ဤစီမံကိန်းသည် မီဒီယာတင်ပြချက်များတွင် လူနည်းစုအုပ်စုများနှင့် ထိခိုက်လွယ်အုပ်စုများ၏ မှန်ကန်တိကျသော သတင်းအချက်အလက်များကို အသုံးပြုကြရန် အကြံပြုတိုက်တွန်းနှိုးဆော်ပြီး တရားသေယူဆချက်များ၊ မလိုမုန်းထားမှုနှင့် အခြားသော ခွဲခြားဆက်ဆံသည့် ရေးသားချက်အမျိုးအစားများကို တားဆီးရန်အတွက် စောင့်ကြည့်လေ့လာကြရန် လူမှုအဖွဲ့အစည်းကို တိုက်တွန်းအားပေးသည်။

## *အမုန်းစကားများကို တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၏ ပညာရေးပန်းတိုင်များ*

ဤအစီအစဉ်တစ်ခုချင်းစီ၏ အကြောင်းအရာနှင့် ဦးတည်ပရိသတ်များသည် သီးခြားလက္ခဏာများ ကိုယ်စီရှိကြသော်လည်း ၎င်းတို့အားလုံးတွင် အမုန်းစကားများကို သတင်းပေးပို့ရန်၊ ဆန်းစစ်လေ့လာရန်နှင့် ရင်ဆိုင်ဖြေရှင်းရန်ဟူ၍ ဘုံပညာရေးပန်းတိုင် သုံးရပ်ရှိသည်။ အွန်လိုင်းပေါ်မှ အမုန်းတရားများကို တုံ့ပြန်ဆောင်ရွက်နိုင်သော အလားတူနည်းလမ်းများကို ပေးစွမ်းနိုင်ရန် အာရုံစိုက်ပြီး ပြဿနာ၏ ရှုထောင့်မျိုးစုံအပေါ် အာရုံစိုက်သော ဦးတည်ချက်များရှိသည့် တိုးတက်ရေးပန်းတိုင်များ ခြုံငုံပါဝင်သော သန္တာန်တစ်ခုတွင် ဤရည်မှန်းချက်သုံးရပ်ကို တွေ့နိုင်သည်။ ဇယား (၂) တွင် အနှစ်ချုပ်ပြထားသည်။

| သတင်းအချက်အလက် | ဆန်းစစ်လေ့လာချက် | ဆောင်ရွက်ချက် |
| --- | --- | --- |
| - အမုန်းစကားနှင့် ၎င်း၏ အကျိုးဆက်များအကြောင်း အသိပညာပေးခြင်း<br>- သတင်းအချက်အလက်များ ပို့ဆောင်၊ ဖြန့်ဝေခြင်း<br>- သက်ဆိုင်ရာ ဥပဒေမူဘောင် အကြောင်း ဖြန့်ဝေပေးခြင်း | - အမုန်းစကားများကိုခွဲခြားဖော်ထုတ်၍ အကဲဖြတ်သုံးသပ်ခြင်း<br>- ဖြစ်နိုင်ခြေများသည့် အကြောင်းအရင်းများ၊ နောက်ခံယူဆချက်များနှင့် မလိုမုန်းထားမှုများကို ဆန်းစစ်လေ့လာခြင်း<br>- ဘက်လိုက်သော အပြုအမူများကို ရွေးထုတ်ခြင်း<br>- အမုန်းစကားများကို တိုင်ကြားခြင်းနှင့် ဖော်ထုတ်ခြင်း | - အမုန်းစကားများကို တုံ့ပြန်ခြင်း<br>- အမုန်းစကားများကို ဆန့်ကျင်ကြောင်း ရေးသားခြင်း<br>- အမုန်းစကား အရေးအသားကို ပြောင်းလဲခြင်း<br>- မီဒီယာစောင့်ကြည့်လေ့လာခြင်း |

ဇယား (၂) – ပညာရေးပန်းတိုင်များ နှင့် ဦးတည်ချက်များ

ပထမဦးဆုံး ပညာရေးပန်းတိုင်သည် အမုန်းစကားနှင့်စပ်လျည်းသော သတင်းအချက်အလက်များ ပို့ဆောင်ရန် အလေးပေးပြီး ဒုတိယပန်းတိုင်သည် ဖြစ်ရပ်ကို လေးနက်စွာ ဆန်းစစ်လေ့လာရန် အလေးပေးကာ တတိယပန်းတိုင်ကမူ တိကျသော ဆောင်ရွက်ချက်များ လုပ်ဆောင်ကြရန် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို တိုက်တွန်းအားပေးထားသည်။ သတင်းအချက်အလက်ဆိုင်ရာ ပညာရေးပန်းတိုင်နှင့်ဆက်စပ်သော အစီအစဉ်များတွင် အွန်လိုင်းပေါ်မှ အမုန်းစကားများ၊ အမျိုးမျိုးသော အမုန်းစကားပုံစံများနှင့် သက်ရောက်နိုင်သော အကျိုးဆက်များအကြောင်း အသိပညာပေးခြင်းတို့ ပါဝင်ပါသည်။ ဤအစီအစဉ်များ၏ သာဓကများကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် အမုန်းစကား အလိုမရှိ လှုပ်ရှားမှု(No Hate Speech Movement )၏ "အမုန်းတရား ဆန့်ကျင်ရေး နင်ဂျာများ – ကြောင်တွေ၊ ယူနီကွန်းတွေနဲ့ အမုန်းစကားတွေအကြောင်း ဇာတ်လမ်းတစ်ပုဒ်" ('No Hate Ninja Project – A Story About Cats, Unicorns and Hate Speech') ဗီဒီယို ၁၃၆ ၊ မီဒီယာစမတ်စ်(MediaSmarts)၏ အပြန်အလှန်တုံ့ပြန်သည့်ပုံစံဖြင့် "အွန်လိုင်းပေါ်မှ အမုန်းစကားများကို ရင်ဆိုင်ခြင်း(Facing online hate)"[၁၂၇] အီလက်ထရောနစ် ဗီဒီယိုသင်ခန်းစာ သို့မဟုတ် "အခြားစကားဆိုပါ (In other words)" စီမံကိန်းက ဖန်တီးခဲ့သော နည်းကိရိယာတို့ ဖြစ်သည်။[၁၂၈]

ဒုတိယပညာရေးပန်းတိုင်မှာ ပိုမိုရှုပ်ထွေးပြီး အွန်လိုင်းပေါ်မှ အမုန်းစကားများကို ဆန်းစစ်လေ့လာရန် အလေးပေးပါသည်။ ဤဆန်းစစ်လေ့လာချက်တွင် လူမျိုးရေးခွဲခြားမှု၊ လိင်အခြေပြုခွဲခြားမှုနှင့် လိင်တူချစ်သူများအပေါ် ကြောက်ရွံ့မုန်းတီးခြင်းကဲ့သို့ အမျိုးမျိုးသော အွန်လိုင်းပေါ်မှ အမုန်းစကားအမျိုးအစားများအပြင် ထိုအမုန်းစကားများကို တင်ဆက်သည့် ပုံစံများစွာကို စစ်ဆေး၍ အကဲဖြတ်သုံးသပ်ခြင်းတို့ ပါဝင်သည်။ ဤဆန်းစစ်လေ့လာချက်၏ အရေးကြီးသော ကဏ္ဍတစ်ခုမှာ အမုန်းစကားများ အဖြစ်များရသည့် အကြောင်းရင်းများကို ဖော်ထုတ်ရန်နှင့် ၎င်း၏ နောက်ခံယူဆချက်များနှင့် မလိုမုန်းထားမှုများကို နားလည်သဘောပေါက်ရန်အတွက် အမုန်းစကားများကို ဆန်းစစ်ဝေဖန်ရန် ဖြစ်သည်။ ပညာရေးပန်းတိုင်များ ထားရှိသည့် စီမံကိန်းသာဓကများမှာ "အမုန်းတရား အလိုမရှိ" ('No Hate') ဆွေးနွေးပွဲဖိုရမ်နှင့် "အမုန်းစကားများ တိုင်ကြားရေး" ('Reporting hate speech') ပလက်ဖောင်းတို့ ဖြစ်သည်။ ဆွေးနွေးပွဲဖိုရမ်ကို အမုန်းစကား အလိုမရှိ လှုပ်ရှားမှု (No Hatespeech Movement)က စီစဉ်ကြီးမှူးပြီး မည်သည်ကို အမုန်းပွားဖွယ် တင်ဆက်ချက်ဟု မှတ်ယူကြောင်း လူငယ်များကို အပြန်အလှန်ဆွေးနွေးခွင့်ပေးသည့်အပြင် ၎င်းတို့ယခင်က ကြုံတွေ့ခဲ့ဖူးသော အွန်လိုင်းပေါ်မှ အမုန်းစကားသာဓကအချို့ကို ပြောပြခွင့်ပေးထားသည်။ အောက်ဖော်ပြပါစာပိုဒ်သည် ဆွေးနွေးပွဲဖိုရမ်မှ ကောက်နှုတ်ချက်ဖြစ်သည်။

လူတစ်ယောက်ရဲ့ စိတ်ကို ဖော်ပြခွင့်ဆိုတာ လူသားအားလုံး မြတ်နိုးတန်ဖိုးထားတဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ရဲ့ အရေးပါတဲ့ အခြေခံလူ့အခွင့်အရေးတစ်ခု ဖြစ်ပါတယ် [.....]။ ဒါပေမဲ့ ဆွေးနွေးပွဲကို အစပျိုးဖို့ သုံးနှုန်းတဲ့ စကားလုံးတွေနဲ့ အမုန်းတရားကို လှုံ့ဆော်ဖို့ သုံးနှုန်းတဲ့ စကားလုံးတွေကြားမှာ ရှိတဲ့ စည်းက ဝေဝါးနေတာကို တွေ့ရပါတယ်။ ပစ်မှတ်ထားတဲ့ အုပ်စုတွေအပေါ် ရန်လိုစိတ်တွေကို ပွင့်ပွင့်လင်းလင်း ဖွင့်လှစ်ပြပြီး လူထုကို အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်လာအောင် ဆော်ဩစည်းရုံးတဲ့ ဖြစ်စဉ်ဟာ နားထောင်တဲ့ပရိသတ်များသူတွေရဲ့ အကြီးအကျယ် အလွဲသုံးစား လုပ်တာ ခံနေရပါတယ်။[၁၂၉]

အွန်လိုင်းပေါ်မှ အမုန်းစကား ကာကွယ်တားဆီးရေးအဖွဲ့ (Online Hate Prevention Institute) က စီစဉ်ထားသော တိုင်ကြားရေး ပလက်ဖောင်းသည် အမုန်းပွားဖွယ် တင်ဆက်ချက်ဟု ရှုမြင်သည့်အရာများကို ဖော်ပြခြင်း၊ ဝက်ဘ်ဆိုက်များ၊ ဖိုရမ်များနှင့် ဂရုများကို ခြေရာခံခြင်းနှင့် အခြားသူများက ဖော်ထုတ်ပြသသော အမုန်းပွားဖွယ် အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တိုင်ကြားခွင့်၊ စောင့်ကြည့် လေ့လာခွင့် ပေးထားသည်။

နောက်ဆုံးအနေဖြင့် ဤအစီအစဉ်များတွင် သတ်မှတ်ထားသော တတိယမြောက် ပညာရေးပန်းတိုင်သည် အမုန်းစကားဆိုသည့် လုပ်ရပ်များကို တန်ပြန်ချေမှုန်းရန် လုပ်ဆောင်နိုင်သော ဆောင်ရွက်ချက်များကို အားပေးမြှင့်တင်ရန် အလေးပေးထားသည်။ ဤပညာရေးပန်းတိုင်ပါ ရင်းမြစ်များသည် အွန်လိုင်းပေါ်မှ အမုန်းစကားများ အပေါ် ခိုင်ခိုင်မာမာ အရေးယူတုံ့ပြန်ဆောင်ရွက်မှုကို တိုက်တွန်းအားပေးရန် ရည်ရွယ်ပါသည်။ စီမံကိန်းနှင့် အဖွဲ့အစည်းများ၏ ပြင်းပြင်းထန်ထန် တန်ပြန်ချေမှုန်းရင်ဆိုင်မည် သို့မဟုတ် ပျော့ပျော့ပျောင်းပျောင်း တန်ပြန်ချေမှုန်း ရင်ဆိုင်မည်ဟူသည့် ဦးတည်ချက်ပေါ်မူတည်ပြီး ရည်ရွယ်ထားသော ဆောင်ရွက်ချက်များ ကွဲပြားသော်လည်း အဓိကဦးတည်ချက်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို အမုန်းပွားဖွယ် တင်ဆက်ချက်များကို တုံ့ပြန်ရန်နှင့် ယုံကြည်မှုရှိရှိ တန်ပြန်ရန်အတွက် လှုံ့ဆော်ရန် ဖြစ်ပါသည်။ ဤကဲ့သို့သော အစီအစဉ်သာဓကများမှာ ဘလော့ဂါများ(Bloggers)၊ သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများအတွက် အမုန်းစကား အလိုမရှိ လှုပ်ရှားမှုက ကျင်းပပေးသည့် သင်တန်းများ၊ မီဒီယာစမတ်စ်(MediaSmarts)က ဖန်တီးပေးသော သင်ထောက်ကူပစ္စည်းများနှင့် သင်ခန်းစာ အစီအစဉ်များနှင့် “အခြားစကားဆိုပါ(In Other Words)” စီမံကိန်းက အဆိုပြုသော စောင့်ကြည့်လေ့လာရေးမူဝါဒတို့ ဖြစ်ပါသည်။

## *မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုနှင့် ပညာရေးအစီအစဉ်များကို စစ်ဆေးအကဲဖြတ်ခြင်း*

အချို့သော အဖွဲ့အစည်းများနှင့် အစီအစဉ်များသည် အွန်လိုင်းပေါ်မှ အမုန်းစကားတင်ဆက်ချက်များကို အာရုံစိုက်ကြ သော်လည်း အခြားသူများကမူ ထိခိုက်နစ်နာသူများအပေါ် အာရုံစိုက်လာအောင် သို့မဟုတ် လူထုအပေါ် ယေဘုယျ သက်ရောက်မှုကို အာရုံစိုက်လာအောင် လုပ်ဆောင်ခြင်းဖြင့် ထိုတင်ဆက်ချက်နှင့်စပ်လျဉ်းသည့် ပုဂ္ဂိုလ်ရေး ရှုထောင့် အမြင်အပေါ် အလေးပေးသည်။ ၎င်းတို့၏ အလေးပေးချက်များ မည်သို့ပင် ရှိစေကာမူ စီမံကိန်းတော်တော်များများသည် အွန်လိုင်းပေါ်မှ အမုန်းစကားများကို တားဆီးရန်၊ ဖော်ထုတ်ရန်နှင့် တန်ပြန်ရန်အတွက် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများက အရေးကြီးသော ကဏ္ဍဖြစ်သည်ဟု ယူဆကြသည်။ ဆန်းစစ်လေ့လာခဲ့သော နည်းကိရိယာများနှင့် နည်းဗျူဟာများသည် အခြေခံ “လုပ်ဆောင်နည်း လမ်းညွှန်များ” မှသည် ပိုမိုရှုပ်ထွေးသည့် အထူးပြုသင်တန်းများကဲ့သို့ ထိုကျွမ်းကျင်မှုများကို ပျိုးထောင်နိုင်မည့် ချဉ်းကပ်နည်းအမျိုးမျိုးကို ဖော်ထုတ်ပြသနေသည်။ အမျိုးမျိုးသော အစီအစဉ် များတွင် ဆွေးနွေး၍ ဆန်းစစ်လေ့လာခဲ့သော ဗီဒီယိုများ၊ ဘလော့ဂ်များ(Blogs)၊ ဝက်ဘ်ဆိုက်များ၊ ဗီဒီယိုဂိမ်းများနှင့် လူမှုမီဒီယာကဲ့သို့ ပုံစံအခင်းအကျင်းများသည် အမျိုးမျိုးသော ပရိသတ်များထံ ရောက်ရှိသွားစေပြီး ၎င်းတို့ကို ဆွဲဆောင်နိုင်စေသည်။

သို့သော် ပြည့်ပြည့်စုံစုံ အကဲဖြတ်သုံးသပ်ရန် လိုနေသေးပြီး ဤအစီအစဉ်များက အမုန်းစကားများကို အောင်အောင်မြင်မြင် တိုက်ဖျက်နိုင်ခြင်း ရှိမရှိနှင့် မည်သည့်အတိုင်းအတာထိ တိုက်ဖျက်နိုင်ကြောင်း သို့မဟုတ် အွန်လိုင်းရှိ အမုန်းစကား ပြောဆိုမှုများတွင် ပါဝင်ပတ်သက်နိုင်ခြေရှိသော အုပ်စုများအပေါ် အောင်အောင်မြင်မြင် အကျိုးသက်ရောက်မှု ရှိမရှိနှင့် မည်သည့်အတိုင်းအတာထိ အကျိုးသက်ရောက်နိုင်ကြောင်း စစ်ဆေးအကဲဖြတ်ရန် ခက်ခဲသည်။ ဥပမာအားဖြင့် မီဒီယာစမတ်စ်(MediaSmarts)၏ အစီအစဉ်များနှင့် ရင်းမြစ်များသည် ဆုပေါင်းများစွာနှင့် အသိအမှတ်ပြုမှုပေါင်း များစွာ ရရှိသော်လည်း မည်သူက ထိုရင်းမြစ်များကို အများဆုံး အသုံးပြုသည်နှင့်ပတ်သက်ပြီး ရှင်းလင်းသော အညွှန်းကိန်းများ မရှိသလို ၎င်းတို့လုပ်ဆောင်သော ပရိုဂရမ်များ၏ ရလဒ်များကို အကဲဖြတ်သုံးသပ်ရန်မှာ မလွယ်ကူပါ။ “အခြားစကားဆိုပါ (In Other Words)” စီမံကိန်း၏ မျှော်မှန်းရလဒ်များတွင် သင်ထောက်ကူများ ထုတ်လုပ်ဖြန့်ဖြူးရေး ပါဝင်သော်လည်း ထိုသင်ထောက်ကူများ ထုတ်ဝေချိန်မှစ၍ မည်သို့ အသုံးပြုကြသည်ကိုသော်လည်းကောင်း၊ မည်သည့် ပရိသတ်ထံ ရောက်ရှိသွားသည်ကိုသော်လည်းကောင်း အချက်အလက် မရှိပေ။ “အမုန်းစကား အလိုမရှိ လှုပ်ရှားမှု(No Hate Speech Movement)” သည်လည်း အမျိုးမျိုးသော သင်ထောက်ကူများနှင့် ရင်းမြစ်များ (ဗီဒီယိုများ၊ သင်တန်းလက်စွဲများ၊ ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် အမုန်းပွားဖွယ် တင်ဆက်ချက်များကို တိုင်ကြားနိုင်သည့် အွန်လိုင်းပလက်ဖောင်းတို့

အပါအဝင်) ထုတ်လုပ်ခဲ့သော်လည်း အကျိုးသက်ရောက်မှုကို အကဲဖြတ်စစ်ဆေးရန် သို့မဟုတ် အစီရင်ခံရန်အတွက် ရှင်းလင်းသော အများပြည်သူသိ လမ်းညွှန်ချက်များ မရှိပေ။[၁၄၀] ဤအစီအစဉ်အများစုသည် ချီးကျူးထိုက်ပြီး အမုန်းစကားများကို ဖွဲ့စည်းတည်ဆောက်ပုံအဆင့်တွင် တိုက်ဖျက်ရန်အတွက် အားကောင်းသော နည်းလမ်းများ ပေးစွမ်းနိုင်သည့် အလားအလာရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းစီက ၎င်းတို့ လောလောလတ်လတ် သင်ယူခဲ့ရသော ကျွမ်းကျင်မှုများကို နေ့စဉ်ဘဝနှင့် လုပ်ရိုးလုပ်စဉ်များတွင် မည်သို့ ပေါင်းစပ်အသုံးချနေကြကြောင်းနှင့် ၎င်းတို့၏ အွန်လိုင်းအသုံးပြုမှုအပေါ် မည်သို့ အကျိုးသက်ရောက်ကြောင်း နားလည်နိုင်ရန်အတွက် ထပ်ဆောင်း အချက်အလက်များ ရရှိရန် လိုအပ်နေပါသည်။

# ၆။ နိဂုံးနှင့် အကြံပြုချက်များ

အွန်လိုင်းပေါ်တွင် အမုန်းစကားများ များပြား၊ ပျံ့နှံ့လာခြင်းသည် ဆင့်ကဲပြောင်းလဲနေသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ၎င်း၏ အရေးပါမှုနှင့် အကျိုးဆက်များကို နားလည်သဘောပေါက်ရန်နှင့် ထိရောက်သော တုံ့ပြန်ဆောင်ရွက်ချက်များ ဖော်ဆောင်နိုင်ရန်အတွက် စုပေါင်းကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။ အတွေ့ရများသည့် တုံ့ပြန်ချက်မှာ ပြည်သူလူထုက မကျေမချမ်းဖြစ်ကြောင်း ပြသခြင်းဖြစ်ပြီး အချို့သော နာမည်ကျော်ပုဂ္ဂိုလ်များသည် အမုန်းပွားဖွယ် သတင်းစကား ဖြန့်ဝေသူများကို အရှိန်အဟုန်တိုးမြှင့် ဒဏ်ခတ်ကြရန်သာမက အင်တာနက်ပေါ်မှ ချိတ်ဆက်ပြောဆိုမှုများကို ပိုမို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ကြရန် တောင်းဆိုကြသည်။ သို့သော် ဤလေ့လာချက်တွင် အကြံပြုထားသလိုပင် ချုပ်ကိုင်ရေး စီမံချက်များအပေါ်သာ အာရုံစိုက်နေပါက အံဝင်ခွင်ကျဖြစ်သော တုံ့ပြန်ချက်များ ညှိနှိုင်းဆောင်ရွက်ရေးအတွက် လူမှုအဖွဲ့အစည်းတွင်းရှိ အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်သူများထံ တောင်းဆိုသည့် နားလည်ရခက်သော ဖြစ်စဉ်၏ ခက်ခဲရှုပ်ထွေးမှုကို သဘောမပေါက်နိုင် ဖြစ်တတ်သည်။ အွန်လိုင်းရပ်ဝန်းများသည် ပြောဆိုဆက်ဆံရေးကို ထောက်ခံအားပေးနိုင်သည့် အလားအလာရှိပြီး နည်းပညာသစ်များစွာဖြင့် ဆန်းစစ်လေ့လာနိုင်သော ဒေတာပေါင်း မြောက်များစွာကို ထောက်ပံ့ပေးနိုင်သောကြောင့် လူသားတို့၏ အမူအကျင့်များနှင့်စပ်လျဉ်း၍ ထူးခြားသည့် အမြင်များ ပေးစွမ်းနိုင်သည်။ ဤအွန်လိုင်းရပ်ဝန်းတွင် အမျိုးမျိုးသော ဖော်ထုတ်ပြောဆိုမှုပုံစံများ ပေါ်ပေါက်လာပုံ၊ ဆက်သွယ်ပြောဆိုပုံနှင့် ပျောက်ကွယ်သွားနိုင်ပုံတို့ကို ပိုမိုရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှုအပေါ် အခြေခံ၍ ထိရောက်မှုရှိသော အဖြေများ ထုတ်ရမည်။

ဤလေ့လာချက်တွင် မတူညီသော အခြေအနေများက အံဝင်ခွင်ကျဖြစ်သော တုံ့ပြန်ချက်များ ပေါ်ထွက်လာအောင် မည်သို့ လှုံ့ဆော်ပေးနိုင်ကြောင်း ခိုင်လုံသော သာဓကများစွာ ပြသထားသည်။ တုံ့ပြန်ချက်တစ်ခုစီ ပေါ်ထွက်လာတိုင်း ထူးခြားသော အခြေအနေများနှင့် ဆက်စပ်နေသော်လည်း ၎င်းတို့၏ ဆန်းစစ်လေ့လာချက်နှင့် ဖြန့်ဖြူးချက်များသည် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများအတွက် မတူညီသော အခြေအနေများတွင် လိုက်လျောညီထွေ ပြင်ဆင် အသုံးပြုနိုင်သော အထွေထွေ နည်းလမ်းများ ပေးစွမ်းနိုင်ပါသည်။ ဤအနှစ်ချုပ်သုံးသပ်သည့် အခန်းတွင် အွန်လိုင်းပေါ်မှ အမုန်းစကားအသွင်ဆောင်သည့် အဓိက တင်းမာမှုအချို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကူညီပေးနိုင်မည့် နည်းလမ်းများ ပါဝင်သော အဓိကတွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

- အမုန်းစကားများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကြုံတွေ့ရသော အခက်အခဲမှာ ဆန့်ကျင်ဘက်အရာများစွာက ထပ်ထူကျနေခြင်း ဖြစ်သည်။ ဤလေ့လာချက်တွင် ပါဝင်သူအချို့နှင့် ရာဘတ်လုပ်ငန်းစီမံချက်(Rabat Plan of Action)ကဲ့သို့ လုပ်ငန်းစဉ်များက မီးမောင်းထိုးပြသခဲ့သလိုပင် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများစွာ အကြား ကျယ်ကျယ်ပြန့်ပြန့် မျှဝေအသုံးပြုသော အနက်အဓိပ္ပာယ်များကို အသေးစိတ်ရှင်းလင်းရန်သာမက အမုန်းစကားဟု သတ်မှတ်သင့်သော စကားများနှင့် မသတ်မှတ်သင့်သော စကားများကို ညွှန်ပြနိုင်သည့် စစ်ဆေးမှုများ လုပ်ဆောင်ရန် ရည်မှန်းချက်ရှိသည်။ နိုင်ငံတကာ အဖွဲ့အစည်းများသည်ပင် **အလွန် အတိအကျ အဓိပ္ပာယ်**ဖွင့်ဆိုရန် များသောအားဖြင့် **ရှောင်ရှား**တတ်ကြသည်ကို လက်ခံသင့်သော်လည်း ဤကဲ့သို့သော လုပ်ငန်းစဉ်သည် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်စေပါသည်။ ဤကိစ္စနှင့်စပ်လျဉ်းပြီး အွန်လိုင်းပေါ်မှ ပြောဆိုဆက်သွယ်ရေးကို ပုံဖော်နေကြသော အဓိကပုဂ္ဂလိကလုပ်ငန်းအချို့က သတိထားကြသည်။ တင်ဆက်ချက်များကို စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပိုမို ရှင်းလင်းစွာ ဖော်ပြရန် တောင်းဆိုကြသော်လည်း လူမှုကွန်ရက် ပလက်ဖောင်းများသည် ဖယ်ရှားသင့်သော တင်ဆက်ချက်များနှင့်စပ်လျဉ်း၍ အလွန် တင်းကျပ်သော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရန် ရှောင်ရှားကြသည်။ ဆန့်ကျင်ဘက်အားဖြင့် ပလက်ဖောင်းပေါ်တွင် အငြင်းပွားဖွယ် ကိစ္စအချို့ကို အသုံးပြုသူများ အချင်းချင်း ဝိုင်းဝန်း ဖြေရှင်းခွင့်ပြုခြင်းအားဖြင့် အချို့သောလုပ်ငန်းများသည် တင်ဆက်ချက်များ စောင့်ကြည့်လေ့လာခြင်းကို လူအများနှင့် ထိတွေ့မှုရှိအောင် လုပ်ဆောင်ရန် ကြိုးပမ်းကြသည်။ ထိုနည်းအားဖြင့် အမြင်ကွဲပြားခွင့်ပေးပြီး စက်ရုပ်ယန္တရားဆန်သည့် ချဉ်းကပ်နည်းမဖြစ်သွားအောင် တားဆီးနိုင်ပါသည်။

---

- အုပ်စုတစ်စုက နောက်အုပ်စုတစ်စုကို အကြမ်းဖက်ရေး တွန်းအားပေးရန် သို့မဟုတ် အားပေးအားမြှောက်ပြုရန် အလားအလာများသော စကားအပြောအဆိုများကို ညွှန်းဆိုသည့် **“အန္တရာယ်ရှိသော စကား”** သို့မဟုတ် အုပ်စုတစ်စုထံ “အခြားအုပ်စုတစ်စု” က အကြမ်းဖက်ရန် ကြံစည်နေသည်ဟု အကြောက်တရားရိုက်သွင်းသည့် အရေးအသားများကို ဆိုလိုသည့် **“အကြောက်တရား ရိုက်သွင်းသော စကား”** တို့ကဲ့သို့ ပိုမိုအသေးစိတ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ဖွင့်ဆိုလာကြသည်။ ဤကဲ့သို့သော သဘောတရားများသည် ဥပဒေမူများနှင့် ကိုက်ညီမှုရှိသော်လည်း ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန် ရည်ရွယ်သည်ထက် အကြမ်းဖက်မှု ပျံ့နှံ့မသွားအောင် တားဆီးမည့် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်မှုများကို လိုအပ်နိုင်သည့် အရေးကြီးအခြေအနေများ သို့မဟုတ် အန္တရာယ်ဇုန်များအကြောင်း အချက်ပြ၍ စကားပြောဆိုပုံအချို့ကို ခွဲခြား၊ ဖော်ပြနိုင်သော နည်းကိရိယာများ ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ သို့သော် အွန်လိုင်းပေါ်မှ အမုန်းစကားများနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုသည့်အခါတိုင်း **အွန်လိုင်းပေါ်တွင်** အမုန်းတရားကို **ထုတ်ဖော်ပြောဆိုမှု**နှင့် ရန်လိုမှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် အကြမ်းဖက်မှုကဲ့သို့ **ပြင်ပလောကတွင် အန္တရာယ်ပြုမှုတို့အကြား ချိတ်ဆက်**ရန် အခက်အခဲ ကြီးကြီးမားမား ရှိနေဆဲဖြစ်သည်။ အခြားသော မီဒီယာများအနေဖြင့် ဤပြဿနာကို ကြုံတွေ့ကြရသော်လည်း အသုံးပြုသူ၏ အမှန်စင်စစ် အမည်ကွယ်ဝှက်မှုသော်လည်းကောင်း၊ အသုံးပြုသူက ထင်မြင်ယူဆထားသော အမည်ကွယ်ဝှက်မှုသော်လည်းကောင်း သို့မဟုတ် မျှဝေလိုသော သတင်းစကားသည် နှောင့်နှေးခြင်းမရှိဘဲ ပရိသတ်အမြောက်အများထံ ပေါက်ရောက်မှုကဲ့သို့ အွန်လိုင်းပေါ်မှ ဆက်သွယ်ရေးကို ဖော်ပြနေသည့် အချက်အလက်အချို့က အထူးသဖြင့် ရှုပ်ထွေးစေပါသည်။ အစောပိုင်းက ဆွေးနွေးခဲ့သည့် ကင်ညာနိုင်ငံ၏ ဖြစ်ရပ်သာဓကကဲ့သို့ပင် ယခင်ရွေးကောက်ပွဲတွင်း ပြဿနာများသည် အွန်လိုင်းပေါ်မှ အမုန်းပွားဖွယ် သွေးထိုးလှုံ့ဆော်မှုများသာမက အကြမ်းဖက်ရန် နှိုးဆော်မှုများနှင့် တစ်စိတ်တစ်ဒေသ သက်ဆိုင်သော်လည်း ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွင်မူ ၎င်းတို့ကြောင့် လက်တွေ့ အကြမ်းဖက်မှုများ မဖြစ်ပွားခဲ့ပေ။ ဤဖြစ်ရပ်တွင် လူမှုအသိုက်အဝန်း၏ အမျိုးမျိုးသော ကဏ္ဍများက ငြိမ်းချမ်းရေးအတွက် တောင်းဆိုခဲ့မှုအပါအဝင် အခြားသော အကြောင်းအရင်းများက လွှမ်းမိုးသွားဟန်တူသည်။ နောက်ပိုင်းတွင် ဆွေးနွေးခဲ့သလိုပင် အွန်လိုင်းပေါ်မှ အမုန်းစကားများကို နားလည်သဘောပေါက်ရန် အခက်ကြုံသည့်အခါမျိုးတွင် အွန်လိုင်းပေါ် အကြမ်းဖက်မှုနှင့် ပြင်ပလောက အကြမ်းဖက်မှုတို့အကြားရှိ ဆက်စပ်မှုများကို လေ့လာပြီး အဆင့်ဆင့် နားလည်သဘောပေါက်၍ မရနိုင်ဟု မဆိုလိုသော်လည်း စနစ်တကျ သုတေသနပြုရန် လိုနေပါသေးသည်။

---

- စကားအပြောအဆိုတစ်ခု၏ အကြမ်းဖက်မှုသို့ ဦးတည်နိုင်သော အလားအလာနှင့် အန္တရာယ်ဖြစ်စေနိုင်သော **အလားအလာ**ရှိမှုအပေါ် အာရုံစိုက်ရာတွင် **ဥပဒေနှင့် အမိန့်**တို့သာ ပါဝင်သည့် ချဉ်းကပ်နည်းအသစ်သို့ ဦးတည်ပေးနိုင်သော ၎င်း၏ နဂိုရှိရင်းစွဲ ယူဆချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ အကြမ်းဖက်မှုအပေါ် အလေးပေးခြင်းအားဖြင့် (အကြမ်းဖက်မှုကို တရားဝင်ထိန်းချုပ်နိုင်သော လုပ်ရှားဆောင်ရွက်သူဖြစ်သည့်အလျောက်) နိုင်ငံတော်အစိုးရအတွက် အခွင့်ကောင်းရစေပြီး ကွဲပြား၍ ပြည့်စုံသော အဖြေများ ထုတ်ပေးနိုင်သည့် အခြားသော လှုပ်ရှားဆောင်ရွက်သူများကို လျစ်လျူရှုမိနိုင်သည်။ ထို့ပြင် ဤအစီရင်ခံစာ၏ အစတွင် ထောက်ပြခဲ့သလိုပင် အမုန်းစကားနှင့်စပ်လျဉ်း၍ ဥပဒေပြုခြင်းဖြင့် ဥပဒေကို ချုပ်ကိုင်သည့် အဓိကအုပ်စုကို ဖော်ပြသည်။ အခြားသော အမုန်းစကားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် လူ့ဂုဏ်သိက္ခာ လေးစားမှုအပေါ် အလေးပေးပြီး ပစ်မှတ်ထား ခံရသူများကို လေးစားမှုရှိရန် တောင်းဆိုတတ်လာအောင်၊ ၎င်းတို့ဘက်မှ ခုခံကာကွယ်ပေးလာအောင် တိုက်တွန်း အားပေးခြင်းဖြင့် ထိရောက်သော တုံ့ပြန်ဆောင်ရွက်ချက်များ လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ သို့မဟုတ် အခြားသော လှုပ်ရှားဆောင်ရွက်သူများအစား ထိုပစ်မှတ်ထားခံရသူများကို အခရာကျသော နေရာတွင် ထားရှိပါသည်။ ဤချဉ်းကပ်နည်းတွင် ပြဿနာအခက်အခဲများနှင့် အငြင်းပွားဖွယ်ရာများ လုံးဝမရှိခြင်းတော့ မဟုတ်ပေ။ ဂုဏ်သိက္ခာအပေါ် အလွန်အကျူး အလေးပေးခြင်းသည် နှိုင်းရဝါဒတွင် ကွဲလွဲမှုများ သို့မဟုတ် လူ့အခွင့်အရေးနှင့် မကိုက်ညီသည့် အထူးသီးသန့်ဖြစ်လွန်းသော ယူဆချက်များကို ထောက်ခံအားပေးရာတွင် ကွဲလွဲမှုများ ဖြစ်စေနိုင်ပါသည်။ သို့သော် အွန်လိုင်းပေါ်မှ အမုန်းစကားများကို ကိုင်တွယ်ဖြေရှင်းရာတွင် မတူညီသော အမြင်ရှုထောင့်များကို ထည့်သွင်းစဉ်းစားသင့်ပြီး အွန်လိုင်းပေါ်မှ အမုန်းစကားဖြစ်စဉ်ကို ရှင်းပြနိုင်စွမ်း၊ ယင်းဖြစ်စဉ်နှင့် လက်တွေ့ အကြမ်းဖက်မှုတို့ ရှုပ်ထွေးစွာ ချိတ်ဆက်နေပုံကို ရှင်းပြနိုင်စွမ်းနှင့် ဘက်စုံချဉ်းကပ်နည်းကို မထိခိုက်စေသော အဖြေများ ပေးနိုင်စွမ်းတို့ကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ကြည့်သင့်သည်ဟု အကြံပြုထားသည်။

---

- ထူးခြားသည်မှာ အမုန်းစကားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရှုပ်ထွေးလှသည့်အတွက် အမုန်းစကားနှင့်ပတ်သက်သည့် အမျိုးမျိုးသော နိုင်ငံတကာ စံနှုန်းများကို **ပြည်တွင်းတွင် လူအများသိစေရန် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို**ခွင့်လည်း ရရှိစေပါသည်။ အမုန်းစကားသည် **“တန်ဖိုးမရှိသော အညွှန်းပြုစကားလုံး”** တစ်ခုအနေဖြင့် ဆောင်ရွက်ပါသည်

(လာကလောက်နှင့် မှဖ် (Laclau and Mouffe)၊ ၁၉၈၅ ခုနှစ်)။ ထိုအသုံးအနှုန်းသည် လူအများစုအတွက် ကိုယ်တိုင်ကိုယ်ကျ နားလည်နိုင်သည်ဟု ထင်ရသော်လည်း မေးမြန်းလိုက်ပါက အလွန်ကွဲပြားခြားနားနေသော အဖြေများ ဖြေတတ်ကြပါသည်။ ယင်းက ပြဿနာ ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် တရားဝင်ထုတ်ဖော်ပြောဆိုသည့် စကားများကို ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်ရန်ဖြစ်စေ၊ ဆင်ဆာဖြတ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းချက်ထုတ်ရန်ဖြစ်စေ အမုန်းပွားဖွယ် သတင်းစကားများကို ထုတ်ဖော်ပြောဆိုသည်ဟု စွပ်စွဲသည့် အခါမျိုးတွင် ဖြစ်သည်။ ဤဖြစ်ရပ်များသည် လူပုဂ္ဂိုလ်များအနေဖြင့် ICCPR တွင် ရှင်းလင်းဖော်ပြထားသော ကန့်သတ်ချက်ဘောင်များထက်ပင် ကျော်လွန်၍ လိုက်နာဆောင်ရွက်ကြသော်လည်း ၎င်းတို့၏ ဝေဖန်မှု သို့မဟုတ် သရော်မှု သို့မဟုတ် ထင်မြင်ချက်များ သို့မဟုတ် ယုံကြည်မှုများကို အမုန်းစကားဟု တံဆိပ်ကပ်လိုက်သည့်အခါမျိုးတွင် ဖြစ်သည်။ သို့သော် တန်ဖိုးမရှိသော အညွှန်းပြုစကားလုံးဟူသော အသုံးအနှုန်း၏ ဝိသေသလက္ခဏာသည် အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်သူများအတွက် ချဉ်းကပ်ရန် ခက်ခဲသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး စုဝေး၊ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများလည်း ရရှိစေပါသည်။

---

# တရားစီရင်ပိုင်ခွင့်

- အွန်လိုင်းပေါ်မှ အမုန်းစကားများကို ခွဲခြားဖော်ထုတ်ရာတွင်နှင့် တုံ့ပြန်ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများအပေါ် များစွာ အာရုံစိုက်ကြသည်။ သို့သော် **အင်တာနက်ကြားခံလုပ်ငန်းများ**၊ အွန်လိုင်းဆက်သွယ်ရေးကို ချိတ်ဆက်ပေးသော ဝန်ဆောင်မှုများသည် ထုတ်ဖော်ပြောဆိုရန် ခွင့်ပြုရာတွင်သာမက ထိန်းချုပ်ရာတွင် တစ်စတစ်စ တိုး၍ အရေးကြီးလာသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အများစု အထူးသဖြင့် ရှာဖွေရေးအင်ဂျင်များ (search engines) နှင့် လူမှုကွန်ရက်လက်ဖောင်းများသည် နိုင်ငံအနှံ့အပြားသို့ ချဲ့ထွင်ကာ အမုန်းစကားများနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ကိုယ်ပိုင်ဝန်ဆောင်မှုစည်းမျဉ်းများနှင့် ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် အခြေခံပြီး အသုံးပြုသူများ၏ ထိတွေ့ဆက်ဆံမှုကို စည်းကမ်းကြပ်မတ်ကြသည်။ ၎င်းတို့သည် အသုံးပြုသူက မသင့်လျော်ဟု ယူဆသော တင်ဆက်ချက်ကို တိုင်ကြားမှုအပေါ် များစွာ မှီခိုပြီး ၎င်းတို့ အာရုံစိုက်ရမည့် ကိစ္စရပ်တစ်ခု ပေါ်လာပါက ၎င်းတို့၏ ဝန်ဆောင်မှုစည်းမျဉ်းများနှင့်အညီ စစ်ဆေးဆုံးဖြတ်ရန်မှာ တရားသေ တုံ့ပြန်ဆောင်ရွက်မှု ဖြစ်သည်။ သို့သော် အင်တာနက်ကြားခံလုပ်ငန်းများ လိုက်နာဆောင်ရွက်လျက်ရှိသော စည်းကမ်းချက်များမှာ နိုင်ငံတော်အဆင့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာအဆင့် စည်းမျဉ်းစည်းကမ်းများနှင့် ဆက်စပ်မှုရှိ၊မရှိပေါ် မူတည်ပြီး ဖိအားပေးအုပ်စုများနှင့် တစ်သီးပုဂ္ဂလအသုံးပြုသူများက စဉ်ဆက်မပြတ် ဖိအားပေးနေမည် ဖြစ်သည်။ ဤလေ့လာချက်တွင် ညွှန်ပြထားသလိုပင် အင်တာနက်ကြားခံလုပ်ငန်းများက အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်သူများ၏ ဖိအားပေးမှုများကို တုံ့ပြန်ဆောင်ရွက်ခဲ့သည့် လောလောလတ်လတ် ဖြစ်ရပ်များစွာရှိပါသည်။

---

- ၂၀၁၄ ခုနှစ်တွင် ဥရောပတရားရုံးက ဂူဂဲလ်(Google)ကို စီရင်ချက်ချမှတ်ခဲ့သည့် အကျိုးဆက်ကြောင့် ယခုအခါတွင် လူပုဂ္ဂိုလ်များ၏ တောင်းဆိုမှုနှင့် ရှာဖွေရေးရလဒ်များကို မသက်ဆိုင်သော သို့မဟုတ် ခေတ်နောက်ကျနေသော သတင်းအချက်အလက်များဟု ထင်မြင်ပါက ဖယ်ရှားပစ်ခြင်းသည် နိုင်ငံတော်အစိုးရ၏ အာဏာစက်မှ ကာလ တော်တော်ကြာ ကင်းလွတ်ခွင့် ရနေခဲ့သော နယ်ပယ်များတွင် တရားဥပဒေအကျိုးသက်ရောက်နိုင်မည့် အလားအလာကို ပြသနေပေသည်။ သို့သော် အွန်လိုင်းရပ်ဝန်းများကို ဤသို့**တရားဝင်** နယ်ပယ်ပြန်လည်ကန့်သတ်ခြင်းကို အထူးသဖြင့် အငြင်းပွားဖွယ်ဟု ယူဆကြသည်။ အဓိကအကြောင်းအရင်းမှာ နိုင်ငံတော်အစိုးရများ သို့မဟုတ် နိုင်ငံပေါင်းစု အဖွဲ့အစည်းများက ၎င်းတို့ကိုယ်ပိုင် စည်းမျဉ်းများ ချမှတ်ခြင်းကြောင့် အင်တာနက်ပေါ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထုတ်ဖော်ပြောဆိုမှုများ မျှဝေနိုင်မည့် အလားအလာနှင့် အများပြည်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းနှီးလာနိုင်မည့် အလားအလာတို့ကို ပျက်ပြားစေပြီး အင်တာနက်ကို တစ်စတစ်စ ပြိုကွဲသွားအောင် လုပ်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ မတူညီသော နယ်မြေဒေသအလိုက် အင်တာနက်ကို ထိတွေ့သုံးစွဲရပုံ ကွဲပြားပြီး လွတ်လပ်စွာ စီးဆင်းရေးဆိုင်ရာ သတ်မှတ်ချက်များသည် နိုင်ငံတော်အဆင့် သို့မဟုတ် ဒေသန္တရအဆင့် ခြွင်းချက်ထားသည့် မူဝါဒ၏ လောင်းရိပ်အောက် စတင်ကျရောက်လာသောအခါ စိတ်မှန်းဖြစ်ရပ်တစ်ခု ဖြစ်လာစေသည်။ ပုဂ္ဂလိက အဖွဲ့အစည်းများကို ခုံအဖွဲ့အဖြစ် ဆောင်ရွက်ခွင့်ပေးပြီး မည်သည်ကို အွန်လိုင်းပေါ်တွင် တင်ဆက်သင့်၊ မတင်ဆက်သင့်ကြောင်း ဆုံးဖြတ်ခွင့်ပေးသည့်အခါမျိုးတွင် ပုဂ္ဂလိကကုမ္ပဏီများကိုယ်တိုင်သာမက အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ လှုပ်ရှားဆောင်ရွက်သူများက ဘဝင်ကျဟန် မတူပေ။ ကုမ္ပဏီများက တစ်ဦးချင်း တိုင်ကြားမှုများ ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်လမ်းကြောင်းများ တည်ဆောက်၍ ဆန္ဒအလျောက် ကိုယ်တိုင် စည်းကမ်းကြပ်မတ်ခြင်းသည်

ပြဿနာတစ်ရပ်ကို မဖြေရှင်းနိုင်ပါက တရားရုံးတင်၍ ဖြေရှင်းနိုင်ခွင့် ရှိသော်လည်း အထက်ပါကိစ္စရပ်နှင့် မည်မျှလောက်ထိ ကွဲလွဲနိုင်ကြောင်း အငြင်းပွားနေကြဆဲ ဖြစ်သည်။

---

- အင်တာနက်ကြားခံလုပ်ငန်းအများစုသည် အစိုးရအဖွဲ့အစည်းများ၊ အုပ်စုများနှင့် လူပုဂ္ဂိုလ်များ၏ တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် **စနစ်သိပ်မကျသော** ချဉ်းကပ်နည်းကို အသုံးပြုလိုကြသည်။ ဥပမာအားဖြင့် တစ်စုံတစ်ဦး တင်ထားသော သတင်းအချက်အလက်သည် ဖေ့စ်ဘုတ်၏ ဝန်ဆောင်မှုစည်းမျဉ်းများကို ချိုးဖောက်မှုမရှိသော်လည်း အသုံးပြုသူတစ်ဦးဦးကမနှစ်သက်ပါကထိုသူထံစာတိုပေးပို့နိုင်သော“လူမှုဆိုင်ရာရီပို့လုပ်တိုင်ကြားမှု”ဖန်ရှင်(“social reporting” function) တစ်ခုကို ဖေ့စ်ဘုတ်က အသက်သွင်းခဲ့သည်။[၁၄၁] နောက်ထပ်ရွေးချယ်စရာတစ်ခုမှာ လူပုဂ္ဂိုလ်များသည် ထုတ်ဖော်ပြောဆိုချက်တစ်ခုကို ဖယ်ရှားပေးဖို့ ကြားခံမှတစ်ဆင့် တောင်းဆိုနိုင်သော သို့မဟုတ် ခုခံပြောဆိုနိုင်သော သတိပေးချက်နှင့် သတိပေးနိုင်သည့် အင်္ဂါရပ်တစ်ခု ဖြစ်သည်။[၁၄၂] ဤလေ့လာချက်တွင် ပြသထားသလိုပင် လူမှုကွန်ရက်ပလက်ဖောင်းများသည် တင်ဆက်ချက်များကို စောင့်ကြည့်လေ့လာအကဲဖြတ်သော လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲသည့် ဖြစ်ရပ် သို့မဟုတ် တိုးတက်ကောင်းမွန်အောင် ပြုပြင်မွမ်းမံသည့် ဖြစ်ရပ်များစွာ ရှိသည်။ တွစ်တာအနေဖြင့် တွစ်(tweet)မှတစ်ဆင့် တိုက်ရိုက် စစ်ဆေးအကဲဖြတ်နိုင်သော တိုင်ကြားရေးခလုတ်တစ်ခုကို ထည့်သွင်းရန် ငြင်းဆန်နေမှုကို ရပ်တန့်လိုက်ခြင်းကလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဤချဉ်းကပ်နည်းတွင် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာ ပါဝင်သော်လည်း စနစ်မကျသည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ လျော့နည်းသွားစေနိုင်သည်။ အချို့သော ဖြစ်ရပ်များတွင် စနစ်မကျမှုနှင့် အွန်လိုင်းပေါ်မှ အမုန်းစကားများ၏ အပြောင်းအလဲမြန်သော သဘောသဘာဝတို့ ကြုံကြိုက်ပါက ကြုံရာကျပန်းဖြစ်ကာ ပရမ်းပတာ ဖြစ်တတ်သည်။ အချို့သော အခြေအနေများတွင် ဖိအားပေးအုပ်စုများအနေဖြင့် အပြောင်းအလဲဖော်ဆောင်ရန် “အခြေအနေနှင့် အံဝင်ခွင်ကျ” ဖြစ်အောင် လုပ်ဆောင်နိုင်စွမ်း ရှိသော်လည်း ဖြစ်ရသည့် အကြောင်းအရင်း၏ အရေးပါမှု သို့မဟုတ် ကျိုးကြောင်းခိုင်လုံမှု သို့မဟုတ် နိုင်ငံတကာတွင် တရားဝင်ကန့်သတ်ထားသော ထုတ်ဖော်ပြောဆိုမှုဆိုင်ရာ ကန့်သတ်ချက်များကို ကျော်လွန်ခြင်း ရှိ၊မရှိတို့ကိုမူ ထည့်သွင်းစဉ်းစားခြင်း မရှိပေ။

---

## သဘောပေါက်နားလည်နိုင်စွမ်း

- အမုန်းပွားဖွယ် သတင်းစကားများ၏ မနှစ်မြို့ဖွယ် သဘောသဘာဝသည် ထိုသတင်းစကားများကို ကန့်သတ်ရန်နှင့် ရေးသားသူများကို ပလက်ဖောင်းပေါ်မှ ပိတ်ပင်၍ဖြစ်စေ၊ အင်တာနက်အသုံးပြုခွင့်ပင် ပိတ်ပင်၍ဖြစ်စေ နှုတ်ပိတ်ရန် ခိုင်လုံသော အကြောင်းပြချက် ဖြစ်စေသည်။ ဤအကြောင်းပြချက်များသည် အချိုးအစား မမျှတသော်ငြား၊ ကန့်သတ်ချက်ကို တရားဝင်ဖြစ်စေရန် စစ်ဆေးသော “လိုအပ်မှုပြ” စစ်ဆေးချက်ကို မအောင်မြင်သော်ငြားလည်း လူသိများသော ဖြစ်ရပ်များ ဖြစ်ပွားပြီးနောက် ပို၍ပင် အားကောင်းလာသည်။ အွန်လိုင်းပေါ်မှ အမုန်းစကားနှင့် ပြင်ပလောက အကြမ်းဖက်မှုတို့အကြား ဆက်စပ်မှုမှာ မခိုင်မာသော်လည်း ထိုကဲ့သို့သော ကာလများတွင် အာဏာပိုင်များအနေဖြင့် အင်တာနက်ပေါ်တွင် အမုန်းတရားနှင့် အကြမ်းဖက်မှုများ ဖြန့်ဝေနိုင်သည့် အလားအလာကို ထိန်းသိမ်းရန်အတွက် အားကောင်းသော လုပ်ဆောင်ချက်များ ဆောင်ရွက်ကြရန် တောင်းဆိုနိုင်ပါသည်။ ဤအခြေအနေတွင် အမုန်းစကားကို နားလည်သဘောပေါက်ရန် အားထုတ်မှုများသည် အမုန်းစကားကို တန်ပြန်တိုက်ဖျက်ရန် သို့မဟုတ် ဖယ်ရှားရန် ပန်းတိုင်သက်သက်ဖြင့်သာ မဟုတ်ဘဲ ခက်ခဲသော်လည်း အလွန်အရေးကြီးနေဆဲဖြစ်သည့် ထုတ်ဖော်ပြောဆိုမှုတစ်ခုဖြစ်ကြောင်း နားလည်သဘောပေါက်ရန် ဖြစ်သည်။ ဤလေ့လာချက်တွင် အွန်လိုင်းပေါ်ရှိ **အစွန်းရောက်**ဝါဒဖြန့် ရပ်ဝန်းများတွင် **ကျင်လည်နေသူများ၊ အဘယ်ကြောင့်** ထိုသို့ဝါဒဖြန့်ရကြောင်းနှင့် **မည်သို့**အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်းတို့ကို စူးစမ်းလေ့လာ၍ မျှော်မှန်းထားသည်နှင့် ယေဘုယျအားဖြင့် ဆန့်ကျင်နေသော ရလဒ်များ တင်ပြသည့် သုတေသနတစ်ရပ်ကို ဖော်ပြထားသည်။[၁၄၃] ထိုကဲ့သို့သော လေ့လာမှုများသည် ရှားပါးနေဆဲဖြစ်သော်လည်း စကားပြောဆိုမှုအမျိုးအစားအချို့သို့ ဦးတည်စေသော ရွေ့လျားအားများကို **ပိုမိုနားလည်သဘောပေါက်**စေသောကြောင့် ချုပ်တည်းခြင်း သို့မဟုတ် နှုတ်ပိတ်ခြင်းတို့အပေါ် လုံးလုံးလျားလျား အခြေမခံဘဲ ဆန်းသစ်သော အဖြေများထုတ်ပေးနိုင်သည့် ပိုမိုကျယ်ပြန့်သော အတွေးအမြင်များ ရရှိစေသည်။ ဥပမာအားဖြင့် **စီးပွားရေးအရ မမျှတမှုများနှင့် အမုန်းစကား**တို့အကြား ဆက်စပ်မှုများ ရှိပါသလား။ အချို့သောသူများသည် တစ်ဖက်သတ်ရလဒ်များ ရရှိရန် အမုန်းစကားကို မည်သို့ အကျိုးရှိရှိ အမြတ်ထုတ်နိုင်သနည်း။ ၎င်းတို့ကြောင့် နစ်နာရသူအများအပြားသည် အဘယ်ကြောင့် ထိခိုက်လွယ်သော လူမှုရေးနောက်ခံ သို့မဟုတ် ချို့ငဲ့သော

လူမှုရေးနောက်ခံမှ လာသူများ ဖြစ်ရသနည်း။[၁၄၄] ပညာသင်ကြားခွင့်နှင့် အမုန်းစကားတို့အကြား ဆက်နွယ်မှုများ ရှိပါသလား။ ဤကဲ့သို့သော မေးခွန်းများအတွက် အဖြေများသည် အမုန်းစကားကို ပိုမိုနက်နဲပြီး မစူးစမ်းမလေ့လာရသေးသော မကျေနပ်ချက်များ၏ လက္ခဏာရပ်တစ်ခုအဖြစ်သာ ကိုင်တွယ်ဖြေရှင်းနေသည်ထက် ပိုမို လူမှုပူးပေါင်းပါဝင်မှုရှိရေးအတွက် လက်တွေ့ကျသော မူဝါဒများလိုအပ်နေကြောင်း ထောက်ပြသော ဖြေရှင်းနည်းများ ပေးစွမ်းပါသည်။

---

- **အွန်လိုင်းပေါ်မှ** အမုန်းစကားများဟု ဆိုရာတွင် အမျိုးမျိုးသော နည်းပညာဆိုင်ရာ ပလက်ဖောင်းများတွင် ဖြစ်ပွားလျက်ရှိသော အလွန်ကျယ်ပြန့်သည့် ဖြစ်ရပ်များ ခြုံငုံပါဝင်သည်။ သို့သော် ထိုပလက်ဖောင်းများ အခြေတည်ထားသော **တည်ဆောက်ပုံများ**သည် အမုန်းစကား ပျံ့နှံ့ပုံနှင့် ထိုအမုန်းစကားကို မည်သို့တန်ပြန်နိုင်ပုံတို့အပေါ် မူတည်၍ များစွာ ကွဲပြားနိုင်ပြီး ထိုအချက်များအပေါ်တွင် အရေးကြီးသော သက်ရောက်မှုများလည်း ရှိသည်။ အခန်း (၄) ၌ တင်ပြထားသော UMATI စီမံကိန်းတွင် ဖော်ပြထားသလိုပင် တွစ်တာ၏ တည်ဆောက်ပုံသည် အသုံးပြုသူများအတွက် အမုန်းပွားဖွယ် သတင်းစကား တင်ပြသူများနှင့် အကြမ်းဖက်ရန် တိုက်တွန်းအားပေးသူများကို ရှောင်ရှားရ လွယ်စေသည်။ ဟက်ရှ်တက်ဂ်များ(Hashtags) အသုံးပြုခြင်းဖြင့် အမျိုးမျိုးသောသူများကို ကိစ္စရပ်တစ်ခုအပေါ် ဝိုင်းဝန်းအာရုံစိုက်စေသောကြောင့် တွစ်(tweet)တစ်ခု သို့မဟုတ် အကောင့်တစ်ခုလုံးကို မျှဝေနိုင်ခြေရှိပြီး စုပေါင်း၍ စောင့်ကြည့်လေ့လာနိုင်စေသည်။ ဖေ့စ်ဘုတ်ပလက်ဖောင်းသည် တစ်ခုနှင့်တစ်ခု တစ်စိတ်တစ်ဒေသ ကွယ်ဝှက်ထားသော အပြန်အလှန်ပြောဆိုရေး လမ်းကြောင်းများစွာ အသုံးပြုခွင့်ပေးထားသောကြောင့် အလားတူ လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်နိုင်ခြေ နည်းပါးလှသည်။ စနပ်ချတ်(Snapchat)ကဲ့သို့ အခြား ပလက်ဖောင်းများတွင် သတင်းစကားတစ်ခုကို အလွန်ရင်းနှီးသော အသိမိတ်ဆွေသီးသန့်ဂရုတစ်ခု၏ ပြင်ပသို့ မျှဝေနိုင်ခြေ အနည်းဆုံးဖြစ်အောင် လျှော့ချထားသည်။ ပလက်ဖောင်းတစ်ခုချင်းစီက မတူညီသော သတင်းစကား အမျိုးအစားများ ထုတ်လုပ်၊ ဖြန့်ဝေခြင်းကို မည်သို့ခွင့်ပြုပေးနိုင်ကြောင်း သို့မဟုတ် မည်သို့ချုပ်တည်းနိုင်ကြောင်း နားလည်သဘောပေါက်ခြင်းသည် သင့်လျော်သော တုံ့ပြန်ဆောင်ရွက်မှုများ ချမှတ်နိုင်ရန်အတွက် အလွန်အရေးကြီးသော အပိုင်းတစ်ပိုင်း ဖြစ်သည်။

---

- ဖေ့စ်ဘုတ်နှင့် တွစ်တာကဲ့သို့ အကြီးစား လူမှုကွန်ရက် ပလက်ဖောင်းများသည် ၎င်းတို့၏ အသုံးပြုသူများက တိုင်ကြားသော အမုန်းပွားဖွယ် သတင်းစကားများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်သော ချဉ်းကပ်နည်းတစ်ရပ်ကို အဓိကအားဖြင့် ကျင့်သုံးခဲ့ပြီး ၎င်းတို့၏ ဝန်ဆောင်မှုစည်းမျဉ်းများကို ချိုးဖောက်ခြင်း ရှိမရှိ ဆန်းစစ်လေ့လာသည်။ သို့သော် လူမှုကွန်ရက်ပလက်ဖောင်းများသည် ပို၍ ကြိုတင်ပြင်ဆင်သော **ချဉ်းကပ်နည်း**ကို အသုံးပြုနိုင်သည်။ ၎င်းတို့တွင် အပြန်အလှန်ဆက်စပ်နိုင်၍ ဆန်းစစ်လေ့လာနိုင်ပြီး အွန်လိုင်းပေါ်ရှိ အမုန်းစကားများ၏ ဝိသေသလက္ခဏာများကို ခွဲခြားပေးသည့် တွန်းအားများကို ပိုမို ကွဲပြားစွာ နားလည်သဘောပေါက်စေနိုင်သော လက်တွေ့ဖြစ်ရပ်များနှင့် ပေါင်းစပ်နိုင်သည့် ဒေတာမြောက်များစွာ ရှိသည်။ အရောင်းမြှင့်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် ဒေတာပေါင်းများစွာကို စုစည်းကာ အပြန်အလှန်ဆက်စပ်ခဲ့ပြီး ဖြစ်သည်။ ဤပလက်ဖောင်းများကို ပိုင်ဆိုင်သော ကုမ္ပဏီများ၏ လူမှုတာဝန်သိလုပ်ငန်းလုပ်ဆောင်ရမည့် လုပ်ပိုင်ခွင့်တာဝန် တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများထံ ဝေမျှနိုင်သော အသိပညာများ ထုတ်လုပ်ပေးရန်အတွက်လည်း အလားတူ အားထုတ်မှုများ လုပ်ဆောင်နိုင်သည်။

---

- “ပိုမိုကောင်းမွန်သော မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို အားပေးမြှင့်တင်သည့် ပဏာမ ခြေလှမ်းများသည် အွန်လိုင်းပေါ်ရှိ အမုန်းစကားကို ပိုမိုစနစ်တကျ ဖြေရှင်းပေးသည့် တုံ့ပြန်ဆောင်ရွက်မှုအဖြစ် စတင်ပေါ်ပေါက်လာပြီဖြစ်သည်။ လူငယ်များ လူမှုမီဒီယာနှင့်ထိတွေ့မှု ပိုမိုများပြားလာသည်နှင့်အမျှ အမုန်းစကားများကို ခွဲခြားဖော်ထုတ်၍ တုံ့ပြန်ပုံနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များသည် ပိုမိုအရေးပါလာနိုင်သည်။ အချို့သော စာသင်ကျောင်းများသည် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို ၎င်းတို့၏ သင်ရိုးထဲတွင် အဆင့်ဆင့် ထည့်သွင်းသင်ကြားရန် စိတ်ပါဝင်စားကြောင်း ဖော်ပြခဲ့ကြသော်လည်း အဆိုပါ ပဏာမခြေလှမ်းများတွင် ဟာကွက်များ ရှိနေသေးပြီး အွန်လိုင်းပေါ်နှင့် အွန်လိုင်းပြင်ပရှိ အမုန်းစကားများ၏ အန္တရာယ်ဖြစ်နိုင်ခြေနှင့်စပ်လျဉ်း၍ သတိထားရန် အလိုအပ်ဆုံးဖြစ်သည့် ထိရှလွယ်မှုအမြင့်ဆုံးသူများထံ လက်လှမ်းမီရောက်ရှိခြင်း မရှိသေးပေ။ ပျံ့နှံ့ပေါ်ပေါက်နေသော အကြမ်းဖက်မှုအန္တရာယ် လက်တွေ့ ဖြစ်နိုင်ခြေ အမြင့်မားဆုံးဖြစ်နေသည့် နိုင်ငံများ၌ အမုန်းစကား ဆန့်ကျင်တိုက်ဖျက်ရေး မော်ဂျူးများကို ထည့်သွင်းသင်ကြားရန် အထူးအရေးကြီးသည်။ ထို့ပြင် အဆိုပါအစီအစဉ်များ၌ ဝိသေသလက္ခဏာကို ထင်ဟပ်သည့် မော်ဂျူးများကို ထည့်သွင်းရန်လည်း လိုအပ်သည်။ သို့မှသာ

လူငယ်များအနေဖြင့် ၎င်းတို့၏ စိတ်ခံစားချက်များအား အမုန်းတရားများဖြင့် ခြယ်လှယ်ရန် ကြိုးပမ်းနေမှုများကို သတိပြုမိပြီး ၎င်းတို့၏ လက်ရှိအခြေအနေ၊ ဖြစ်လာလိုသည့်အခြေအနေတို့ကို ကိုယ်တိုင်ဆောင်ရွက်လာနိုင်စေရန် ၎င်းတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများ တိုးတက်လာအောင် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ ဤကဲ့သို့ ကြိုတင်ကာကွယ်တားဆီးရေး ပဏာမလုပ်ငန်းများနှင့်အတူ ကျောင်းသားများ၏ အွန်လိုင်းနှင့် အွန်လိုင်းပြင်ပမှ လက်တွေ့ပြုမူဆောင်ရွက်ပုံများနှင့် အမုန်းပွားဖွယ် သတင်းစကားများကို ၎င်းတို့ သတ်မှတ်ဖော်ထုတ်၍ တုံ့ပြန်နိုင်စွမ်းအပေါ် သက်ရောက်မှုကို အကဲဖြတ်သုံးသပ်ပေးမည့် စီမံချက်များကိုလည်း တွဲဖက်ဆောင်ရွက်သင့်သည်။"

---

## ကြားဝင်ကူညီမှု

- အွန်လိုင်းပေါ်မှ အမုန်းစကား ပြဿနာများကို **ပူးပေါင်းဖြေရှင်း**ကြရန် လိုပါသည်။ ဤသည်မှာ လူမှုဘဝ၏ အခြားနယ်ပယ်များစွာတွင်လည်း ဝိုင်းဝန်းလုပ်ဆောင်နေသော အရာတစ်ခုဖြစ်ပြီး မြင်သာသော သုံးသပ်ချက်တစ်ခု ဖြစ်သည်ဟု ထင်ဖွယ်ရာ ရှိသည်။ သို့သော် ဤလေ့လာချက်တွင် ညွှန်ပြထားသလိုပင် အွန်လိုင်းပေါ်မှ အမုန်းစကားပြဿနာတွင် လှုပ်ရှားဆောင်ရွက်သူတစ်ဦးကိုသာ တုံ့ပြန်ဆောင်ရွက်စေခြင်း သို့မဟုတ် လှုပ်ရှားဆောင်ရွက်သူအနည်းငယ်ကိုသာ တုံ့ပြန်ဆောင်ရွက်စေခြင်းကဲ့သို့ ထိရောက်မှု အလွန်နည်းပါးသော ယုတ္တိမတန်သည့် အပိုင်းများလည်း ရှိသည်။

---

- **အင်တာနက်**သည် **နယ်စပ်ဒေသများကို ကျော်လွန်** ဖြန့်ကြက်လျက်ရှိပြီး နိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ်ဒိုမိန်းတွင်ပါ ၎င်းတို့၏ အချုပ်အခြာအာဏာ တည်မြဲရန် ထပ်ဖန်တလဲလဲ ကြိုးပမ်းသော်ငြား အွန်လိုင်းပေါ်မှ အမုန်းစကားများကို တုံ့ပြန်ခြင်းကဲ့သို့ ရှုပ်ထွေးသော ပြဿနာများကို နိုင်ငံတော်အာဏာပေါ် အမှီပြုခြင်းဖြင့် လွယ်လင့်တကူ ဖြေရှင်း၍ မရပေ။ ဥပမာအားဖြင့် အမုန်းပွားဖွယ် သတင်းစကားများကို တင်ပြနေသူအားလုံးကို ဖော်ထုတ်၍ တရားစွဲဆိုရန်မှာ နိုင်ငံအများစုအတွက် လက်တွေ့မကျလှပေ။

---

- လူနည်းစုအုပ်စုများ၏ ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အဆိုပြုထားသလိုပင် **နိုင်ငံများအနေဖြင့်** အင်တာနက်ကမ်ပိန်းများ အပါအဝင် အမုန်းစကားများကို တိုက်ဖျက်သော ကမ်ပိန်းများကို ကြီးမှူးဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ၊ စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး ငွေကြေးလည်း ထောက်ပံ့နိုင်သည် (HRC ၊ ၂၀၁၅ ခုနှစ်)

---

- **အင်တာနက်ကြားခံလုပ်ငန်းများ**သည် အမှီအခိုကင်းပြီး **"နာမည်ကောင်း"** ရှိလိုကြသည်။ ၎င်းတို့သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် အစိုးရအဖွဲ့အစည်းများထံမှ ဖိအားများကို တုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် ထိုပန်းတိုင်ကို ရောက်ရှိအောင် ကြိုးပမ်းကြသည်။ သို့သော် ဤကိစ္စရပ်များကို ညှိနှိုင်းသော နည်းလမ်းများသည် ကြုံရာကျပန်းဖြစ်နေပြီး ဆက်စပ်လွှမ်းခြုံမှုရှိသော အခြေခံမူများကို စုပေါင်းချမှတ်ဖို့ ဦးတည်နိုင်ခြင်း မရှိပေ။

---

